# အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

[Book.122(1980-1994)

ကူကလန်သို့အသွား

.May Be:

၁၉၈၀

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၈၀ - စိတ်ဆန္ဒ ၆ မျိုးပေါင်း၏

ထာဝရအဆင့် စိတ်ဆန္ဒ

ဤအတောအတွင်း သွေးမျိုးဆက်ကို

အသက်သွင်းလိုက်ပြီးနောက်

အဘိုးအိုယန်လျန်း၏ ခွန်အားက

သိသိသာသာ မြင့်တက်လာခဲ့သည်။

သူ့ထံမှ ပြင်းထန်သော အော်ရာတစ်ခု

ထွက်ပေါ်လာပြီး သူ့ပတ်ဝန်းကျင်ရှိ
နေရာများကိုပင်
တုန်လှုပ်သွားစေခဲ့သည်။

ထို့နောက် မျက်လုံးထဲ၌
ရှုံးသွပ်မှုအပြည့်ဖြင့် အန်နန်ကျင်းကို
မော့ကြည့်ကာ "လာ..."

ဟု ပြောပြီးသည်နှင့် နေရာတွင်ပင်
ပျောက်သွားသည်။

အန်နန်ကျင်း၏ မျက်လုံးများက
အနည်းငယ် ကျဉ်းမြောင်းသွားကာ
မိုးကောင်းကင်ခွဲလုံ ကို ရှေ့သို့
ထိုးလိုက်သည်။

ဘမ်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်
အန့်နန်ကျင်း ဟာ ၁ ကီလိုမီတာနီးပါး

အကွာသို့ လွင့်ထွက်လာသည်။
သူမကိုယ်တိုင် ရပ်တန့်လိုက်သည်နှင့်
နောက်ဖက်
ကီလိုမီတာအနည်းငယ်အကွာမှ
မြေပြင်တစ်ခုလုံး အက်ကွဲသွားသည်။
အက်ကြောင်းများက လျင်မြန်စွာ
ကြီးထွားနေဆဲပင်။

တစ်ချိန်တည်းမှာပင် အဘိုးအိုယန်လျန်း
က နောက်တစ်ကြိမ်

ပျောက်သွားပြန်သည်။ ထိုခဏလေးမှာပဲ ကီလိုမီတာ ရာချီကျယ်သော အာကာသပြင်ဟာ ပြင်းထန်စွာ တုန်လှုပ်သွားခဲ့သည်။

အဘိုးအိုယန်လျန်း၏ အရှိန်ကြောင့် အာကာသပြင်ထဲ လှိုင်းဂယက်များပင် ထလာပါသည်။

အန်နန်ကျင်း ကလည်း နောက်ထပ် ၁

ကီလိုမီတာအကွာထိ လွင့်ပျံသွားသည်။

"မင်း သိပ်မသန်မာခဲ့ဘူးလား"

အဘိုးအိုယန်လျန်း က အန်နန်ကျင်းဆီသို့

ဖြည်းညှင်းစွာ လျှောက်လာခဲ့သည်။

သူ၏ခြေလှမ်းတိုင်းက

အထက်အာကာသပြင်ကို

ပြင်းပြင်းထန်ထန် တုန်လှုပ်စေသည်။

ယန်ယဲ့ က ဝင်လာဖို့ ပြင်နေစဉ်
အန်နန်ကျင်း က ခေါင်းခါပြသည်
"ငါကိုယ်တိုင်လုပ်မယ်"

ထို့နောက် မိုးကောင်းကင်ခွဲလှံ ကို
ဆုပ်ကိုင်ထားရင်း အဘိုးအိုယန်လျန်း
ဆီသို့ စတင်လျှောက်လာရင်း “နင့်ကို
သုံးကြိမ်လောက်နဲ့ မသတ်နိုင်ရင်
ငါ့နာမည်ကို ပြောင်းပြန်ရေးမယ်" ဟူ၍
ပြောခဲ့သည်။

ထိုစကားကြားလိုက်သဖြင့် လူတိုင်း
အံ့အားသင့်သွားကြသည်။

သုံးကြိမ်နဲ့အသေသတ်မလား ။

ဤနေရာမှ လူတိုင်း
အံ့အားသင့်သွားကြသည်။
အဘိုးအိုယန်လျန်းဟာ ယန်ကလန်၏
အရှုးနတ်ဆိုးသွေးမျိုးဆက်ကို

အသက်သွင်းထားပါပြီ။ သို့သော်
အန်နန်ကျင်း က ဂရုမစိုက်ဘဲ တိုက်ခိုက်မှု
သုံးခါဖြင့်
သတ်ပစ်မည်ဟုပြောနေသည်လား။

မရေမတွက်နိုင်သော လူများဟာ
အန်နန်ကျင်း က
တမင်ချဲ့ကားနေသည်ဟု
ယူဆခဲ့ကြသည်။ အကယ်၍ သူတို့ရှေ့မှ
အမျိုးသမီးငယ်သာ

ထာဝရတန်ခိုးရှင်အဆင့် ဖြစ်နေရင်တော့

သချာပေါက်ယုံကြည်ပေမည်။

လက်ရှိတွင်မှု အန်နန်ကျင်း က

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူတစ်ယောက်သာ။

အလယ်စကြာဝဠာ၏

ထိပ်သီးပါရမီရှင်များအပြင်

မူလနတ်ဘုရားအဆင့်များသာ

အဘိုးယန်လျန်း၏လက်ရှိအခြေအနေကို

လှူပ်ရှားမှု
သုံးခုဖြင့်အဆုံးသတ်နိုင်ပါမည်။

"ငါ့ကို လှူပ်ရှားမှုသုံးကြိမ်လောက်နဲ့တင်
သတ်ပစ်မလား" အဘိုးအိုယန်လျန်း
ကအံ့အားသင့်သွားပြီးနောက်
တဟားဟား ရယ်မောလိုက်သည် “ငါ့ကို
သုံးကြိမ်မှာတင် သတ်ပစ်မလား” ဟု
ထပ်ပြောရင်း
ထပ်ပြီးရယ်မောနေလေသည်။

" တကယ့်ကို ရယ်စရာကောင်းလိုက်တာ။

ကလေးမလေး၊ မင်းက

အရမ်းသန်မာတယ်ဆိုတာ

ငါဝန်ခံပါတယ်။ ဒါပေမဲ့ ငါ့ကို

သုံးကြိမ်လောက်နဲ့တင်

သတ်ပစ်မှာလား။မင်းကိုမပြောနဲ့၊

မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူတောင်မှ ဒါမျိုးမပြောဝံ့ဘူး။

မင်းက မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူထက် သန်မာတယ်လို့

ပြောနေတာလား"

အန်နန်ကျင်း က စကားမပြောဘဲ

ရှေ့ကိုခြေတစ်လှမ်းတိုးလိုက်၏။

ဘမ်း...

သူမ၏ခြေထောက်က မြေပြင်ကို

နင်းချလိုက်သည့်အခိုက် အန်နန်ကျင်း

ထံမှ ကြောက်မက်ဖွယ်ရာ
စွမ်းအားလှိုင်းကြီးတစ်ခု
ထွက်ပေါ်လာသည်။

လက်သီးစိတ်ဆန္ဒ...

ပြန်လာအဆင့် လက်သီးစိတ်ဆန္ဒ....

ဤနေရာရှိလူတိုင်း အံ့အားသင့်သွားပြီး
ခေါင်းယမ်းလိုက်ကြသည်။

ပြန်လာအဆင့် လက်သီးစိတ်ဆန္ဒ က
အစွမ်းထက်သည်။ သို့သော်
အဘိုးအိုယန်လျန်း အတွက်တော့
ခြိမ်းခြောက်မှုမဖြစ်နိုင်ပေ။
ပြန်လာအဆင့် လက်သီးစိတ်ဆန္ဒ
ဟုမပြောဘဲ ထာဝရအဆင့်
လက်သီးစိတ်ဆန္ဒ ပင်လျှင်
မှူလနတ်ဘုရားတစ်ပိုင်းအဆင့်အား
ဘာမှမလုပ်နိုင်ပါ။

အဘိုးအိုယန်လျန်းက ပါးစပ်ထောင့်၌ သရော်ပြုံးတစ်ခုပေါ်လာပြီး “ဒါ မင်းရဲ့ဝှက်ဖဲလား”ဟု လှောင်ပြောင်လိုက်သည်။

အန်နန်ကျင်းက စကားတစ်ခွန်းမှ မပြောခဲ့ပေ။ ရှေ့ကို နောက်ထပ် ခြေတစ်လှမ်းတိုးလိုက်ရုံသာ…

ဘမ်း…

သူမထံမှ နောက်ထပ် စိတ်ဆန္ဒတစ်ခု ထွက်ပေါ်လာသည်။

တိုက်ပွဲဝင်စိတ်ဆန္ဒ....

ပြန်လာအဆင့် တိုက်ပွဲဝင်စိတ်ဆန္ဒ...

ပြန်လာအဆင့် စိတ်ဆန္ဒ ၂ ခု ။

ဤအချိန်တွင် မရေတွက်နိုင်သော
လူများ၏ အမူအရာများက အနည်းငယ်
လေးနက်လာသည်။ ပြန်လာအဆင့်
စိတ်ဆန္ဒ ၂ မျိုးပိုင်ဆိုင်ထားသဖြင့်
ပါရမီရှင်များကြားမှ
ပါရမီရှင်ဖြစ်ကြောင်း သိနိုင်လေသည်။
သို့သော်လည်း လူတိုင်း အန်နန်ကျင်းဟာ
အခွင့်အရေးရှိသည်ဟု မထင်ကြပေ။
အကြောင်းမှာ ယန်ယွဲ့ သည်ပင် စိတ်ဆန္ဒ

၂ ခုပိုင်ဆိုင်ထားလို့ပါ။ ထို့အပြင်
တစ်ခုက ထာဝရအဆင့် စိတ်ဆန္ဒ ပင်။
သို့သော် မူလနတ်ဘုရားတစ်ပိုင်းအဆင့်
အား လှူပ်ရှားမှု သုံးခုဖြင့်
မသတ်နိုင်ခဲ့ပေ။

အဘိုးအိုယန်လျန်း က အေးစက်စွာ
ရယ်မောလိုက်သည် "ဒါလား၊
ပြန်လာအဆင့် စိတ်ဆန္ဒ ၂

မျိုးပိုင်ဆိုင်ထားတယ်။ ဒါဟာ ရှားပါတယ်။ မင်းမှာ ပိုရှိသေးလား"

ဘမ်း....

ထိုအချိန်တွင် အန်နန်ကျင်း ထံမှ နောက်ထပ် စိတ်ဆန္ဒ တစ်ခု ထွက်ပေါ်လာသည်။

လုံ့စိတ်ဆန္ဒ....

ပြန်လာအဆင့် လုံ့စိတ်ဆန္ဒ...

ဤအခိုက်အတန့်မှာ လူတိုင်း
သိသိသာသာ စိတ်လှုပ်ရှားသွားခဲ့သည်။

မတူညီသောစိတ်ဆန္ဒ ၃ ခု ပိုင်ဆိုင်ဖို့က
မဖြစ်နိုင်သလောက်ပင် ရှားပါသည်။
အကြောင်းမှာ အလယ်စကြာဝဠာ၌
မတူညီစိတ်ဆန္ဒ ၂ ခု ပိုင်ဆိုင်ထားသူက

မရေမတွက်နိုင်အောင်ပါ။ သို့သော် စိတ်ဆန္ဒ ၃ ခု ပိုင်ဆိုင်ထားသူကတော့ မရှိသလောက်ပင်။ နောက်ဆုံးတွင် မရေမတွက်နိုင်သော ကျင့်ကြံသူများဟာ ဘဝတစ်လျှောက်လုံး စိတ်ဆန္ဒ တစ်ခုတည်းတိုပင် နားမလည်နိုင်ခဲ့ပါ။

ထို့အပြင် စိတ်ဆန္ဒတစ်ခုက နားလည်သဘောပေါက်လျှင်ပင် အဆင့်မြှင့်တင်ဖို့ကျ

လုံးဝကိုခက်ခဲလှသည်။ မတူညီသော

စိတ်ဆန္ဒ ၂ ခုဆိုရင်တော့

ပို၍ခဲယဉ်းပေသည်။

လူတစ်ယောက်တည်းက မတူဘီသော

စိတ်ဆန္ဒ ၃ ခု ပိုင်ဆိုင်သည်လား။

သာမန်လူများ၏

အတွေးအမြင်များထက်ပင်

ကျော်လွန်နေသည်ဟုပြောရပါမည်။

သို့သော် လက်ရှိအချိန်တွင်

အန်နန်ကျင်းက ပြန်လာအဆင့် စိတ်ဆန္ဒ

၃ ခုပင် ပိုင်ဆိုင်ထား၏။

အဘိုးအိုယန်လျန်း၏ မျက်နှာပေါ်မှ

အပြုံးဟာ ချက်ချင်းဆိုသလို

တောင့်တင်းသွားခဲ့သည်။

သို့သော် ထိုမျှနှင့်

အဆုံးမဟုတ်သေးပုံပါ။

အန်နန်ကျင်း ထံမှ နောက်ထပ် စိတ်ဆန္ဒ လှိုင်းတစ်ခု ထွက်ပေါ်လာသည်။

လက်ဝါး စိတ်ဆန္ဒ ။

ပြန်လာခြင်းအဆင့် လက်ဝါးစိတ်ဆန္ဒ ။

ဤအခိုက်အတန့်တွင် လူတိုင်း ထပ်မံ အံ့အားသင့်သွားကြသည်။

သို့သော်လည်း အုံ့သြနေလို့မှမဆုံးသေး

အန်နန်ကျင်း ထံမှ နောက်ထပ် စိတ်ဆန္ဒ

နှစ်ခု ရုတ်တရက်

ထွက်ပေါ်လာပြန်သည်။

အရှိန်စိတ်ဆန္ဒ ။

ခွန်အားစိတ်ဆန္ဒ ။

ထို့အပြင် နှစ်ခုစလုံးက
ပြန်လာခြင်းအဆင့် မှာရှိနေခဲ့သည်။
ပြန်လာအဆင့် စိတ်ဆန္ဒ ၆ မျိုး ။

ဤအချိန်တွင် လူတိုင်း
အံ့သြသွားရုံသာမကဘဲ
ထိတ်လန့်သွားကြသည်။
အဘိုးအိုယန်လျန်း ကတော့ သူ့အပြုံးဟာ
လုံးဝကို တောင့်တင်းသွားသည်။

သူ့မျက်လုံးထဲ၌ မယုံနိုင်စရာများ
ပြည့်နေခဲ့သည်။

စိတ်ဆန္ဒ ၆ မျိုး ။

ပြန်လာအဆင့်စိတ်ဆန္ဒ (၆) မျိုး ။

မတူညီသောစိတ်ဆန္ဒ ၃ မျိုးဟာ
ပါရမီရှင်များကြားက
ပါရမီရှင်ဟုဆိုရသော်လည်း စိတ်ဆန္ဒ ၆

မျိုး နားလည်ထားသူကျ
စကားလုံးဖြင့်ပင် ဖော်ပြလို့မရတော့ပေ။

တစ်နည်းအားဖြင့် အန်နန်ကျင်းဟာ
အလယ်စကြာဝဠာ၏ ထိပ်ဆုံးအဆင့်
ပါရမီရှင် ဟုဆိုနိုင်ပါသည်။ လုံးဝကို
ကြီးကျယ်ခမ်းနားသော
ပါရမီရှင်တစ်ယောက်ပါ။

လက်ရှိအချိန်တွင်တော့

အလယ်စကြာဝဠာ၏

ထိပ်သီးပါရမီရှင်များစာရင်း၌

နောက်ထပ် တစ်ယောက်ကို

ထည့်သွင်းရပေတော့မည်။

သို့သော် ထိုမျှက အဆုံးမဟုတ်သေးပါ။

အန်နန်ကျင်း၏ ပတ်ပတ်လည်ရှိ

စိတ်ဆန္ဒ ၆ မျိုးဟာ တစ်ခုတည်းအဖြစ်

ပေါင်းစပ်သွားသည်။ အဆုံးတွင်
စိတ်ဆန္ဒ ၆ မျိုးပေါင်းစပ်လိုက်သည်နှင့်
အမျိုးအမည်မသိနိုင်သော စိတ်ဆန္ဒ
တစ်ခု ထွက်ပေါ်လာသည်။

မတူညီသောစိတ်ဆန္ဒ ၆ မျိုးအား
ပေါင်းစပ်ခြင်း ။

ဒီအချိန်မှာတော့ လူတိုင်း
စကားပင်မပြောနိုင်တော့သည်အထိ

အုံ့အားသင့်သွားကြပါပြီ။ မတူညီသော

စိတ်ဆန္ဒဟာ

ပေါင်းစည်းရခက်ခဲလှသည်။

အဆင့်မြှင့်တင်တာထက်ကို

ပိုပြီးခက်ခဲပါသည်။

စိတ်ဆန္ဒတစ်ခုစီတိုင်းဟာ ထူးခြားသဖြင့်

မတူဘဲသောစိတ်ဆန္ဒ ၂ ခုအား

ပေါင်းစပ်ဖို့ မည်မျှခက်ခဲနိုင်သနည်း။

မတူညီသောစိတ်ဆန္ဒ ၆ မျိုးကို
နားလည်ထားသည်က ရှားပါသည်။
ထို့အပြင် အားလုံးကို
စိတ်ဆန္ဒတစ်ခုတည်း
ပေါင်းစပ်လိုက်ခြင်းဟာ
ပို၍ပင်ခက်ခဲလှသည်။

လက်ရှိတွင်တော့ အန်နန်ကျင်းဟာ
မတူညီသောစိတ်ဆန္ဒ ၆ မျိုးအား
တစ်ခုတည်းပေါင်းစပ်လိုက်ပေပြီ။

ထိုအချိန်တွင် အန်နန်ကျင်းက ယန်ယဲ့ဖက်ကို ရုတ်တရက်လှည့်ကြည့်ကာ "ငါ နင့်ကို လေ့ကျင့်လို့ မပြီးသေးဘူးလို့ ပြောခဲ့တာ မှတ်မိလား"

ယန်ယဲ့ က ခေါင်းညိတ်ပြီး “ငါသိတယ်။ ဘာလို့လဲ၊

မင်းအောင်မြင်သွားပြီလား"ဟုမေးလိုက်သည်။

အန်နန်ကျင်း က အနည်းငယ်
ခေါင်းညိတ်ပြသည် “ငါရသွားပြီ”

စကားပြောရင်း နောက်ထပ်
ခြေတစ်လှမ်း တိုးလိုက်သည်။

ဘမ်း...

အန်နန်ကျင်း ထံမှ ထွက်လာသည့်
စိတ်ဆန္ဒဖိအားဟာ ရုတ်တရက်
လျှင်မြန်စွာ မြင့်တက်လာပြီး ပိုမို
အားကောင်းလာပါတော့သည်။

ခွပ်...

ထို့နောက်တွင် အန်နန်ကျင်း၏
ပတ်ပတ်လည်ရှိ အာကာသပြင်ဟာ
ကွဲအက်သွားသည် ။

ဤအခိုက်အတန့်တွင် ဤနေရာမှ
လူတိုင်း၏ မျက်လုံးများက
ပြူးကျယ်နေခဲ့သည်။ ယန်ယဲ့ ပင်
ခြွင်းချက်မဟုတ်ပါ။

ထာဝရအဆင့် စိတ်ဆန္ဒ ။

အန်နန်ကျင်း ထံမှ

နောက်ဆုံးထွက်ပေါ်လာသော

စိတ်ဆန္ဒတစ်ခုပေါင်းထားခြင်းဟာ

ထာဝရအဆင့် စိတ်ဆန္ဒ ဖြစ်နေခဲ့သည်။

ကောင်းကင်အထက်တစ်နေရာ ။

အဘိုးအိုယန်ဂု က အန်နန်ကျင်း ကို

အချိန်အတော်ကြာ စိုက်ကြည့်ရင်း

"သူမရဲ့ သဘာဝစွမ်းရည်က
ယန်လျန်ရှမ်း ထက်တောင် မနိမ့်နိုင်ဘူး"
ဟု ပြောလိုက်ပါသည်။

အဘိုးအိုယန်ခန်း ကလည်း
ခေါင်းညိတ်သည် "တကယ်ပါပဲ"

ထိုအချိန်တွင် အဘိုးအိုယန်လျန်း၏
မျက်နှာ က သိသိသာသာပင်
မျက်နှာပျက်နေခဲ့သည်။ လက်ရှိတွင်

သူဟာ အလယ်စကြာဝဠာ၏

ထူးခြားသော ပါရမီရှင်တစ်ယောက်နှင့်

ရင်ဆိုင်နေရသည်ကို သိလိုက်သည်။

ထို့အပြင် ကျင့်ကြံခြင်းလောက၌

အမြင်အာရုံဖြင့် အကဲဖြတ်၍မရသော

လူအမျိုးအစားတစ်ခုရှိခဲ့သည်။

လက်ရှိအန်နန်ကျင်း က

ထိုကဲ့သို့လူတစ်ယောက်ပါ။

အန်နန်ကျင်း က ခြေဖျားကို
မြေပေါ်အသာထောက်ခုန်ပြီး
မြှားတစ်စင်းအလား ရှေ့သို့
ပြေးထွက်လာသည်။

ခွပ်...

သူမ ဖြတ်သွားရာ
အာကာသပြင်တစ်လျှောက်က ချက်ချင်း
ကွဲထွက်သွားသည်။ တစ်ဆက်တည်း

သူမ ထံမှ ထွက်ပေါ်နေသော

ထာဝရအဆင့် စိတ်ဆန္ဒဖိအားဟာ

အဘိုးအိုယန်လျန်းကို နောက်သို့

အကြိမ်ကြိမ် တွန်းပို့ခဲ့သည်။

ဒီအချိန်မှာ အဘိုးအိုယန်လျန်း၏

ခန္ဓာကိုယ်ထဲမှ

သွေးနီရောင်အလင်းတန်းများ

ပို၍ပင်ထွက်လာသည်။

သူ့မျက်လုံးထဲ၌လည်း

ရက်စက်ကြမ်းကြုတ်မှုအပြည့်ဖြစ်နေခဲ့သည်။ ခဏအကြာတွင် သူ၏ညာခြေကို ဆောင့်ချလိုက်ပြီး သွေးလျှပ်စီးကြောင်းအဖြစ် ပြောင်းလဲသွားသည်။

ဘမ်း....

ကျယ်လောင်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာသဖြင့် အာကာသပြင်ဟာ

ရုတ်တရက် ပြင်းထန်စွာ
တုန်ခါသွားခဲ့သည်။ ထို့နောက်
ပုံရိပ်တစ်ခုပေါ် လွင့်ပျံလာသည်။

ဒါက နတ်ဗိုလ်ချုပ် ယန်လျန်း လား ။

လူတိုင်း အံ့သြတုန်လှုပ်သွားကြသည်။

ထိုအချိန်တွင် အန်နန်ကျင်း က
မိုးကောင်းကင်ခွဲလုံ ကို မြှောက်၍

အဘိုးအိုယန်လျန်း ဆီကို

ပစ်ထိုးထိုးလိုက်လေသည်။

မိုးကောင်းကင်ခွဲလုံ က

အာကာသပြင်အနှံ့

တလက်လက်တောက်ပနေသော

ရွှေရောင်အလင်းတန်းနှင့် တူပါသည်။

ဆူး…

လှံ့က

အဘိုးအိုယန်လျန်း၏ညာဖက်ပခုံးကို

တည့်တည့်ထိုးဝင်သွားပြီးနောက်

ပြင်းထန်သောရိုက်ခတ်အားကြောင့်

လူတစ်ကိုယ်လုံး လွင့်ပျံထွက်သွားသည်။

မိုးကောင်းကင်ခွဲလှံ့က မြို့ရိုးဆီ

တည့်တည့်ပြေးဝင်သွားသည်။

နောက်ဆုံးတွင်

အဘိုးအိုယန်လျန်း၏ပုံရိပ်က

မြို့နံရံနှင့်ကပ်ရိုက်လျက်သား
ဖြစ်သွားလေတော့သည်။

ထိုအချိန်တွင် အန်နန်ကျင်းက ညာခြေကို
အသာပုတ်၍ လျှပ်စီးလက်သကဲ့သို့
ရှေ့ကိုပြေးထွက်လာသည်။ သို့သော်
မြို့ရိုးအနား ကပ်လာသည်နှင့်
အစိမ်းရောင်မြှားတစ်စင်းက
အန်နန်ကျင်း ဆီသို့
တည့်တည့်ပျံသန်းလာသည်။

အန်နန်ကျင်း၏

မျက်လုံးများကအနည်းငယ်

ကျဉ်းမြောင်းသွားသည်။ သို့သော်

မနှေးကွေးဘဲ သူမ၏လက်သီးကို ရှေ့သို့

လှမ်းထိုးလိုက်သည် ။

ဖောင်း...

အစိမ်းရောင်မြှားက

အပိုင်းပိုင်းကွဲသွားသည်။ သို့သော်

နောက်ထပ် အစိမ်းရောင်မြှားတစ်စင်း

ပေါ်လာသည်။ ထို့အပြင် ၎င်းနောက်မှ

အစိမ်းရောင်မြှား ၈

ချောင်းတိတိကပ်ပါလာသည်။

တစ်ချိန်တည်းတွင် အစိမ်းရောင်မြှား ၉

ချောင်း ။

အစိမ်းရောင်နုတ်လျှပ်စီးကြောင်း ၉ ခု

အလားထင်ရသည်။

ထာဝရတန်ခိုးရှင် ၉ ပါး၏

ပေါင်းစပ်ခွန်အားကို

သယ်ဆောင်ပေးသော မြှား ၉ စင်း။

ထိုတိုက်ခိုက်မှု၏ စွမ်းအားက

အဘိုးအိုယန်လျန်း ထက်ပင်

ကျော်လွန်သွားခဲ့သည်။

အန်နန်ကျင်း၏ အမူအရာကတော့
မပြောင်းလဲပါ။ လက်သီးကို ရှေ့သို့
လှမ်းထိုးလိုက်ရုံသာ။

ဖောင်း...

မြှား ၉ စင်းလုံး ကွဲကြေထွက်သွားသည်။

ထိုအချိန်မှာပဲ

အနက်ရောင်လုံတစ်ချောင်းက

အန်နန်ကျင်း ရှေ့ကို ရောက်လာပါသည်။

အန်နန်ကျင်း၏ မျက်လုံးထဲမှ

အေးစက်စက်အလင်းရောင်များ

ပေါ်လာသည်။ ထို့နောက် သူမ၏

ခန္ဓာကိုယ်ကို တစ်ဖက်သို့ အနည်းငယ်

ရွှေ့ကာ ညာလက်ကို ရှေ့သို့

ဆန့်လိုက်သည်။ ထိုအချိန်တွင်

ပြင်းထန်သော ဖိအားတစ်ခုက
အန်နန်ကျင်း ကို နောက်သို့ ဆက်တိုက်
တွန်းထုတ်ခဲ့သည်။

သို့သော် အန်နန်ကျင်း က ၃
မီတာအကွာမှာရပ်တန့်လိုက်ပြီး
နေရာမှာပင် တစ်ပါလှည့်ကာ
မိုးကောင်းကင်ခွဲလုံကို အဝေးသို့
ပစ်လွှတ်လိုက်သည်။

May Be:

၁၉၈၁

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၈၁ - နတ်စစ်သူကြီး

ရောက်လာခြင်း

ထိုလုံကို ပစ်လွှတ်လိုက်ပြီးနောက်

အန်နန်ကျင်းက ရှေ့သို့ ခုန်တက်ကာ

အဘိုးအိုယန်လျန်း ဆီသို့

ဦးတည်သွားလေသည်။

သို့သော်လည်း ထိုခဏလေးမှာပဲ

ရွှေရောင်ချပ်ဝတ်တန်ဆာဝတ် လူ ၉

ယောက်ပေါ်လာပြီး

ပိတ်ရပ်ထားကြသည်။

တစ်ချိန်တည်းတွင် လုံ ၉ ချောင်းက

ရှေ့သို့ တညီတညွတ်တည်း

ထိုးလိုက်လေသည်။

ဘုန်း...

ထာဝရတန်ခိုးရှင် ၉ ပါး၏

ပူးပေါင်းအားက အန်နန်ကျင်းကို နောက်

၃ ကီလိုမီတာအထိ

ပြန်ဆုတ်သွားစေသည်။ ထိုအချိန်တွင်

ထာဝရတန်ခိုးရှင် ၉ ပါးက

ထပ်မံတိုက်ခိုက်ရန်ပြင်လိုက်သည်။

သို့သော် ဓားအူသံ ရုတ်တရက်

ထွက်ပေါ်လာပြီးနောက်

ဓားအလင်းတန်းတစ်ခုလင်းလက်လာပြီး

ထာဝရတန်ခိုးရှင် ၉ ပါးဆီကို

ဆင်းသက်လာခဲ့သည်။

ဘုန်း...

အလင်းတန်းများ မြေပြင်သို့

ဆင်းသက်လာသည်နှင့် တပြိုင်နက်

သွေးနီရောင် အလင်းတန်းတစ်ခုအဖြစ်

ချက်ချင်း ပြောင်းလဲသွားသည်။

ထို့နောက် ပြင်းထန်သော

သတ်ဖြတ်ခြင်းစိတ်ဆန္ဒဖိအားလှိုင်းက

ထာဝရတန်ခိုးရှင် ၉ ပါးစလုံးကို မီတာ

၃၀၀ အကွာသို့ ရိုက်ချလိုက်သည်။

ထိုအချိန်တွင် အန်နန်ကျင်း က ယန်ယဲ့၏

နံဘေးသို့ လျှောက်လာရင်း လက်ကို

ဝှေ့ယမ်းလိုက်သည်။

ဂုစ်...

မြို့နံရံထက် စိုက်ဝင်နေသော
မိုးကောင်းကင်ခွဲလုံ့က
ရွှေရောင်အလင်းတန်းအသွင်ဖြင့်
အန်နန်ကျင်း၏လက်ထဲသို့
ပြန်ရောက်လာသည်။

ထို့နောက် သူမက ယန်ယဲ့ ကို

စိုက်ကြည့်ကာ "ငါတို့

ဘာလုပ်ရမလဲ"ဟုမေးလိုက်သည်။

ယန်ယဲ့ က ယန်ကလန်၏

နတ်စစ်သည်တော် ၂၃ ယောက်ကို

တစ်ချက် ကြည့်လိုက်ပြီး

"သတ်ပစ်လိုက်တာပေါ့"ဟုပြန်

ဖြေခဲ့သည်။

သို့သော် ထိုအချိန်တွင် လူတိုင်းက ငြိမ်သက်ခြင်းမြို့တော် ဖက်သို့ မျှော်ကြည့်နေကြသည်။ ယန်ယွဲ့ နှင့် အန်နန်ကျင်း လည်းအလားတူပင်။

လူတိုင်း စောင့်ကြည့်နေစဉ် ငြိမ်သက်ခြင်းမြို့တော်၏ မြို့တံခါးများ ရုတ်တရက် ပွင့်လာသည်။ ထို့နောက် မြို့ထဲမှ သက်လတ်အမျိုးသားတစ်ဦး ထွက်လာခဲ့သည်။

သက်လတ်ပိုင်းအမျိုးသား ကို
မြင်သောအခါ နတ်စစ်သည် ၂၃
ယောက်လုံး  ချက်ချင်း ဒူးထောက်ကာ
“စစ်သူကြီး” ဟု တညီတညွတ်တည်း
အရိုအသေပြုကြသည်။

နတ်စစ်သူကြီး...

နတ်စစ်သည်တော် ၇၂ ပါး၏ တပ်မှူးချုပ် ယန်ချန်း ။

သက်လတ်ပိုင်းအမျိုးသား (ယန်ချန်း) က မူလနတ်ဘုရားအဆင့် ကျင့်ကြံသူ ဖြစ်နေသဖြင့် ယန်ယဲ့၏မျက်နှာပေါ်တွင် လေးနက်သောအမူအရာတစ်ခုပေါ်လာသည်။

နောက်ထပ် မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူ ။

ယန်ချန်း က နတ်စစ်သည်တော် ၂၃

ယောက်ကို တစ်ချက်ကြည့်လိုက်ပြီး

“ထကြတော့”ဟုပြောရင်း အနည်းငယ်

ခေါင်းညိတ်သည်။

နတ်စစ်သည်တော် ၂၃ ယောက်လုံး

ချက်ချင်းထရပ်ပြီး ယန်ချန်း၏ နောက်၌

လေးစားစွာ ရပ်နေလိုက်ကြသည်။

ယန်ချန်း က အန်နန်ကျင်း ကို စိုက်ကြည့်ကာ " မင်းက ငါ့ယန်ကလန်ရဲ့ အဖွဲ့ဝင်ဖြစ်ပုံမပေါ်ဘူး " ဟု ပြောလိုက်သည်။

အန်နန်ကျင်း က “ဒါက ထူးခြားမှု ရှိသလား” ဟု ပြန်မေးသည်။

"ဒါပေါ့ " ယန်ချန်း က

ဆက်ပြောလိုက်သည် "ယန်ယဲ့၊ ယန်ရှု၊

ယန်ယန်၊ နတ်ဗိုလ်ချုပ်ယန်လျန်း နဲ့

ငါ့ရဲ့နတ်စစ်သည်တွေ ဘာပဲလုပ်လုပ်

ဒါဟာ ငါ့ယန်ကလန်ရဲ့ အတွင်းရေးကိစ္စပဲ

။ ဒါပေမဲ့ မင်းက

အပြင်လူတစ်ယောက်ပါ။ ယန်ကလန်က

သူ့ရဲ့အဖွဲ့ဝင်တွေကို ဆက်ဆံသလိုမျိုး

ပြင်ပလူတွေကို

ဆက်ဆံမှာမဟုတ်ဘူး။နားလည်လား"

"သူက ငါ့မိန်းမပဲ" ထိုအချိန်တွင် ယန်ယဲ့

က ရုတ်တရက် ပြောလိုက်သည်

"ဒါဆိုရင် သူမက ယန်ကလန် ရဲ့

အဖွဲ့ဝင်မဟုတ်သေးဘူးလား"

အန်နန်ကျင်း က ယန်ယဲ့ကို

လှည့်ကြည့်ကာ တိတ်ဆိတ်နေ၏။

ယန်ချန်း က ယန်ယဲ့ကို စိုက်ကြည့်ရင်း ခေါင်းညိတ်ပြပြီး "ယန်ကလန်ရဲ့ ချွေးမတွေက မျိုးနွယ်စုဝင်တွေ ဟုတ်ပါတယ်"ဟုပြန်ပြောလိုက်သည်။

သူက ခဏရပ်ပြီး “ဒီမှာပဲ အဆုံးသတ်လိုက်ရအောင်။ ကောင်းပြီ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီအတိုင်းဆက်သွားနေမယ်ဆိုရင် ငါတို့ရဲ့

ယန်ကလန် က ဒီလိုဆုံးရှုံးမှုမျိုးကိုတောင်
ခံနိုင်မှာမဟုတ်ဘူး”ဟု
ဆက်ပြောခဲ့သည်။

မူလနတ်ဘုရားတစ်ပိုင်းအဆင့် ကို
အသာထား၊ ထာဝရတန်ခိုးရှင်များ
ပင်လျှင် ယန်ကလန် အတွက်
အလွန်ရှားပါးပါသည်။

ယန်ယဲ့ နှင့် အန်နန်ကျင်း သာ

ဆက်ပြီးသတ်ဖြတ်နေမည်ဆိုလျှင်

နတ်စစ်သည် ၂၃ ဦးစလုံး ဤနေရာမှာပဲ

အသတ်ခံလိုက်ရပေမည်။ အကုန်လုံး

မသေရင်တောင် အနည်းဆုံး ၉၀

ရာခိုင်းနှုန်းလောက်တော့

သေသွားပါလိမ့်မည်။

ယန်ကလန် လို မဟာကလန်ကြီးတစ်ခုပင် ထာဝရတန်ခိုးရှင် အယောက် ၂၀ ကျော်ကို ဆုံးရှုံးရန် မတတ်နိုင်ပေ။

ယန်ယဲ့ က ခဏမျှ တိတ်ဆိတ်သွားပြီး "ဒါကို ဘယ်လိုအဆုံးသတ်ဖို့ ရည်ရွယ်ထားတာလဲ" ဟု ပြန်ဖြေလိုက်သည်။

ယန်ချန်း က ခဏမျှ တိတ်ဆိတ်သွားပြီး ညာလက်ကို မြှောက်ကာ လက်ဝါးကို ရှေ့သို့ ပုတ်လိုက်သည်။

ဖောင်း....

မြို့ရိုးထက်၌ ချိတ်ဆွဲထားသော ယန်ယန်နှင့်ယန်ရှူ ၏ဝိညာဉ်ခန္ဓာကိုယ်နှစ်ခုလုံး ကွဲအက်ကာ ချေမှုန်းခံလိုက်ရသည်။

ထို့နောက် ယန်ချန်း က ယန်ယွဲ့ကို
ကြည့်ကာ
"ဒါဆိုလုံလောက်ပြီလား"ဟုမေးလိုက်သ
ည်။

ယန်ယွဲ့က အန်နန်ကျင်း ကို
လှည့်ကြည့်လိုက်၏။ ထိုအချိန်တွင်
အန်နန်ကျင်း က

ဒဏ်ရာပြင်းထန်စွာရနေသော
ယန်လျန်းကို
ကြည့်လိုက်သည်။

တစ်ချိန်တည်းမှာပဲ ယန်ချန်း က
ခေါင်းခါလိုက်သည်  "သူဟာ
ငါ့လုပ်ပိုင်ခွင့်အာဏာရဲ့ ဘောင်ထဲကနေ
ပြီးသွားပြီ။ သူ့ကို သတ်ပိုင်ခွင့် မရှိဘူး။
မင်းသူ့ကိုသတ်ချင်ရင်

ငါမင်းကိုမတားဘူး။ ဒါပေမဲ့
မလုပ်ဖို့တော့ အကြံပြုချင်ပါတယ်”

သူက ခဏရပ်ပြီး “ဘာလို့လဲဆိုတော့
အခုလက်ရှိမှာ မင်းက
အရမ်းအားနည်းနေသေးတယ်” ဟု
ဆက်ပြောလိုက်သည်။

ယန်ယဲ့ က "နောင်မှာ သူ ငါ့ကို

လက်စားချေဖို့ ကြိုးစားမယ်လို့

မင်းထင်လား"ဟုမေးလိုက်၏။

ယန်ချန်း က ခေါင်းညိတ်လိုက်သည်

"သူလုပ်မှာပါ"

ထိုအချက်က လူတိုင်း

သိနေသောအရာတစ်ခုပင်။

အဘိုးအိုယန်လျန်းက ယန်ကလန်၏

တပ်ဖွဲ့ဝင်အင်အား အများအပြားကို

ချုပ်ကိုင်ထားသော

နတ်ဗိုလ်ချုပ်တစ်ဦးပင်မဟုတ်ပါလား။

အကယ်၍ ယန်ယွဲ့ သာ

ဆက်ခံသူဖြစ်လာသည်နှင့် ယန်လျန်း

ရင်ဆိုင်ရမည့်အခြေအနေကို

တွေးကြည့်၍ပင်ရပေသည်။

ထို့ကြောင့် ယန်လျန်း က
မည်သည့်တန်ကြေးဖြင့်မဆို ယန်ယွဲ့အား
သတ်ဖို့ကြိုးစားလာပေမည်။

ယန်ယွဲ့ က ခေါင်းညိတ်လိုက်သည်
“ငါလည်း ဒါကသိပါတယ်"
ဟုပြောပြီးသည်နှင့် နတ်ဓားကို
ဆွဲထုတ်ကာ အဘိုးအိုယန်လျန်း ဆီသို့
ဝှေ့ယမ်းလိုက်သည်။

ဆူး...

ဓားစွမ်းအင်တစ်စင်းက လေထုကို
ဆုတ်ဖြဲ၍ အဘိုးအိုယန်လျန်း ထံ
တည့်တည့်တိုးဝင်သွား၏။
သို့သော်လည်း ယန်လျန်း၏ရှေ့၌
ဆံပင်ဖြူအဘိုးအိုတစ်ဦး
ရုတ်တရက်ပေါ်လာသည်။ ထို့နောက်
သူ၏ညာလက်ကို ဝှေ့ယမ်းလိုက်သည်။

ဖောင်း...

ယန်ယဲ့ ပစ်လွှတ်လိုက်သော

ဓားစွမ်းအင်က ပေါက်ကွဲသွားပြီး

ဖျက်ဆီးခံလိုက်ရလေသည်။

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူ ။

နောက်ထပ် မူလနတ်ဘုရားအဆင့် လား ။

ဆံပင်ဖြူအဘိုးအို က ယန်ယဲ့ ကို အေးစက်စွာ တစ်ချက်ကြည့်လိုက်ပြီး "ငါက ယန်ရှန်း ပါ။ နတ်ဗိုလ်ချုပ် ၇ ပါးထဲက ဒုတိယအဆင့်ပါ။ မင်းက လက်စားချေချင်ရင် နောင်မှာ ငါ့ဆီကိုလာခဲ့ပါ"

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက် ယန်လျန်းကို ဆုပ်ကိုင်လျက် နေရာတွင်ပင် ပျောက်သွားခဲ့သည်။

ဒုတိယမြောက် နတ်ဗိုလ်ချုပ် ယန်ရှန်း ။

ယန်ယဲ့ က ခေါင်းညိတ်ပြီး "ဒါကို မှတ်မိမှာပါ" သူက အန်နန်ကျင်းကို စိုက်ကြည့်ကာ “သွားရအောင်” ဟု ဆက်ပြောလိုက်သည်။

ထို့နောက်တွင် နှစ်ယောက်သား ငြိမ်သက်ခြင်းမြို့တော် ဆီသို့

လျှောက်သွားလိုက်ကြသည်။

သို့သော်လည်း မြို့ထဲကို ဝင်ခါနီး၌

ကောင်းကင်ကို ရုတ်တရက်

မော့ကြည့်လိုက်ပြီး "ငါက ယန်ကလန်ရဲ့

သခင်ငယ်တစ်ယောက်ပါ၊ ဒါကြောင့်

ငါ့မှာ နေစရာရှိသင့်တယ်

မဟုတ်လား"ဟုအော်ပြောလိုက်သည်။

ခဏတာ တိတ်ဆိတ်သွားပြီးနောက်
“ဒါအမှန်ပဲ” ဟူ၍ အပေါ်ဖက်မှ
စကားသံတစ်သံ ထွက်လာသည်။

ယန်ယဲ့ က ခေါင်းညိတ်ပြပြီး
အန်နန်ကျင်း နှင့် လုလီကူး ကို ခေါ်ကာ
မြို့ထဲသို့ ဝင်သွားခဲ့သည်။

ထိုအချိန်တွင် ယန်ချန်း က  အဝေးဆီသို့
စူးစူးစိုက်စိုက်ကြည့်ကာ "သခင်ငယ်၊

မင်းကြည့်လို့ပြီးပြီထင်တယ်"ဟု ပြောလိုက်သည်။

"မရသေးဘူး..." ယန်ကျန်း နှင့် အနက်ရောင် ဝတ်ရုံဝတ်အဘိုးအိုက ယန်ချန်း နှင့် သိပ်မဝေးသော နေရာတွင် ရုတ်တရက် ပေါ်လာသည်။ သူက ပြုံးကာ "အရမ်းကို စိတ်ဝင်စားဖို့ကောင်းတယ်။ မဟုတ်ဘူးလား"

ယန်ချန်း က "အခု သူ

ပြိုင်ပွဲဝင်နေပြီဆိုတော့ ပြိုင်ပွဲက

ပိုပြီးတော့ စိတ်ဝင်စားဖို့ကောင်းမယ်လို့

ငါ ယုံကြည်ပါတယ်။မဟုတ်ဘူးလား"ဟု

ပြန်ပြောလိုက်သည်။

ယန်ကျန်းက ခေါင်းညိတ်လိုက်ပြီး

"ဒါထက်တောင်

ပိုကောင်းတာရှိသေးလား"

ယန်ချန်း က "ယန်ကလန် အတွက်

အရမ်းကောင်းတယ်၊ ဒါပေမဲ့

မင်းတို့အားလုံးအတွက် မကောင်းမှာကို

ငါစိုးရိမ်မိတယ်"ဟုထပ်ပြောပါသည်။

ယန်ကျန်း က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်သည်

“ဆက်ခံသူတိုက်ပွဲက အမြဲတမ်း

ရက်စက်ကြမ်းကြုတ်တယ်။

နတ်စစ်သူကြီးယန်ချန်း၊

နှုတ်ဆက်ပါတယ်" ဟုပြောပြီးသည်နှင့်
အဘိုးအိုနှင့်အတူ နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

ထိုအချိန်တွင် ယန်ရှင်း နှင့်သူ၏
သက်တော်စောင့်အဘိုးအို တို့လည်း
ဖြုတ်လျှောက်လာသည်။ ယန်ရှင်းက
ယန်ချန်းကို လက်သီးဆုပ်ကာ
ထွက်သွားဖို့ပြင်လိုက်၏။ သို့သော်၊
သူ့နောက်မှ "ဂု ယောက်မြောက်ညီငယ်၊

ဒီနေ့ကျမှ

မင်းဘာလို့ဒီလောက်ငြိမ်နေရတာလဲ"ဟူ

သော အသံတစ်သံ

ရုတ်တရက်ထွက်လာသဖြင့်

ရပ်သွားခဲ့သည်။

ယန်ရှင်း က လှည့်ကြည့်လိုက်ရာ

ခေါက်ယက်တောင်ကိုင်ထားသော

အဖြူရောင် ဝတ်လူငယ်လေး သူ့ထံ

လျှောက်လာနေကြောင်း မြင်လိုက်သည်။

ယန်ရူ...

ယန်ကလန်၏ စတုတ္ထမြောက်
သခင်ငယ်။

ယန်ရူ က ယန်ရှင်း ဆီကို
လျှောက်လာရင်းပြုံးပြီး "ငါ့အသိအရ
မင်းက ပစ္စည်းနှစ်ခု ဆုံးရှုံးသွားတာဆိုပဲ။
အဲဒီပစ္စည်းတွေက ငါတို့ရဲ့

ဆယ်ယောက်မြောက်ညီငယ်ရဲ့

လက်ထဲမှာ ရှိနေပုံရတယ်။

မင်းတိုက်ခိုက်တာကိုကြည့်ပြီး

မင်းရဲ့ခွန်အားကိုလေ့လာဖို့

ငါရည်ရွယ်ထားတာ။ ကံမကောင်းစွာပဲ၊

မင်းက ရုတ်တရက်ကြီး ထူးထူးခြားခြား

ငြိမ်နေတယ်။

မင်းသူ့ကိုကြောက်လို့ဖြစ်နိုင်ပါ့မလား"

ယန်ရှင်း က ယန်ရှု ကို အေးစက်စွာ တစ်ချက်ကြည့်လိုက်ပြီး "စတုတ္ထအစ်ကို၊ မင်းက ဓားချင်းယှဉ်ချင်တာလား"

ယန်ရှု က ခေါင်းခါလိုက်ပြီး "ခုနစ်ယောက်မြောက်ညီလေး၊ မင်းကို ရည်ရွယ်ချက်ရှိရှိနဲ့ ပြက်ရယ်ပြုဖို့ ရည်ရွယ်ချက် မရှိပါဘူး။ ငါ ဒီလောက်မပျင်းဘူး။ ငါ မင်းနဲ့ တစ်ခုခု ဆွေးနွေးဖို့ ဒီမှာ ရောက်နေတာ။ ယန်ယဲ့

က အရမ်းသန်မာတဲ့အပြင် သူ့ဘေးမှာ

လှိုဝှက်ဆန်းကြယ်တဲ့

အမျိုးသမီးတစ်ယောက်ပါရှိနေတယ်။

ဒါကို မင်းသဘောပေါက်မှာ

သေချာပါတယ်။ ဟီးဟီး...”

ယန်ရှင်း က စကားပြန်မပြောဘဲ

နှုတ်ဆိတ်နေသည်။

တစ်ချိန်တည်းမှာပဲ ယန်ရှု က "ငါတို့

တခြားနေရာမှာ သွားပြောလို့ရမလား"

ယန်ရှင်းက ခဏမျှ

တိတ်ဆိတ်သွားပြီးနောက်

နောက်ပြန်လှည့်၍ မြို့ထဲဖက်သို့

လျှောက်သွားခဲ့သည်။

ယန်ရှု က ပါးစပ်ထောင့်တွင် အပြုံးတစ်ခု ပေါ်လာပြီးနောက် နေရာတွင်ပင် ပျောက်သွားခဲ့သည်။

ထိုအချိန်တွင် ယန်ချန်း က အဝေးသို့ လှမ်းကြည့်ကာ ထိုနေရာသို့ အေးစက်စွာ ကြည့်လိုက်ပြီးနောက် သူ၏ညာလက်ဖြင့် ဆုပ်ကိုင်လိုက်သည်။

ဘမ်း...

ထိုနေရာရှိ အာကာသပြင်က
တုန်ခါသွားပြီးနောက် ယန်ရှမ်
တို့သုံးယောက်အုပ်စု ထွက်လာခဲ့သည်။

ယန်ချန်း၏ အကြည့်က ယန်ရှမ် ပေါ်သို့
ဆင်းလာပြီး "မင်း သူ့ကို ဘာလို့ ဒီကို
ပြန်ခေါ်လာတာလဲ"ဟုအေးစက်စက်မေး
လိုက်သည်။

ယန်ရှမ် က ပြန်မဖြေဘဲ
တိတ်ဆိတ်နေ၏။

ယန်ချန်း က အတော်ကြာအောင်
အေးစက်စွာ ကြည့်ပြီး "မင်း သူ့ညီမ
မဟုတ်ရင် ငါ မင်းကို အခုချက်ချင်း
သတ်ပစ်မယ်" ဟုပြောပြီး
ချက်ချင်းဆိုသလို ပျောက်သွားသည်။
နတ်စစ်သည်တော် ၂၃ ဦးလည်း
နေရာတွင် ပျောက်ကွယ်သွားခဲ့သည်။

ယန်ရှမ် ကတော့

အချိန်အတော်ကြာသည်ထိ

တိတ်ဆိတ်နေခဲ့၏။ ထို့နောက်မှ ဖျတ်ခနဲ

ပျောက်သွားခဲ့သည်။

"အဲဒီအမျိုးသမီးငယ်က ဘယ်သူလဲ" ဂူရှဲ့

က ရုတ်တရက် ပြောခဲ့သည် "သူမရဲ့

သဘာဝစွမ်းရည်က လုံးဝကို

ထူးထူးခြားခြားပါပဲ။ သူက ယန်ယဲ့ ဖက်မှာရှိနေရင်...”

ချန်းဟု က တိတ်ဆိတ်နေခဲ့သည်။

အန်နန်ကျင်း၏ အင်အားနှင့် အလားအလာသည် အမှန်တကယ် ကြောက်စရာကောင်းလှသည်။ သူတို့တွင်မဟုတ်၊

ယန်ကလန်တစ်ခုလုံးပါ

တုန်လှုပ်သွားကြသည်။

ဤအခိုက်အတန့်တွင် အန်နန်ကျင်း

ဟူသော နာမည်ဟာ

အလယ်စကြာဝဠာတစ်ခုလုံး

ပြန့်နှံ့ခဲ့သည်။

....

ကြယ်စံအိမ် ။

လက်ရှိတွင်တော့ ယန်ယဲ့ သည်

ငြိမ်သက်ခြင်းမြို့တော်၌

ကိုယ်ပိုင်အိမ်တော်တစ်ခုရခဲ့သည်။

သို့သော် သူ့တွင် အစောင့်အကြပ်မရှိပေ။

ယန်ကလန်က သူ့ကို ကာကွယ်ပေးဖို့

အစောင့်အကြပ်များ

စေလွှတ်ခဲ့ခြင်းမရှိပေ။

သူတစ်ယောက်တည်းမဟုတ်ပဲ

အခြားသော သခင်ငယ်များပါ

အတူတူပင်။ခြွင်းချက်နေနှင့်

ယန်ကလန်၏သခင်ငယ်အားလုံးက

ကိုယ်ပိုင် အင်အားများ

ပိုင်ဆိုင်ထားသည်။ သို့မဟုတ်

၎င်းတို့ဖက်သို့ ဆွဲသွင်းထားသော

ကျင့်ကြံသူမြောက်များစွာရှိကြသည်။

သို့သော် ယန်ယဲ့ဟာ

တစ်ယောက်မှမရှိပေ။

အိမ်တော်ထဲ ဝင်လာလာပြီးနောက်

အန်နန်ကျင်းဟာ

အိမ်တော်အထက်လေထဲသို့ခုန်တက်သွား

ပြီး တင်ပျဉ်ခွေထိုင်လိုက်သည်။

လုလီကူး ကတော့ အိမ်တော်အဝင်ဝမှာပဲ

ထိုင်နေခဲ့သည်။

ထိုအချိန်တွင် ယန်ယဲ့ သည်
မူလစေတီထဲကို
ချက်ချင်းဝင်သွားတော့သည်။

ယန်ယဲ့ သည် မူလစေတီထဲကို
ဝင်လာသောအခါ
အံ့အားသင့်သွားသည်။အဘယ်ကြောင့်
ဆိုသော် ပတ်ဝန်းကျင်တစ်ခုလုံး
ပိန်းပိတ်နေသော
မြူခိုးထုကြီးသာဖုံးနေသောကြောင့်ပင်။

အလွန်ထူထပ်ပြီး မျက်စိဖြင့်ပင်
ရှင်းရှင်းလင်းလင်း မြင်နိုင်သည်။

ဝိညာဉ်စွမ်းအင်တွေ ။

အဖြူရောင်အခိုးအငွေ့
(မြူခိုးထုကြီး)ဟာ ဝိညာဉ်စွမ်းအင်ဖြင့်
ဖန်တီးထားသည်။

နှင်းပွင့်လေး လုပ်နေတာလား ။

ထို့နောက် ယန်ယဲ့သည် နေရာတွင်ပင်

ပျောက်ကွယ်သွားသည်။

May Be:

၁၉၈၂

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၈၂ - ကူကလန် သို့အသွား

အချိန်အနည်းငယ်အကြာမှ ယန်ယဲ့ သည်

နှင်းပွင့်လေးကို ရှာတွေ့လိုက်၏။

နှင်းပွင့်လေး၏ ရှေ့မှတော့

ကောင်းကင်ငယ်၏ဝိညာဉ်ခန္ဓာကိုယ်

ရှိနေပါသည်။ ထိုအချိန်တွင်

နှင်းပွင့်လေးက ကောင်းကင်ငယ်ကို

ပွေ့ဖက်ထားရင်း အဆက်မပြတ်

ငိုကြွေးနေသည်။ သူမ၏ မျက်လုံးထဲမှ

တစ်ဆင့် မရေမတွက်နိုင်သော

ဝိညာဉ်စွမ်းအားများ တဟုန်ထိုး ထွက်ပေါ်လာသည်။

ဇီအာ ကတော့ အကူအညီမဲ့နေသောအမူအရာဖြင့်သာ သူတို့အနားတွင် ရပ်နေသည်။

ယန်ယဲ့ သည် နှင်းပွင့်လေး ဆီသို့ လျှောက်သွားလိုက်သည်။ နှင်းပွင့်က ယန်ယဲ့ကို မော့ကြည့်ပြီး

မျက်တောင်ခတ်လိုက်သည်။ခဏအကြာ

တွင် ယန်ယဲ့ ဆီသို့ ပြေးလာပြီး

ခြေသည်းများကို

လည်ပင်း၌ရစ်ပတ်လျက်

ငိုပါတော့သည်။ ထိုခဏလေးမှာပဲ

ယန်ယဲ့ သည်

အဖြူရောင်အခိုးအငွေ့များဖြင့်ဖုံးလွှမ်း

သွားသည်။

ယန်ယဲ့ သည်
ဘာပြောလို့ပြောရမှန်းမသိတော့ပေ။

ယန်ယဲ့ သည် နှင်းပွင့်လေး တဖြည်းဖြည်း
ငြိမ်သက်သွားသည့်အထိ
ဖြေသိမ့်ပေးနေခဲ့သည်။ ထို့နောက်
နှင်းပွင့်ကို သူ့ရင်ခွင်ထဲ၌ ထည့်ထားရင်း
ကောင်းကင်ငယ်ကို
စိုက်ကြည့်လိုက်သည်။ ထိုအချိန်တွင်
ကောင်းကင်ငယ်က သတိလစ်နေခဲ့သည်။

ဤနေရာမှ မူလခရမ်းရောင်စွမ်းအင်
ကြောင့်သာမဟုတ်လျှင်
ကောင်းကင်ငယ်၏မူလဝိညာဉ်ဟာ
လုံးဝပျောက်ကွယ်သွားပေလိမ့်မည် ။

ကံမကောင်းစွာပဲ၊ ကောင်းကင်ငယ်က
ဒဏ်ရာရနေသော မူလဝိညာဉ်တစ်ခုသာ။
မူလခမ်းရောင်စွမ်းအင်က
မူလစိတ်ဝိညာဉ်များအပေါ်

သက်ရောက်သော်လည်းအနည်းငယ်
လောက်သာ။ မဟုတ်လျှင် သူက ရှောင်ချီ
ကို ပြန်နှိုးနိုင်ပါလိမ့်မည်။

ယန်ယဲ့ သည် ခဏမျှ
ငြိမ်သက်နေပြီးနောက် နှင်းပွင့်ကို
ပွေ့ချီထားလျက် ကြယ်စံအိမ်ထဲမှ
ပျောက်ကွယ်သွားခဲ့သည်။

အန်နန်ကျင်း နှင့် လုလီကူး

တို့နှစ်ယောက်လည်း သူ့နောက်ကနေ

လိုက်လာကြသည်။

အချိန်အတော်ကြာပြီးနောက် ယန်ယဲ့

သည် အင်မော်တယ်ဖီးနစ်ခန်းမ သို့

ရောက်လာခဲ့သည်။

ယန်ယဲ့ က ယန်ရှမ်ကို ကြည့်ကာ "မင်း

သူ့ကို ပြန်နိုးထလာအောင်

ကုသနိုင်တဲ့နည်းလမ်းကို

သိတယ်မဟုတ်လား"

ယန်ရှမ် က ခဏမျှ ငြိမ်သက်သွားပြီး

“ဝိညာဉ်ကုသခြင်းသစ်သား” ဟု

ပြန်ဖြေသည်။

"ထာဝရအဆင့်

ဝိညာဉ်ကုသခြင်းသစ်သား။

မူလစိတ်ဝိညာဉ်ကို ကုသပေးနိုင်တယ်။

မူလစိတ်ဝိညာဉ်ကို
အားဖြည့်ပေးနိုင်သလို
သန်မာလာစေနိုင်တယ်"

ယန်ယဲ့က "ဘယ်မှာရှာရမလဲ"
ဟုမေးလိုက်သည်။

"ကူကလန်" ယန်ရှမ် က "သူတို့မှာ
ဝိညာဉ်ကုသခြင်း
သစ်ပင်တစ်ပင်ရှိတယ်။ ဒါဟာ

ငါတောင်မှ ရှိတယ်လို့
သိထားရုံလောက်ပဲ”

ယန်ယဲ့ က စကားမပြောဘဲ
လှည့်ထွက်သွားသည်။

ယန်ရှမ် က "နင်ဘယ်သွားမလို့လဲ"

"ကူကာလန်" ယန်ယဲ့ က
လှည့်ပင်မကြည့်ဘဲ ပြန်ဖြေလိုက်သည်။

ယန်ရှမ် က “ကူကလန် က

ထင်သလောက်

မပျော့ညံ့ပါဘူး။

စိတ်မြန်လက်မြန်မလုပ်နဲ့"

"ငါသူတို့နဲ့ ကျိုးကြောင်းပြမယ်" ယန်ယဲ့

သည် နေရာတွင်ပင် ပျောက်သွားသည်။

"သူတို့နဲ့ အကျိုးအကြောင်းပြမှာလား"

ယန်ရှမ် က အနည်းငယ်

အံ့အားသင့်သွားပြီးနောက်

သူမ၏ပုံရိပ်က

ပျောက်ကွယ်သွားခဲ့သည်။

အင်မော်တယ်ဖီးနစ်ခန်းမ အပြင်ဖက် ။

ယန်ရှမ်က ယန်ယွဲ၏ လမ်းကြောင်းကို

ထပ်မံပိတ်ဆို့လိုက်သည်။

ယန်ယဲ့ ကို တည့်တည့်ကြည့်ပြီး “နင်

အရမ်း သန်မာတယ်ဆိုတာ ငါသိပါတယ်။

နင့်ဘေးမှာ အဲဒီအမျိုးသမီးရှိတယ်။

ဒါပေမဲ့ ကူကလန် က

နင်ထင်ထားတာထက် ပိုသန်မာတယ်။

နားလည်လား"

ယန်ယွဲ့ က ခေါင်းညိတ်လိုက်ပြီး

“မျိုးနွယ်စုကြီးတွေအားလုံးက

အင်အားကြီးတယ်။ငါနားလည်ပါတယ်"

ယန်ရှမ် က "နင်သွားချင်သေးတာလားဉ

နားမလည်ဘူးလား"

ယန်ယွဲ့ က ယန်ရှမ်ကို

တစ်ချက်ကြည့်လိုက်ပြီး "သူတို့ဆီက

မယူပါဘူး၊ ငါက သူတို့ဆီက

နည်းနည်းပါးပါး တောင်းယူလိုက်မယ်"
ဟု ပြန်ပြောသည်။

ယန်ရှမ် က "သူတို့ ငြင်းရင်
ဘယ်လိုလုပ်မလဲ"

ယန်ယွဲ့ က "ဒါဆို ငါခိုးယူမယ်"

ယန်ရှမ် က "နင်ကျရှုံးရင်
ဘယ်လိုလုပ်မလဲ"

ယန်ယွဲ့ က သူမကို တည့်တည့်ကြည့်ပြီး
"ဒါဆို ငါ အတင်းလုယူလိုက်မယ်"

ယန်ရှမ်က မျက်လုံးထောင့်များ
အနည်းငယ် လှုပ်ယမ်းသွားသည် ။
စကား ပြန်မပြောခင်
အချိန်အတော်ကြာအောင် ယန်ယွဲ့ ကို
စိုက်ကြည့်နေသည်  "ကူကလန် မှာ
ပင်မမျိုးနွယ်တစ်ခုပဲ ရှိတာဆိုတော့

သူတို့မှာက အဖွဲ့ဝင်နည်းနည်းပဲရှိတယ်။ ဒါပေမဲ့…”

သူမက ခဏရပ်ပြီး “ယင်ကလန် က မဟာကလန်ကြီး ၈ ခုမှာ အသန်မာဆုံးပဲ။ ပြီးတော့ ငါတို့ယန်ကလန် နဲ့ ဝူကလန် ။ ဒါပေမဲ့ ယင်ကလန် တောင်မှ ကူကလန် ကိုအလျင်စလို မစော်ကားခဲ့ဘူးဆိုတာ မင်းသိလား။ ယင်ကလန် တင်မဟုတ်ဘူး၊

ငါတို့ယန်ကလန် ရဲ့ တပည့်တွေတောင်မှ ကူကလန်ကို ပြဿနာမရှာရဲကြဘူး"

"ဘာဖြစ်လို့လဲ" ယန်ယဲ့က မေးလိုက်သည်။

ယန်ရှမ် က ခေါင်းခါလိုက်ပြီး "အကြောင်းရင်းအမှန်ကို ငါမသိဘူး။ ဒါပေမဲ့ သူတို့ရဲ့တပည့်တွေက အရမ်းသန်မာတယ်”

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။ သူက စကားမပြောတော့ဘဲ ထွက်သွားလိုက်သည်။ ကူကလန် က မည်မျှပင်လျှို့ဝှက်ဆန်းကြယ်သည်ဖြစ်စေ သူ့အနေဖြင့် ကြိုးစားရပေမည်။

ယန်ရှမ် က ယန်ယဲ့ ကို နောက်တစ်ကြိမ်တားရန်ပြင်လိုက်သည်။ သို့သော်လည်း အန်နန်ကျင်းက သူမရှေ့တွင် ရုတ်တရက်

ပေါ်လာသည်။ ထို့နောက် ယန်ရှမ် ကို

အေးစက်စက်စိုက်ကြည့်ကာ

လှည့်ထွက်သွားသည်။

ယန်ရှမ် က

အန်နန်ကျင်း၏နောက်ကျောကို

စိုက်ကြည့်ရင်း

စိတ်ထဲ၌တုန်လှုပ်နေခဲ့သည်။

အချိန်တော်တော်ကြာပြီးနောက်တွင်

ယန်ယဲ့၊ အန်နန်ကျင်း နှင့် လုလီကူး

တို့သုံးယောက် ဟာ

ငြိမ်သက်ခြင်းမြို့တော်မှ

ထွက်လာခဲ့ကြသည်။ ယန်ယဲ့ သည်

လုလီကူး ကို စိုက်ကြည့်ကာ

"ညီအစ်ကိုလု၊ ငါ မင်းကို ကျေးဇူးတင်ဖို့

မကြိုးစားဘူး။ မင်းတစ်ခုခုလိုအပ်ရင်

ငါ့ကိုပြောပါ၊ ဘယ်လောက်ဝေးဝေး

ဘယ်လောက်ပြင်းထန်နေပါစေ

ငါသေချာပေါက် အရောက်လာမယ်"

လုလီကူး က သူ့အား

အကြိမ်ကြိမ်ကူညီသဖြင့် အ

ကြွေးများတင်နေခဲ့သည်။

နောက်ဆုံးတွင် လုလီကူး ဝင်ပါသော

အဖြစ်အပျက်ဟာ

ယန်ကလန်၏ကိုယ်ပိုင်အရေးကိစ္စပင်။

အနည်းငယ်သောအမှားကပင် လုလီကူး

အနေဖြင့် အသတ်ခံရနိုင်လေသည်။

သို့သော် လုလီကူး က

အရောက်လာနေတုန်းပါ။

လုလီကူး က တဟားဟားရယ်ရင်း

“ငါတစ်ယောက်တည်းမို့ ဘာဖြစ်နိုင်မလဲ။

ဒါပေမဲ့ တစ်ဖက်မှာ ယန်ကလန်ရဲ့

ဆက်ခံသူတိုက်ပွဲက

သာမန်ပြိုင်ဆိုင်မှုမဟုတ်လို့

မင်းသတိထားရမယ်”ဟု ပြန်ပြောသည်။

ယန်ယွဲ့ က ခေါင်းညိတ်လိုက်သည်
“ညီအစ်ကိုလု၊ မင်း ငါတို့နဲ့ ကူကလန်ကို
လိုက်လာစရာမလိုပါဘူး။
ငါတို့ကိုယ်တိုင်သွားလိုက်မယ်"

လုလီကူး က "မင်းမေးရင်တောင်
ငါသွားလို့မရဘူး။ အိမ်ပြန်ရမှာမို့လို့။ ငါ
အခု ပြန်လည်မွေးဖွားခြင်းအဆင့် ကို

ရောက်နေပြီဆိုတော့  အရင်တုန်းက မလုပ်နိုင်တဲ့အရာတွေကို လုပ်နိုင်တယ်”ဟု ပြောပါသည်။

ယန်ယဲ့ က "မင်းအကူအညီလိုသေးလား"

လုလီကူး က ခေါင်းခါလိုက်ပြီး "ငါ ကိုယ်တိုင်လုပ်ချင်ပါတယ်။ ကိုယ့်ဘာသာကိုယ်ဂရုစိုက်ပါ"

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး "ဒါဆို နှုတ်ဆက်လိုက်ပါတယ်”

လုလီကူး က လက်သီးဆုပ်လိုက်ပြီး "ကောင်းပြီ။ နှုတ်ဆက်ပါတယ်"

ထိုစကားပြောပြီးသည်နှင့် အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ ကောင်းကင်ယံ၌ ပျောက်ကွယ်သွားသည်။

လုလီကူး ထွက်သွားပြီးနောက်
ခဏအကြာတွင် ယန်ယဲ့ က အန်နန်ကျင်း
ကို လှည့်ကြည့်လိုက်ပြီး
"အတူတူသွားရအောင်"ဟုပြောလိုက်၏။

ထိုခဏလေးမှာပဲ နှစ်ယောက်သား
နေရာမှာပင် ပျောက်သွားကြသည်။

ယန်ယွဲ့ က ခရီးဆက်လာရင်း ရုတ်တရက် မေးလိုက်သည် "မင်းရဲ့ စိတ်ဆန္ဒ ၆ ခုလုံးက ထာဝရအဆင့် မှာ ရှိနေတာလား"

အန်နန်ကျင်းက ခေါင်းကို အနည်းငယ်ခါယမ်းကာ "မဟုတ်ဘူး"ဟုပြန်ဖြေသည်။

ယန်ယွဲ့ က အံ့ဩသွားသည် "ဒါဆို ဘယ်လိုလဲ"

သူမက “လျှို့ဝှက်နည်းစနစ်တစ်ခုပါ။
ဒါဟာ စိတ်ဆန္ဒ ၆
ခုလုံးပေါင်းစပ်ပြီးတာနဲ့ ထာဝရအဆင့်ကို
ယာယီမြှင့်တင်လို့ရတယ်"

အဲဒါကြောင့်ကို...

ယန်ယွဲ့ က ခေါင်းညိတ်လိုက်သည်။
အကယ်၍ အန်နန်ကျင်းသာ

ထာဝရအဆင့် စိတ်ဆန္ဒ ၆ ခုသာ
နားလည်ထားလျှင် အမှန်တကယ်ပင်
ကြောက်မက်စရာကောင်းလှပေလိမ့်မည်
။ နောက်ဆုံးတွင် လက်ရှိအန်နန်ကျင်း
ဟာ ပြန်လည်မွေးဖွားခြင်းအဆင့်
ကျင့်ကြံသူတစ်ယောက်သာဖြစ်နေသေး
၏။ ထို့အပြင် သူမ၏စိတ်ဆန္ဒ ၆
ခုလုံးဟာ ပြန်လာအဆင့်ကို
ရောက်ရှိနေခဲ့သည်။ တကယ်လို့သာ

ထာဝရအဆင့် စိတ်ဆန္ဒ ၆

ခုဖြစ်နေရင်တော့ ကျန်လူအားလုံး

ကျင့်ကြံလိုစိတ်ပင်မရှိတော့မှာမဟုတ်ပေ

။

သို့သော် ပြန်လာအဆင့် စိတ်ဆန္ဒ ၆ ခုက

အလွန်ကြောက်စရာကောင်းနေသေးသ

ည်။ မူလနတ်ဘုရားအဆင့် ကျင့်ကြံသူ

မဟုတ်လျှင် ကျန်အဆင့်

ကျင့်ကြံသူအားလုံးဟာ အန်နန်ကျင်း ကို ယှဉ်နိုင်တော့မည်မဟုတ်ပေ။ မှန်သည်၊ လောက၌ မရေမတွက်နိုင်သော ပါရမီရှင်များ၊ စွမ်းအားရှင်များရှိနေခဲ့သည်။ လူတိုင်း မည်သူမှ အဆင့်တူချင်းပြိုင်ဖက်ကင်းဟု မပြောဝံ့ပါ။

....

နှစ်ယောက်သား

ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီး မှ

ထွက်ခွာလာပြီး အကန့်အသတ်မဲ့

ကြယ်တာရာကောင်းကင်ပြင်အထက်သို့

ရောက်လာကြသည်။

ကူကာလန် ။

သူတို့၏ ဦးတည်ရာက မဟာကာလန်ကြီး

၈ ခုအနက်မှ လျှို့ဝှက်ဆန်းကြယ်သော

ကူကလန် ကိုပါ။ သို့သော်လည်း

ယန်ကလန်၏ နယ်နိမိတ်ထဲမှ

ထွက်လာပြီးနောက် နှစ်ယောက်စလုံး

ရုတ်တရက် ရပ်လိုက်ကြသည်။

ထို့နောက် အကြည့်ချင်းဖလှယ်ပြီး

မျက်နှာပေါ်တွင်

ထူးဆန်းသောအပြုံးတစ်ခုစီ

ပေါ်လာသည်။

"ငါ့ကို ရှာတွေ့သွားပြီလား" ထိုအချိန်တွင်

အသံတစ်သံ ရုတ်တရက်

ထွက်ပေါ်လာပြီးနောက် သိပ်ဝေးလှသော

အာကာသပြင်ထဲမှ

အနက်ရောင်ဝတ်ရုံဝတ်လူတစ်ယောက်

ထွက်လာခဲ့သည်။

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူ ။

ယန်ယဲ့က လက်ဝါးကို လှန်ပြီး

ဓားတစ်ချောင်း ထုတ်ယူလိုက်သည်။

တစ်ချိန်တည်းမှာပင် သူ၏

ဆန်းကြယ်ချီစွမ်းအင်များ

အဆက်မပြတ် တက်လာသည်။

အနက်ရောင်ဝတ်ရုံဝတ်လူက ယန်ယဲ့ နှင့်

အန်နန်ကျင်း တို့ဆီသို့ ဖြည်းညှင်းစွာ

လျှောက်လာရင်း “ငါ ခဏလောက်

စဉ်းစားကြည့်တော့ နှစ်ယောက်စလုံး

အသက်မရှင်နိုင်ဘူးလို့

ဆုံးဖြတ်လိုက်တယ်။ မဟုတ်ရင်

မင်းတို့နှစ်ယောက်သာ

ထာဝရတန်ခိုးရှင်အဆင့်

ရောက်သွားတာနဲ့ ငါတောင်

မယှဉ်နိုင်လောက်ဘူး"

ထိုစကားပြီးသည်နှင့် သူ၏ညာလက်ကို

ရှေ့သို့ဆန့်ကာ ဆုပ်ကိုင်လိုက်သည်။

ဘမ်း…

ထိုခဏလေးမှာပဲ ယန်ယဲ့ နှင့်
အန်နန်ကျင်း၏ ပတ်ပတ်လည်မှ
အာကာသပြင်ဟာ
လျှို့ဝှက်ဆန်းကြယ်သောစွမ်းအင်လှိုင်း
များဖြင့် ဖျက်ဆီးခံလိုက်ရလေသည်။

ထိုအချိန်တွင် ဓားအလင်းတန်းတစ်ခု
လင်းလက်လာကာ ၎င်းနောက်မှ

ရွှေရောင်အလင်းတန်းတစ်ခုပါ

လင်းလက်သွားသည်။

ဘုန်း....

ထိုအတောအတွင်း သူတို့ပတ်ဝန်းကျင်ရှိ

အာကာသပြင်ဟာ ပြိုကျကာ

ပျက်စီးသွားသည်။ ထိုအချိန်တွင်

အနက်ရောင်ဝတ်လူ၏ နောက်ကွယ်၌

အနက်ရောင် အရိပ်တစ်ခု ပေါ်လာပြီး

ဆားတစ်ချောင်းက သူ့လည်ပင်းကို ထိုးသွင်းသွားသည်။

တစ်ချိန်တည်းမှာပင် အနက်ရောင်ဝတ်လူက သူ့ညာဖက်လက်ဝါးကို အနည်းငယ်လိမ်လိုက်သည်။

ဘမ်း...

သူ့လက်မှ စွမ်းအင်လှိုင်းကြီးတစ်ခု ထွက်ပေါ်လာသည်။ ထို့နောက်တွင် ယန်ယဲ့ဟာ ၁၀ ကီလိုမီတာနီးပါးအကွာထိ ရိုက်ထုတ်ခံလိုက်ရသည်။

ထိုအချိန်တွင် အန်နန်ကျင်းက အနက်ရောင်ဝတ်လူ၏ ရှေ့မှ ပေါ်လာသည်။ တစ်ဆက်တည်းပင် မိုးကောင်းကင်ခွဲလှံက အနက်ရောင်ဝတ်လူ၏

ရင်ဘတ်တည့်တည့်ကို
ထိုးချလိုက်သည်။

အန်နန်ကျင်း တိုက်ခိုက်လိုက်သည်နှင့်
အနက်ရောင်ဝတ်လူက သူ့ညာလက်ကို
ရုတ်တရက်ဆန့်ထုတ်ကာ
မိုးကောင်းကင်ခွဲလှံထိပ်ကို
ပုတ်လိုက်သည်။

ဘမ်း...

မိုးကောင်းကင်ခွဲလုံ ကပြင်းထန်စွာ
တုန်ခါသွားပြီးနောက် ၎င်းအပေါ်မှ
စီးဝင်လာသော တန်ပြန်အားကြောင့်
အန်နန်ကျင်း လည်း
နောက်ပြန်ဆုတ်သွားရတော့သည်။

သို့သော် ဓားစွမ်းအင်တစ်စင်းက
အနက်ရောင်ဝတ်လူ၏ နောက်ကျောမှ
ရုတ်တရက်တိုးဝင်လာပြန်သည်။

အနက်ရောင်ဝတ်လူက

ကိုယ်ကိုတစ်ပါလှည့်ကာ

သူ၏လက်သီးကို ရှေ့သို့

ထိုးချလိုက်သည်။

May Be:

၁၉၈၃

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၈၃ - ကြောက်စရာကောင်းလွန်းသော သစ်သားဓား

အုန်း…

ယန်ယဲ့ သည် ၁၀ ကီလိုမီတာနီးပါးအကွာသို့ ထပ်မံလွင့်ထွက်သွားခဲ့သည်။

ထိုအချိန်တွင် အနက်ရောင်ဝတ်လူက

ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်သည်။

ထိုခြေလှမ်းလေးဖြင့် ယန်ယွဲ့ ရှေ့ကို

ချက်ချင်း

ရောက်လာပြီး လက်သီးဖြင့်

ထိုးချလိုက်ပြန်ပါသည်။ သူ၏

လက်သီးချက်က  အလွန်ရိုးရှင်းသည်။

ဆန်းကြယ်ချီစွမ်းအင်

အရိပ်အယောင်ပင်

မတွေ့ရပေ။ပတ်ပတ်လည်ရှိ
အာကာသပြင်ဟာ လုံးဝကို
ငြိမ်သက်နေ၏။ တုန်လှုပ်သံးခြင်း
မရှိပေ။

သို့သော်လည်း ယန်ယဲ့၏အမူအရာသည်
သိသိသာသာ ပြောင်းလဲသွားသည်။
သူက ပေါ့ပေါ့ဆဆ မလုပ်ရဲတော့ပေ။
သူ့ခန္ဓာကိုယ်ထဲမှ ထာဝရအဆင့်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ထွက်လာပြီး

ဓားထဲကို စီးဝင်သွားသည်။ ထို့နောက်

ဓားကိုလက်နှစ်ဖြင့် ဆုပ်ကိုင်လျက်

အောက်သို့ လွှဲပိုင်းချလိုက်သည်။

ဘမ်း....

သို့သော်လည်း ဓားစွမ်းအင်များ

ပြန့်ကျဲသွားသည်နှင့် ယန်ယဲ့ဟာ

နောက်တစ်ကြိမ်လွင့်ထွက်သွားသည်။

အနက်ရောင်ဝတ်လူက နောက်တစ်ကြိမ် တိုက်ခိုက်ရန် ပြင်လိုက်၏။

သို့သော်လည်း

အန်နန်ကျင်းက သူ့နောက်ကွယ်မှ ရုတ်တရက်ပေါ်လာပြီး သူမ၏လှံဖြင့် အလျားလိုက်ထိုးသွင်းလိုက်သည်။

ဘမ်း....

အနက်ရောင်ဝတ်လူ၏ ပတ်ပတ်လည်မှ

အာကာသပြင်ဟာ ချက်ချင်း

ကွဲအက်သွားသည်။ ထို့အပြင်

မီတာရာချီကျယ်သော

အာကာသပြင်သည်ပင်

ကွဲထွက်သွားခဲ့လေသည်။

ထိုအချိန်တွင်ဓားစွမ်းအင်တစ်စင်းက

လျှပ်စီးလက်သကဲ့သို့ အဝေးကနေ

ပျံသန်းလာသည်။ ထိုခဏလေးမှာပဲ

နေရာတစ်ခုလုံးဟာ

တိုက်ခိုက်မှုအားလှိုင်းကို

မခံနိုင်တော့သည့်အလား

လုံးလုံးပြိုကျသွားခဲ့သည်။

ထို့နောက် အနက်ရောင်ဝတ်လူ

ရပ်နေသည့် နေရာနှင့် ပတ်ပတ်လည် ၁၀

ကီလိုမီတာဝန်းကျင်ဟာ

ရောမတွင်းနက်ကြီးအဖြစ်

ပြောင်းလဲသွားပါသည်။

တစ်ချိန်တည်းတွင် တွင်းနက်ကြီးသည်
ရှုတ်တရက်ဆိုသလို တဖြည်းဖြည်း
ကျုံ့ဝင်သွားပြီးနောက် ပေါက်ကွဲသံများ
အဆက်မပြတ် ထွက်ပေါ်လာသည်။

တွင်းနက်ထဲမှ ထွက်ပေါ်လာသည့်
ပေါက်ကွဲသံများကြောင့်

ၵ်ပြင်းပတ်ပတ်လည်ရှိ အာကာသပြင်ဟာ

တဝုန်းဝုန်းတုန်လှုပ်နေခဲ့သည်။

ဘုန်း....

အချိန် ၁၀ မိနစ်ကျော်ကြာပြီးနောက်တွင်

တွင်းနက်ကြီးက

ရုတ်ချည်းပေါက်ကွဲသွားကာ ပုံရိပ်နှစ်ခု

လွင့်ပျံလာသည်။

အခြားမဟုတ်ဘဲ အန်နန်ကျင်း နှင့်

ယန်ယွဲ့ ပါ။

နှစ်ယောက်လုံး မရပ်တန့်နိုင်ခင် ၁၀

ကီလိုမီတာနီးပါး အကွာသို့

လွင့်ပျံသွားကြသည်။

မတ်တပ်ပြန်ရပ်လိုက်သည်နှင့်

နှစ်ယောက်စလုံး ပါးစပ်ထောင့်မှ

သွေးများစီးကျလာသည်။

ထိုအချိန်တွင်

အာကာသတွင်းနက်ကြီးဟာ

တဖြည်းဖြည်းပျောက်ကွယ်လာနေသည်။

သိပ်မကြာလိုက်ပါ၊

လျှို့ဝှက်ဆန်းကြယ်သော

စွမ်းအင်လှိုင်းတစ်ခု

ပျံ့လွင့်လာပြီးနောက်

အာကာသတွင်းနက်ဟာ

လုံးလုံးပျောက်ကွယ်သွားတော့သည်။

တစ်ချိန်တည်းမှာပင်

အနက်ရောင်ဝတ်ရုံအဘိုးအိုက

သူတို့ရှေ့၌ ပေါ်လာခဲ့သည်။

အနက်ရောင်ဝတ်ရုံအဘိုးအို ကို

မြင်လိုက်သောအခါ ယန်ယဲ့ သည်

ချက်ချင်း မျက်နှာပျက်သွားသည်။ သူက

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူ၏

ခွန်အားကိုလျှော့တွက်လိုက်မှန်း

သိလိုက်သည်။

"မဆိုးပါဘူး၊ တကယ်ကိုမဆိုးပါဘူး "

ထိုအချိန်တွင်

အနက်ရောင်ဝတ်ရုံအဘိုးအိုက

“ဒီလိုအစွမ်းထက်တဲ့

အမှောင်တာအိုဥပဒေသ ကို အခုမှ

ပထမဆုံးအကြိမ်မြင်ဖူးတာပဲ။ မင်းရဲ့

အမှောင်တာအိုဥပဒေသ က

ထာဝရအဆင့် ကို

ရောက်နေပြီထင်တယ်။

ကံမကောင်းစွာပဲ၊

ဒါဟာငါ့ကိုသတ်ဖို့မလုံလောက်သေးဘူး"

ယန်ယဲ့ က "မင်းက ယန်ရှန်း

ထင်တယ်"ဟု

ရုတ်တရက်ပြောလိုက်သည်။

အနက်ရောင်ဝတ်ရုံအဘိုးအိုက ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး

“ငါဘယ်သူလဲဆိုတာ

အရေးမကြီးပါဘူး။

မင်းလည်းအဲ့လိုမထင်ဘူးလား"

စကားပြောပြီးနောက်

ရှေ့တစ်လှမ်းတိုးကာ လက်ဝါးကို

မြှောက်လိုက်သည်။ ခဏအကြာတွင်

သူ့လက်ဝါးကို အောက်ကို ဖြည်းညှင်းစွာ

ဖိလိုက်သည်။

လက်ဝါးကို ဖိချလိုက်သည်နှင့်
ယန်ယဲ့တို့နှစ်ယောက်လုံး၏ အပေါ်ဖက်
ကြားကွက်လပ်အလွှာများ ရုတ်တရက်
အထပ်ထပ်ဖြစ်လာပြီး သူတို့အပေါ်ကို
ဖိချလာသည်။ ၎င်းမှ ထွက်ပေါ်နေသည့်
လျှို့ဝှက်ဆန်းကြယ်သောစွမ်းအင်ဟာ
ယန်ယဲ့ နှင့် အန်နန်ကျင်း ကို
လှုပ်မရအောင်ဖိနှိပ်ထားလေသည်။

အန်နန်ကျင်း နှင့် ယန်ယဲ့က
အကြည့်ချင်းဖလှယ်ကာ
နှစ်ယောက်သား ညာခြေကို
တပြိုင်တည်း
ဆောင့်ချလိုက်ကြသည်။ထို့နောက်
အလင်းတန်းနှစ်ခုသဖွယ် ပြောင်းကာ
ကောင်းကင်အထက်ကို
ခုန်တက်သွားတော့သည်။

ဘမ်း...ဘမ်း....

နှစ်ယောက်ပေါင်းတိုက်ခိုက်မှုဟာ

အထပအထပ်ဖြစ်နေသည့်

အာကာသပြင်ကို ဖြိုခွဲလိုက်နိုင်သည်။

သို့သော် သိပ်မကြာလိုက်ဘဲ

နှစ်ယောက်သား ရပ်တန့်သွား၏။

ထိုအခိုက်အတန့်တွင် သူတို့၏

မျက်နှာများက ဖြူဖျော့နေကာ

ပါးစပ်ထောင့်မှလည်း သွေးများ

စီးထွက်နေသည်။

"ပြောစရာမလိုအောင်

နှစ်ယောက်စလုံးက တကယ်ကို

ကြောက်စရာကောင်းတာပဲ"

အနက်ရောင်ဝတ်ရုံအဘိုးအိုက

ရုတ်တရက်ပြောခဲ့သည်

“မင်းတို့နှစ်ယောက်ရဲ့ ပင်ကိုယ်စွမ်းရည်နဲ့

ခွန်အားတွေက

အရမ်းကြောက်ဖို့ကောင်းတယ်။

ဒါ့ကြောင့်

ငါ့ရဲ့ကိုယ်ပိုင်စွမ်းရည်နဲ့ပတ်သက်လို့
တောင် ရှက်ရွံ့မိတယ်။
မင်းတို့အသက်အရွယ်တုန်းက ငါဟာ
အများကြီးနိမ့်ကျတယ်။
ကံမကောင်းစွာပဲ၊ နှစ်ယောက်လုံးက
ငယ်လွန်းတယ်"

စကားပြောနေရင်း ဆက်ပြီးတိုက်ခိုက်ဖို့
ပြင်လိုက်သည်။ သို့သော်လည်း ယန်ယွဲ့
သည် ရှေ့သို့ ခြေတစ်လှမ်းတိုးကာ

ညာဖက်လက်ကို ဆန့်ထုတ်လိုက်ပြီး

"နှင်းပွင့်ရေ၊

မင်းရဲ့ဓားကို ငှားပါ"

အသက်ရှူ ၃ ရှိုက်စာလောက်

ကြာသွားသည့်တိုင် အဖြေပြန်မရပေ။

ယန်ယဲ့ က မျက်တောင်ခတ်ပြီး

“ငါ့ရဲ့ကလေးလေး၊ မင်းရဲ့ဓားကို

ငှားပါ"ဟုထပ်ပြောပါသည်။

နောက်ထပ် အချိန်အနည်းငယ်
ကြာသွားသည့်တိုင်အောင်
အကြောင်းမပြန်သေးပေ။

ယန်ယဲ့၏မျက်နှာသည်
မမြင်နိုင်လောက်အောင် ဖြစ်သွားသည်။
ထို့နောက် သူ့အသိစိတ်ကို ခန္ဓာကိုယ်ထဲ
မြန်မြန်ဆန်ဆန်ပို့လိုက်သည်။ အထဲမှ
နှင်းပွင့်လေး၏ အခြေအနေကို

မြင်လိုက်သောအခါ သူ့အမူအရာက

ပိုလို့တောင် ဆိုးရွားလာခဲ့သည်။

ထိုအချိန်တွင် နှင်းပွင့်လေးက

ကောင်းကင်ငယ်အနီးရှိ မြေပြင်ပေါ်၌

တခေါခေါဟောက်လျက်အိပ်ပျော်နေခဲ့

သည်။ သစ်သားဓားက

သူမ၏တင်ပါးအောက်မှာ ပိနေခဲ့သည်။

ယန်ယဲ့ သည် ထိုမြင်ကွင်းကြောင့်
ဘာဆက်လုပ်ရမှန်းမသိတော့သလိုပင်
ဖြစ်သွားလေသည်။

.....

အနက်ရောင်ဝတ်ရုံအဘိုးအိုက ယန်ယဲ့
ကို အချိန်မပေးခဲ့ပေ။
ယန်ယဲ့၏အသိစိတ်က

သူ့ခန္ဓာကိုယ်ထဲသို့ နစ်မြုပ်သွားပြီး တစ်ချိန်တည်းမှာပင် အဘိုးအိုက အနက်ရောင်အလင်းတန်းသဖွယ်ပြောင်းကာ ယန်ယဲ့ နှင့် အန်နန်ကျင်း ဆီသို့ ခုန်ဝင်လိုက်သည်။

အန်နန်ကျင်း က ယန်ယဲ့ ကို တစ်ချက်လှည့်ကြည့်ပြီးနောက် ညာခြေကိုတစ်ချက်ဆောင့်လိုက်သည်။ ထို့နောက်တွင်

ရွှေရောင်အလင်းတန်းအသွင်ပြောင်းလဲ

ကာ အနက်ရောင်ဝတ်ရုံအဘိုးအို ထံ

တည့်တည့်ပြေးဝင်သွားသည်။

မူလစေတီ ။

ယန်ယဲ့၏ ဝိညာဉ်ကိုယ်ပွားက

နှင်းပွင့်လေးကို ကမန်းကတန်း

နှိုးလိုက်သည်။

နှင်းပွင့်လေးက ချက်ချင်းနိုးလာ၏။

ယန်ယဲ့ သည် စကားပြောရန်ပြင်လိုက်စဉ်

နှင်းပွင့်က သူ့ထံသို့ ရုတ်တရက်

ပြေးတက်လာသည်။ ထို့နောက်

ခြေသည်းလေးများဖြင့်

ယန်ယဲ့၏ လည်ပင်းကို ရစ်ပတ်လျက်

တခူးခူးနှင့်

အိပ်ပျော်သွားလေတော့သည်။

ယန်ယဲ့ သည် ရယ်ရမလား

ငိုရမလားမသိတော့ပေ။ သူက

နှင်းပွင့်လေး၏

တင်ပါးသေးသေးလေးကို အသာပုတ်ပြီး

"ကလေးလေး၊ မြန်မြန်ထဦး။

ပြီးမှပြန်အိပ်တော့။ အခု မင်းရဲ့ဓားကို

ငှားပါ"

နှင်းပွင့်လေးက ယန်ယဲ့၏ ရင်ဘတ်ကို ခေါင်းသေးသေးလေးနှင့် ပွတ်သပ်ရင်း ဆက်ပြီးဟောက်နေလေသည်။

ယန်ယဲ့က ရွေးချယ်စရာမရှိတော့သဖြင့် သစ်သားဓား ကို စိုက်ကြည့်ကာ "မင်းငါ့ကိုသုံးခွင့်ပေးမလား"ဟု ပြောလိုက်သည်။

အောင်း....

ထိုအချိန်တွင် သစ်သားဓားက ဓားအူသံ
နှင့်အတူ ပြင်းထန်စွာ
တုန်ခါသွားပြီးနောက် ယန်ယဲ့
ဆီကိုပျံသန်းလာပါသည်။

ယန်ယဲ့ သည် မျက်ခွံများ
လှုပ်ယမ်းသွားသည်။ သူ့ကိုယ်သူ
ကာကွယ်ရန်ပြင်လိုက်စဉ်တော့
နှင်းပွင့်လေးက

ပြန်နိုးလာ၏။သစ်သားဓားက

ယန်ယဲ့ဆီကို ပျံသန်းနေကြောင်း

မြင်သောအခါ ရှေ့ခုန်ထွက်သွားကာ

၎င်းအား

တင်းတင်းဖက်ထားလိုက်တော့သည်။

နောက်ဆုံးတွင် ယန်ယဲ့ နှင့် ၃

မီတာအကွာမှာ ရပ်သွား၏။

ယန်ယဲ့၏ မျက်နှာက

မည်းမှောင်နေသည်။

"ဒီသောက်ကျိုးနည်းဓား က

ငါ့ကိုတကယ်မကြိုက်ဘူးပဲ"

ယန်ယဲ့ က အချိန်ပိုမဖြုန်းချင်တော့ဘဲ

နှင်းပွင့်လေးကို စိုက်ကြည့်ရင်း "နှင်းပွင့်၊

မင်းရဲ့ဓားကို မြန်မြန်ငှားပါ"ဟု

ပြောလိုက်လေသည်။

သူနှင့် အန်နန်ကျင်းက

အဆင့်တူများကြား သန်မာသော်လည်း

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူ

ကိုတော့ မယှဉ်နိုင်ပေ။ ထို့ကြောင့်

သစ်သားဓား ကို ငှားဖို့ ပြောနေခြင်းပင်။

သို့သော်လည်း ယခုအချိန်အထိ

သစ်သားဓားက နှင်းပွင့်လေး ကိုသာ

အသိအမှတ်ပြုခဲ့သည်။ ၎င်းက

နှင်းပွင့်လေး နှင့်သာ ကစားခဲ့သည်။

အခြားသူများ ထိကိုင်ရန်ကြိုးစားပါက

ချက်ချင်းတိုက်ခိုက်တတ်လေသည်။

နှင်းပွင့်က ယန်ယဲ့၏ စကားကို

ကြားလိုက်သဖြင့် နှင်

မျက်တောင်ခတ်ကာ သစ်သားဓားကို

စိုက်ကြည့်ရင်း

စကားစမြည်ပြောလာသည်။

ခဏအကြာတွင် သစ်သားဓားက

တဖြည်းဖြည်း

ငြိမ်သက်သွားသည်။သို့သော်လည်း

နှင်းပွင့်လေးက ယန်ယဲ့အား

မော့ကြည့်ကာ ခေါင်းယမ်းလိုက်သည်။

သစ်သားဓားက

ငြင်းဆန်လိုက်သောကြောင့် ယန်ယဲ့ဟာ

မျက်နှာပျက်သွားသည်။

ယန်ယဲ့ သည် ခဏမျှ

တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။

ထို့နောက် နေရာမှာတင်

ပျောက်သွားသည်။

အပြင်ကမ္ဘာ ။

ဘုန်း...

ယန်ယဲ့ ပြန်လာသည့်အခိုက်

အန်နန်ကျင်းဟာ

အနက်ရောင်ဝတ်ရုံအဘိုးအို၏

တိုက်ခိုက်မှုကြောင့် လက်များ

ကွဲကြေနေသည်ကို

မြင်လိုက်ရတော့သည်။

ထိုမြင်ကွင်းကို မြင်လိုက်သောအခါ

ယန်ယဲ့၏ မျက်နှာသည်

ရက်စက်ကြမ်းကြုတ်သောအမူအရာများ

ဖုံးလွှမ်းသွားသည်။ ထို့နောက် နတ်ဓားကို ဆွဲထုတ်ပြီး တိုက်ခိုက်ရန်ပြင်လိုက်သည်။ သို့သော် ထိုအချိန်တွင် နှင်းပွင့်လေးက သစ်သားဓားကိုင်ထားလျက်သားဖြင့် သူ့ရှေ့၌ ရုတ်တရက်ပေါ်လာသည်ကို မြင်လိုက်လေသည်။

ယန်ယဲ့ သည် အနည်းငယ် အံ့အားသင့်သွားပြီး

"သဘောတူတယ်တဲ့လား"ဟု မေးလိုက်ပါသည်။

နှင်းပွင့်လေးက သစ်သားဓားကို လက်သည်းလေးများကြား ညှပ်ထားရင်း ခေါင်းယမ်းပြသည်။ ထို့နောက် အနက်ရောင်ဝတ်ရုံအဘိုးအို ကို လှည့်ကြည့်နေသည်။ ခဏအကြာတွင် သူမ၏ ညာဖက်လက်သည်းကို အဘိုးအိုအား ညွှန်ပြလိုက်သည်။

အောင်း…

သစ်သားဓားက

အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ

အနက်ရောင်ဝတ်ရုံအဘိုးအို ဆီသို့

ပစ်လွှတ်လိုက်သည်။ ယန်ယွဲ့ သည်

ထုံမြင်ကွင်းကြောင့်

အလွန်အံ့သြသွားမိသည်။

ဘမ်း....

ပေါက်ကွဲသံ ထွက်ပေါ်လာပြီး အဘိုးအို

သည် မီတာ ၃၀ ကျော်အကွာထိ

တွန်းထုတ်ခံခဲ့ရသည်။ သို့သော်

သစ်သားဓား က နှင်းပွင့်လေး၏

လက်ထဲကို ပြန်ရောက်လာပါသည်။

ယန်ယှဲ သည် အတော်လေး

အံ့အားသင့်နေသဖြင့်

စကားမပြောနိုင်ပေ။

အခြားတစ်ဖက်တွင်မူ အန်နန်ကျင်း

ကတော့ မျက်လုံးထဲ၌

အံ့အားသင့်မှုတစ်ခု ထွက်ပေါ်လာသည်။

ထို့နောက် စူးစမ်းလိုစိတ်အပြည့်နှင့်

သစ်သားဓားကို

တစ်ချက်လှမ်းကြည့်လိုက်သည်။

နှင်းပွင့်လေးက ထိုမျှသန်မာနေဖို့

မဖြစ်နိုင်ပေ။ အဘိုးအိုကို

နောက်ပြန်ဆုတ်သွားစေတာက

သစ်သားဓား ပါ။ သစ်သားဓားက

မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူတစ်ယောက်ကို

အမှန်ပင်ဖိနှိပ်နိုင်သည်။

အဲဒါ ဘာဓားလဲ။

အန်နန်ကျင်း သာမကဘဲ ယန်ယဲ့ ပင်

အတော်လေး တုန်လှုပ်သွားသည် "

အဲဒီဓားက ဘယ်ကလာတာလဲ"

သူ့စိတ်ထဲ၌ သိချင်စိတ်ပြင်းပြနေ၏။

အဘိုးအို နောက်ပြန်လွင့်သွားသောအခါ

နှင်းပွင့်လေး၏

မျက်လုံးသေးသေးလေးများက

စိတ်လှုပ်ရှားမှုများ ချက်ချင်းဆိုသလို

လင်းလက်လာသည်။

သူမ၏လက်သည်းကို မြှောက်ကာ

အလျှင်အမြန် ဝှေ့ယမ်းလေတော့သည်။

သစ်သားဓားက

အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ

ချက်ချင်းပင် ရှေ့သို့

ပစ်လွှတ်လိုက်သည်။ သို့သော်

သစ်သားဓားက စက်ဝိုင်းပုံသဏ္ဍာန်

လှည့်ပတ်ရင်း ရှေ့ပြေးထွက်သွားသဖြင့်

အလွှန်ထူးဆန်းနေပေသည်။

အဆက်မပြတ်လှည့်ပတ်နေသော

အလင်းတန်းတစ်ခုလိုပါ။

အနက်ရောင်ဝတ်ရုံအဘိုးအို နေရာတွင်

ခဏမျှ ငြိမ်သက်စွာ ရပ်နေပြီးနောက်

သူ့လက်ဝါးကို မြှောက်ကာ ရှေ့သို့

ရုတ်တရက်ဆန့်ရင်း

ခြေလှမ်းလိုက်သည်။ ထိုခဏလေးမှာပဲ

သူ့ရှေ့မှ ကြားကွက်လပ်အလွှာဟာ

အထပ်ထပ်စုစည်းလာပါတော့သည်။ထို့
နောက် သိပ်မကြာလိုက်ဘဲ
သစ်သားဓားကို ပိတ်လျှောင်သွားသည်။

ထိုမြင်ကွင်းအား မြင်သောအခါ ယန်ယဲ့
သည် ချက်ချင်းမျက်နှာပျက်သွားပြီး
တိုက်ခိုက်ရန် ပြင်သည်။ သို့သော်လည်း
နှင်းပွင့်လေးက သူမ၏
ညာဖက်ခြေသည်းကို
ရုတ်တရက်မြှောက်လိုက်ပြီး

စက်ဝိုင်းပုံသဏ္ဍာန်များ

မြန်မြန်ဆန်ဆန်ယမ်းလိုက်လေသည်။

ထိုအချိန်တွင် သစ်သားဓားက

ချက်ချင်းဆိုသလိုပင်

လှည့်ပတ်သွားတော့သည်။လှည့်ပတ်လာ

သည်နှင့်

တစ်ချိန်တည်းတွင်ဓားအလင်းတန်းများ

အဆက်မပြတ် ဖြာ

ထွက်လာပြီး ၎င်းပတ်ဝန်းကျင်ရှိ
ကြားကွက်လပ်အလွှာများကို
အပိုင်းပိုင်းဆုတ်ဖြဲပစ်လိုက်သည်။

ယန်ယဲ့ သည် ထိုမြင်ကွင်းကြောင့်
အံ့အားသင့်သွားသည်။

ကြားကွက်လပ်အလွှာကို
ဆုတ်ဖြဲလိုက်ပြီးနောက် နှင်းပွင့်လေး၏
မျက်လုံးသေးသေးလေးများက

စိတ်လှုပ်ရှားသွားကာ

အနက်ရောင်ဝတ်ရုံအဘိုးအိုကို

ထပ်မံညွှန်ပြလိုက်သည်။

ဂုစ်....

အလင်းတန်းတစ်ခုက

လျှပ်စီးလက်သကဲ့သို့ပင် ရှေ့သို့

ပြေးထွက်လာပြီး အဘိုးအို ရှေ့

ချက်ချင်းရောက်လာသည်။

ထိုအချိန်တွင် အဘိုးအိုက

သူ၏ညာလက်သီးကို ဆုပ်လိုက်ပြီး

အလင်းတန်းကိုတည့်တည့်

ထိုးချလိုက်သည်။

ဘုန်း…

အထက် အာကာသပြင်သည် ပြင်းထန်စွာ

တုန်ခါသွားပြီးနောက် သစ်သားဓားက

လွင့်ပျံလာခဲ့သည်။

အနက်ရောင်ဝတ်ရုံအဘိုးအိုကိုယ်တိုင်လ

ည်း မီတာ ၃၀ ကျော်အကွာသို့

ပြန်ဆုတ်သွားရသည်။

နှင်းပွင့်လေးက မျက်တောင်ခတ်ပြီး

အဘိုးအိုကို ထပ်ညွှန်ပြသည်။ သို့သော်

သစ်သားဓားသည် အဘိုးအိုဆီသို့

မပျံသန်းဘဲ နှင်းပွင့် ဆီသို့

ပြန်သွားခဲ့သည်။ ထို့နောက်

အနည်းငယ်တုန်လှုပ်သွားပြီး သူမနှင့် စကားပြောနေပုံရသည်။

သိပ်မကြာလိုက်ပေ၊ နှင်းပွင့်လေးက ယန်ယွဲ့ကို ကြည့်ကာ လက်သည်းများကို စတင်ဝှေ့ယမ်းလိုက်သည်

ခဏအကြာတွင် ယန်ယွဲ့ သည် နှင်းပွင့်လေး ပြောနေသည့်စကားများကို နားလည်လိုက်သည်။ ၎င်းမှာ

သစ်သားဓား က

ဝိညာဉ်စွမ်းအင်မရှိတော့သောကြောင့်

ယန်ယွဲ့ကို ခဏ

တိုက်ခိုက်ရန်ပြောနေခြင်းပါ။

ထိုစကားကို ပြောပြီးသည်နှင့်

သစ်သားဓားကို

လက်နှစ်ဖက်ဖြင့်ကိုင်ကာ

ယန်ယွဲ့၏နောက်သို့ ရောက်လာသည်။

ထို့နောက်

ပါးစပ်သေးသေးလေးကိုဟလျက်

သစ်သားစား ဆီကို

မှုတ်ထုတ်လိုက်သည်။ ထိုခဏလေးမှာပဲ

သူမ၏ပါးစပ်ထဲမှ

နို့နှစ်ရောင်ဝိညာဉ်စွမ်းအင်များ

ထွက်ပေါ်လာပြီး သစ်သားစား ထဲကို

ချက်ချင်း စီးဝင်သွားသည်။

ယန်ယဲ့ သည် ထိုမြင်ကွင်းကြောင့်

အံ့အားသင့်သွားသည်။

May Be:

၁၉၈၄

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၈၄ -

လျှို့ဝှက်ဆန်းကြယ်သောလူ

"ဒါဆို အဲဒီဓားပဲ"

အနက်ရောင်ဝတ်ရုံအဘိုးအို က ဆတ်ခနဲ

ပြောလိုက်သည် " ငါ တကယ်
အံ့သြမိပါတယ်။ မင်းလက်ထဲရောက်ဖို့
ငါမမျှော်လင့်ထားဘူး"

ယန်ယဲ့ က အဘိုးအိုကို စိုက်ကြည့်ရင်း
“ဒါက ဘာလဲဆိုတာ သိလား”

အဘိုးအိုက “မင်း မသိဘူးလား” ဟု
ပြန်မေးသည်။

ယန်ယွဲ့ က ခေါင်းခါလိုက်သည်

"ငါမသိသေးဘူး"

အဘိုးအိုက ခေါင်းညိတ်ပြီး

“အရေးမကြီးပါဘူး။

မင်းလက်ထဲမှာရှိတာဆိုတော့

မင်းနည်းနည်းလေး သန်မာလာတာနဲ့

ငါတောင် မင်းနဲ့လိုက်ဖက်မှာမဟုတ်ဘူး။

ဒါဆို မင်း အခု သေသင့်တယ်"

ထိုစကားပြောပြီးသည်နှင့်

သူ့ညာဖက်ခြေဖဝါးကို

အောက်မြေပြင်အား အသာပုတ်ပြီး

အနက်ရောင်အလင်းတန်းတစ်ခုအလား

ရှေ့သို့ခုန်ထွက်လာသည်။ အဘိုးအို

၏ပုံရိပ်ဖြတ်သွားရာ

အာကာသပြင်တစ်လျှောက်ဟာ

တဝုန်းဝုန်းပြိုကျကာ

ပျောက်ကွယ်သွားသည် ။

ထိုအချိန်တွင် အန်နန်ကျင်းက

ယန်ယဲ့၏ဘေးနား၌ပေါ်လာသည်။

နှစ်ယောက်စလုံး ခဏမျှ

ငြိမ်သက်သွားသည်။ ထို့နောက်

ယန်ယဲ့ဟာ

အလင်းတန်းတစ်ခုသဖွယ်ပြောင်းလဲကာ

နေရာမှာပင် ပျောက်သွား၏။

ပြန်လည်မွေးဖွားခြင်း၏ဓား ။

ထိုအတောအတွင်း အန်နန်ကျင်း

ကလည်း မိုးကောင်းကင်ခွဲလှံ ကို

တင်းတင်းဆုပ်ကိုင်လိုက်ပြီး အဘိုးအိုထံ

လျှပ်တစ်ပြက်

ပစ်ထိုးထိုးလိုက်သည်။

မိုးကောင်းကင်ခွဲလှံ ဟာ

အာကာသပြင်ကို ဆုတ်ဖြဲကာ ရှေ့ကို

ပျံသန်းသွားသည်။ သို့သော်

အန်နန်ကျင်းက လှံနောက်ကွယ်မှ

ရုတ်တရက်ပေါ်လာပြီး

ခြေထောက်ကိုမြှောက်ကာ

ကန်ထုတ်လိုက်သည်။

ဆူး...

မိုးကောင်းကင်ခွဲလုံ က

အရှိန်ပြင်းပြင်းပြေးထွက်သွားသည်။

၎င်းက ယန်ယဲ့ကိုပင်ကျော်တက်သွားကာ

အနက်ရောင်အလင်းတန်းကို

ထိမှန်သွားသည်။

အုန်း

ထိပ်တိုက်အတွေ့မှာပင်

ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာသည်။

မိုးကောင်းကင်ခွဲလို့ ဟာ

အနက်ရောင်အလင်းတန်းမှ

တန်ပြန်အားလှိုင်းကြောင့်

နောက်ပြန်လွင့်စင်လာသည်။ သို့သော် တစ်ချိန်တည်းမှာပဲ ယန်ယွဲ့ အသွင်ပြောင်းထားသည့် အလင်းတန်းဟာ အနက်ရောင် အလင်းတန်းရှေ့ကို ရောက်လာတယ်။

ဘုန်း...

နောက်ထပ် ပေါက်ကွဲသံကြီးတစ်ချက်ပွဲတင်ထပ်လာသည်။ တစ်ချိန်တည်းမှာပဲ

သူတို့ပတ်ဝန်းကျင်မှ အဆုံးအစမဲ့

ကြယ်တာရာကောင်းကင်ပြင်ကြီးပါ

ပြင်းပြင်းထန်ထန် လှုပ်ခါသွားသည်။

ထိုအချိန်တွင် အန်နန်ကျင်း က

မိုးကောင်းကင်ခွဲလုံ ကို

နောက်တစ်ကြိမ်ပစ်လွှတ်လိုက်ပြန်သည်။

ထိုခဏလေးမှာပဲ မရေမတွက်နိုင်သော

ရွှေရောင်အလင်းတန်းများနှင့်

ဓားစွမ်းအင်များ လင်းလက်လာသည်။

ဘမ်း...ဘမ်း...ဘမ်း...ဘမ်း...

ပေါက်ကွဲသံများ အဆက်မပြတ်

မြည်ဟီးလာပြီးနောက်

ဤနေရာတစ်ခုလုံး ပြိုကျလုနီးနီး

ဖြစ်နေသကဲ့သို့ ပြင်းထန်စွာ
တုန်လှုပ်သွားတော့သည်။

ထိုအတောအတွင်း နှင်းပွင့်လေးက
သစ်သားဓားထဲသို့ ဝိညာဉ်စွမ်းအင်များ
ပို့လွှတ်ပေးနေရင်းက ရုတ်တရက်
ရပ်သွားခဲ့သည်။ ထို့နောက် ယန်ယဲ့ နှင့်
အခြားသူများဆီသို့ လှည့်ကြည့်လိုက်ပြီး
သူမရှေ့က သစ်သားဓားကို
အမြန်ပွေ့ဖက်ကာ

မျက်တောင်ခတ်လိုက်သည်။

ထိုအချိန်တွင် သူမလေးက

ထွက်ပြေးချင်စိတ်အနည်းငယ်ရှိနေသည်

။

သို့သော်လည်း ယန်ယဲ့က ထိုနေရာတွင်

ရှိနေသေး၏။ ထို့ကြောင့်

သူမ၏စိတ်ထဲ၌

အတော်လေး လွန်ဆွဲနေခဲ့သည်။

အကြောင်းမှာ သူမလေးက

ထွက်ပြေးချင်နေသော်လည်း ယန်ယဲ့အား

တစ်ယောက်တည်း မချန်ထားလိုပေ။

အချိန်အတော်ကြာအောင် စိတ်ထဲ

လွန်ဆွဲနေပြီးနောက်

မျက်လုံးသေးသေးထဲ၌

ဒေါသထွက်နေသော

အရိပ်အယောင်တစ်ခု ပေါ်လာသည်။

သူမ၏လက်ထဲမှ သစ်သားဓားကို

ငုံ့ကြည့်ပြီးနောက် အဝေးမှ

အာကာသတွင်းနက်ကြီးဆီသို့

ညွှန်ပြလိုက်သည်။

ဝှစ်...

သစ်သားဓားက လျှပ်စီးလက်သကဲ့သို့

ရှေ့ကိုပြေးထွက်သွားသည်။

တစ်ချိန်တည်းတွင်

အလင်းတန်းတစ်ခုအဖြစ်ပြောင်းကာ
အာကာသတွင်းနက်ကြီးထဲကို
ဝင်ရောက်သွားသည်။

ဘောင်း...

အာကာသတွင်းနက်ထဲမှ
ကျယ်လောင်သော ပေါက်ကွဲသံကြီး
ထွက်ပေါ်လာသည်။ ထို့နောက်တွင်တော့
တွင်းနက်ကြီးဟာ ပြင်းထန်စွာ

တုန်လှုပ်သွားပါတော့သည်။

ထိုခဏလေးမှာပဲ အထက်

အာကာသပြင်အနှံ့ မရေမတွက်နိုင်သော

အာကာသအက်ကြောင်းများ

ထပ်လာပါသည်။

ထိုမြင်ကွင်းကို မြင်သောအခါ

နှင်းပွင့်ကမျက်တောင်ခတ်ပြီး

နောက်ပြန်ဆုတ်သွားပါတော့သည်။

ထိုအချိန်တွင် အာကာသတွင်းနက်ထဲမှ

ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု

ထွက်ပေါ်လာပြီးနောက် သစ်သားဓားက

ပျံထွက်လာကာ နှင်းပွင့်

ဆီကိုပြန်ရောက်လာပါသည်။

အချိန် ၁၀ ကျော်အကြာတွင်တော့

အာကာသတွင်းနက်ကြီးဟာ

တဖြည်းဖြည်း

ပြန်လည်ကောင်းမွန်လာသည်။

သိပ်မကြာလိုက်ဘဲ ထိုနေရာက
မူလအတိုင်းပြန်ရောက်သွား၏။
ထို့နောက် ယန်ယဲ့၊ အန်နန်ကျင်း နှင့်
အနက်ရောင်ဝတ်ရုံအဘိုးအိုတို့ပြန်ပေါ်
လာကြသည်။

ပတ်ဝန်းကျင်သည် ခဏကြာ
တိတ်ဆိတ်ငြိမ်သက်သွား၏။
အနက်ရောင်ဝတ်ရုံအဘိုးအိုက
"မင်းတို့နှစ်ယောက်လုံးကို

ငါနည်းနည်းလျှော့တွက်လိုက်မိတယ်။

ပြောစရာမလိုအောင်ပါပဲ၊

မင်းတို့နှစ်ယောက်လုံး တကယ်

သန်မာတယ်။ တကယ်လို့သာ

ထာဝရတန်ခိုးရှင်အဆင့် ကို

ရောက်သွားရင်... မဟုတ်ဘူး၊

မင်းတို့နှစ်ယောက်လုံး

ထာဝရတန်ခိုးရှင်တစ်ပိုင်းအဆင့်

ဆိုရင်တောင်မှ

ငါယှဉ်နိုင်တော့မှာမဟုတ်ဘူး။
အခုချိန်မှာကျ မင်းတို့နှစ်ယောက်လုံး
အားနည်းနေသေးတယ်”ဟု ရုတ်တရက်
ပြောခဲ့သည်။

စကားပြောနေစဉ် သူက ယန်ယဲ့ နှင့်
အန်နန်ကျင်း ဆီကို ခုန်ဝင်လိုက်သည်။
သို့သော် သူက
ရုတ်တရက်လမ်းကြောင်းပြောင်းကာ
နှင်းပွင့် ထံ ခုန်ဝင်သွားသည်။

ထိုမြင်ကွင်းကို မြင်လိုက်သောအခါ

နှင်းပွင့်လေး၏မျက်လုံးလေးများက

ချက်ချင်းပင် ပြူးကျယ်သွားသည်။

သူမ၏လက်ထဲမှ သစ်သားဓားကို

တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားရင်း

ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

ဤအခိုက်အတန့်မှာ အဘိုးအိုက

နှင်းပွင့်လေးရှေ့မှာ ရှိနေပြီး

သူ့လက်ဝါးကိုမြှောက်ကာ

ဖိချလိုက်သည်။

နှင်းပွင့်လေးက မျက်တောင်ခတ်ကာ

သစ်သားဓားကို လွှတ်ချလိုက်ပြီး

လက်သည်းများဖြင့် မျက်လုံးကို

အုပ်ထားလိုက်သည်။

ထိုအချိန်တွင် သူမ၏

ခန္ဓာကိုယ်သေးသေးလေးဟာ

အဆက်မပြတ်

တုန်ယင်နေ၏။သူမလေးက လုံးဝကို

ကြောက်ရွံ့နေခဲ့သည် ။

တစ်ချိန်တည်းတွင်

ယန်ယဲ့၏မျက်လုံးများက ဒေါသကြောင့်

ကွဲထွက်လုမတတ်ဖြစ်နေသည်။

ထိုအချိန်တွင်

ပိတ်ချောဝတ်ရုံဝတ်လူတစ်ယောက်က

နှင်းပွင့်လေးရှေ့မှာ ရုတ်တရက်

ပေါ်လာသည်။ ထို့နောက်

လျှို့ဝှက်ဆန်းကြယ်သောလူက

ညာလက်ကို ဆန့်ကာ ရှေ့သို့

တွန်းထုတ်လိုက်သည်။

အုန်း....

ပြင်းထန်သော

စွမ်းအင်လှိုင်းလုံးကြီးတစ်ခု

လွင့်စင်သွားသည်။

အနက်ရောင်ဝတ်ရုံအဘိုးအိုက

ချက်ချင်းဆိုသလိုပဲ မီတာ ၃၀၀

လောက်အကွာသို့

ဆုတ်သွားလိုက်ရသည်။

လျှို့ဝှက်ဆန်းကြယ်သောလူ ကလည်း

မီတာ ၃၀၀ လောက်အကွာထိ

ဆုတ်သွားခဲ့သည်။

ထိုအချိန်တွင် ယန်ယဲ့ သည်

နှင်းပွင့်၏ရှေ့ကို

အလျင်အမြန်ပြေးလာခဲ့သည်။

နှင်းပွင့်လေသ

အကောင်းတိုင်းဖြစ်နေသည်ကိုတွေ့လိုက်

သောအခါမှသာ

သက်ပြင်းတစ်ချက်ချလိုက်သည်။

နှင်းပွင့်လေးက တစ်စုံတစ်ခုကို

သတိပြုမိသွားပုံရသောကြောင့်

သူမ၏လက်ချောင်းများကို ဖယ်လိုက်လေသည်။ ထိုအခါ သူမရှေ့က ယန်ယဲ့ကို မြင်သောအခါ ချက်ချင်းပင် ရင်ခွင်ထဲသို့ ခုန်ဝင်ကာ ငိုပါတော့သည်။

ထိုခဏမှာပဲ ယန်ယဲ့သည် တစ်ကိုယ်လုံး အဖြူရောင်အခိုးအငွေ့များ ဖုံးလွှမ်းသွားသည်။

ယန်ယဲ့ သည် နှင်းပွင့်၏ခေါင်းလေးကို
ညင်သာစွာ ပွတ်သပ်ပြီး သစ်သားဓား
နှင့်အတူ မူလစေတီထဲသို့
ပြန်ပို့လိုက်သည်။

ထို့နောက် မလှမ်းကမ်းမှ
ပိတ်ချောဝတ်ရုံဝတ်လူကို
လှည့်ကြည့်လိုက်သည်။ ၎င်း၏
အသွင်အပြင်က
ပိတ်ချောဝတ်ရုံအောက်၌

ဖုံးအုပ်ထားသည်။

သူ၏နတ်အာရုံအသိကို

ဖြန့်ကျက်လိုက်သည့်တိုင် ထိုလူနှင့် ၃

မီတာအကွာသို့ ရောက်သည်နှင့်

အလိုအလျောက်

ပျက်ပြယ်သွားသည်။

ထိုအချိန်တွင်

အနက်ရောင်ဝတ်ရုံအဘိုးအိုက “မင်းက

ဘယ်သူလဲ” ဟု မေးလိုက်သည်။

လျှို့ဝှက်ဆန်းကြယ်သောလူက

"မင်းဘယ်သူလဲ" ဟု မေးခွန်းတစ်ခုဖြင့်

ပြန်ဖြေသည်။

အနက်ရောင်ဝတ်ရုံအဘိုးအိုက

အချိန်အတော်ကြာ တိတ်ဆိတ်သွားပြီး

နောက် လှည့်ကာ ချက်ချင်း

ပျောက်ကွယ်သွားခဲ့သည်။

ထိုအချိန်တွင် ယန်ယဲ့ သည်

လျှို့ဝှက်ဆန်းကြယ်သောလူ ကို

စိုက်ကြည့်ကာ "ကျေးဇူးတင်ပါတယ်"

လျှို့ဝှက်ဆန်းကြယ်သောလူ က

ခဏမျှတိတ်ဆိတ်နေပြီးမှ "သူက

ယန်ကလန်ရဲ့ အဖွဲ့ဝင်ပဲ" ဟု ပြောလိုက်သည်။

ယန်ယဲ့ က "ငါ့အထင် မင်းလည်း ယန်ကလန် က မဟုတ်လား"

လျှို့ဝှက်ဆန်းကြယ်သောလူ က ပြန်မဖြေဘဲ ခဏကြာထိ နှုတ်ဆိတ်နေခဲ့ကာ "မင်းနေရာမှာ ငါသာဆိုရင်

ယန်ကလန်နဲ့အဝေးမှာပဲနေမယ်။
ဘယ်တော့မှ ပြန်မလာဘူး" ဟု
ထပ်ပြောခဲ့သည်။

Yang Ye က "ဘာဖြစ်လို့လဲ"

လျှို့ဝှက်ဆန်းကြယ်သောရုပ်သွင်က
"မင်းအဖေမှာ လွန်ခဲ့တဲ့နှစ်တွေတုန်းက
လက်အောက်ငယ်သားတွေ
အများကြီးရှိခဲ့ပြီး အများစုဟာ Yang Clan

မှာ အရေးကြီးတဲ့ရာထူးတွေကို ကိုင်ထားကြတယ်။ ဒါပေမယ့် မင်းပြန်လာကတည်းက ဘယ်သူမှ မင်းဆီ ဘာလို့မလာတာလဲ မင်းသိလား"

ယန်ယဲ့ က "ဘာဖြစ်လို့လဲ"

လျှို့ဝှက်ဆန်းကြယ်သောလူ က “တချို့က အနာဂတ်ဒုက္ခဖြစ်မှာကို ကြောက်ကြတယ်၊ တချို့က မင်းကို

ကာကွယ်ချင်ကြတယ်” ဟု ပြန်ဖြေပါသည်။

ယန်ယဲ့ က "မင်းဘာကိုဆိုလိုတာလဲ"

လျှို့ဝှက်ဆန်းကြယ်သောလူ က “အဲဒီအချိန်မှာ မင်းအဖေက လူငယ်သခင်တစ်ယောက်ပါ။ တကယ်ဆိုရင် သူက နောက်မျိုးဆက် ဘိုးဘေး

နေရာကိုဆက်ခံရမှာသေချာတယ်။

ကံမကောင်းစွာပဲ၊ သူ့အတွက်

တစ်ခုခုမှားသွားလို့ သူ့ရဲ့

ကျင့်ကြံမှုအဆင့်က ပျောက်သွားတယ်။

ဒါဆို တခြားတစ်ယောက်က

ဘိုးဘေးဖြစ်နေပြီ။ငါဆိုလိုတာကို

မင်းနားလည်လား"ဟု မေးလိုက်သည်။

ယန်ယဲ့က မျက်လုံးကို အနည်းငယ်

မှိတ်သွားကာ "ယန်ကလန်ရဲ့ ဘိုးဘေးက

ငါ့ကို သတ်ချင်နေတာလား"

လျှို့ဝှက်ဆန်းကြယ်သောလူ က

ခေါင်းယမ်းကာ “မင်းကိုသတ်ချင်ရင်

ဘယ်သူမှ သူ့ကို တားနိုင်မှာမဟုတ်ဘူး။

ဒါပေမဲ့ မင်းအဖေက

တော်တော်များများကို

မိတ်ဆွေရင်းတွေလို ဆက်ဆံခဲ့တာ

ကံကောင်းသွားတယ်။ သူတို့တွေက ယန်ကလန်မှာ အဆင့်မြင့်အာဏာပိုင်တွေ ဖြစ်နေကြပြီ။ ဒါ့အပြင် အများစုက အတိတ်ကထက်တောင်မှ ပိုပြီးသန်မာလာတယ်။ ဥပမာအနေနဲ့ ခုနတုန်းက လူအိုကြီးလိုပေါ့”

ယန်ယဲ့ က စကားမပြောဘဲ ငြိမ်သက်သွားသည်။

ထိုအတောအတွင်း

လျှို့ဝှက်ဆန်းကြယ်သောလူ က “မင်း

ကလဲ့စားချေဖို့ ပြန်လာမှာကို သူတို့

စိုးရိမ်နေကြတယ်။

ဘာကြောင့်လဲဆိုတော့ သူတို့က

မျိုးနွယ်စုအတွက် မင်းရဲ့အဖေ

ယူဆောင်ပေးထားတဲ့အရာတွေကို

သိမ်းယူထားလို့။ ဒါ့အပြင် လွန်ခဲ့တဲ့

နှစ်တွေမှာ မင်းအဖေကို လုပ်ကြံဖို့

တိတ်တဆိတ်

ကြိုးစားခဲ့ကြသေးတယ်။အခု

မင်းပြန်လာပြီ၊ မင်းက

ဆက်ခံသူတိုက်ပွဲမှာ ပါဝင်နေတယ်။

ပြီးတော့ မင်းရဲ့သဘာဝစွမ်းရည်က

အရမ်းထူးခြားတယ်။ ဒါတို သူတို့က

စိုးရိမ်တဲ့ခံစားချက်ကို

ဘယ်လိုရှောင်နိုင်မလဲ"ဟုထပ်ပြောပါသ

ည်။

သူက ခဏရပ်ပြီး “မင်းကို ဘာလို့ ပြောင်တိုက်ပြီး မသတ်ကြတာလဲ သိလား ဒါမှမဟုတ် စည်းကမ်းထိန်းသိမ်းရေးခန်းမ နဲ့ အကြီးအကဲကောင်စီက ဘာလို့ စောစောက အပေးအယူလုပ်ခဲ့တာလဲ သိလား”ဟုမေးလိုက်သည်။

ယန်ယဲ့ က ခေါင်းယမ်းလိုက်သည်။

"ဒါ မင်းအဖေကြောင့်ပဲ"

လျှို့ဝှက်ဆန်းကြယ်သောလူ က

ဆက်ပြောသည်

“မင်းအဖေအသက်ရှင်နေသေးလားဆို

တာ ဘယ်သူမှမသိလို့ပဲ။ အဲဒါကို

အတည်မပြုနိုင်သေးသမျှ သူတို့က

ပွင့်ပွင့်လင်းလင်း မတိုက်ခိုက်ရဲဘူး”

ယန်ယဲ့ က "သူက အရင်တုန်းက

အရမ်းသန်မာခဲ့တာလား"ဟုမေးလိုက်၏

။

လျှို့ဝှက်ဆန်းကြယ်သောလူ က ခဏတာ

ငြိမ်သက်သွားပြီး “ယန်မျိုးနွယ်စုရဲ့

သမိုင်းတစ်လျှောက်မှာ

ဒဏ္ဍာရီလာလို့ပြောနိုင်တဲ့ အကောင်းဆုံး

သဘာဝ အရည်အချင်းရှိတဲ့သူ (၃) ဦး

ရှိခဲ့တယ်။ ပထမတစ်ယောက်က

ယန်ကလန်ရဲ့ တည်ထောင်သူဘိုးဘေး။

သူက ကျင့်ကြံခြင်းမှာ

အဆင့်တစ်ခုထိရောက်ခဲ့တယ်။

အဲဒီနောက်မှာ သူ့ရဲ့သွေးသားကို

အသွင်ပြောင်းပြီးတော့ ယန်မျိုးနွယ်စုကို

ဖန်တီးခဲ့တယ်။ ဒုတိယက မင်းအဖေ။

သူက မျိုးနွယ်စုရဲ့

သွေးမျိုးဆက်ချည်နှောင်တာကို

ကျော်ဖြတ်ပြီးတော့

သူ့ကိုယ်ပိုင်သွေးမျိုးဆက်တောင်ရခါနီး

နေပြီ။ ကံမကောင်းစွာပဲ၊ သူ

မအောင်မြင်ခင်မှာ ဒီမတော်တဆမှု

ဖြစ်ခဲ့တယ်”

ယန်ယွဲ့ က “တတိယလူက

ဘယ်လိုလဲ”ဟုမေးလိုက်သည်။

"ယန်လျန်ရှမ်း… "

လျှို့ဝှက်ဆန်းကြယ်သောလူ က

“ယန်ကလန်ရဲ့ ဒီထောင်စုနှစ်မှာ

ခြွင်းချက်မရှိ အထူးခြားဆုံး ပါရမီရှင်ပဲ”

ဟု တိုးညှင်းသောလေသံဖြင့်

ပြောခဲ့သည်။

ယန်ယဲ့က အန်နန်ကျင်း ကို

တစ်ချက်ကြည့်လိုက်ပြီး "သူမက

ငါတို့နှစ်ယောက်နဲ့ နှိုင်းယှဉ်ရင်
ဘာဖြစ်မလဲ" ဟု ထပ်မေးလိုက်သည်

"သူမက မင်းထက်သာတယ်"
လျှို့ဝှက်ဆန်းကြယ်သောလူ က
တွန့်ဆုတ်မနေဘဲ ချက်ချင်း ပြန်ဖြေ၏။

ယန်ယဲ့ က စကားပြန်မပြောနိုင်ပေ။

May Be:

၁၉၈၅

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်
သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၈၅ - ဝူကလန်၏
အစောင့်အရှောက်

ထိုအတောအတွင်း
လျှို့ဝှက်ဆန်းကြယ်သောလူ က
အန်နန်ကျင်းကို စိုက်ကြည့်ရင်း

အချိန်အတော်ကြာ တိတ်ဆိတ်သွားကာ "မင်းလည်း အရမ်းကြောက်စရာကောင်းတယ်။ သူမနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဘယ်သူက ပိုကောင်းတဲ့ သဘာဝအရည်အချင်းကို ပိုင်ဆိုင်ထားတယ်ဆိုတာ ငါမပြောနိုင်ဘူး။ ဒါပေမဲ့ အခုအချိန်မှာ မင်းက သူ့အတွက် မကိုက်ညီဘူး"ဟု ပြောလိုက်သည်။

ယန်ယဲ့ က “ဘာလို့လဲ” ဟု အလျင်စလို မေးလိုက်ပါသည်။

လျှို့ဝှက်ဆန်းကြယ်သောလူ က "သူမက အခုလက်ရှိမှာ အနည်းဆုံး ထာဝရတန်ခိုးရှင်အဆင့် ကို ရောက်နေလောက်ပြီ"ဟုပြောပါသည်။

ထာဝရတန်ခိုးရှင်အဆင့် ။

ယန်ယဲ့ က ခဏကြာ ငြိမ်သွားသည်။

ထိုကဲ့သို့ ပါရမီရှင်များဟာ

ထာဝရတန်ခိုးရှင်အဆင့် ကို

ရောက်သည်နှင့် တပြိုင်နက် ၎င်းတို့သည်

လုံးဝကို

ကြောက်စရာကောင်းပေလိမ့်မည်။

ယန်လျန်ရှမ်း သာ ထာဝရတန်ခိုးရှင်

ဖြစ်နေခဲ့ရင်တော့

သူမ၏တိုက်ခိုက်ရေးစွမ်းအားဟာ

အလွန်ကြောက်စရာကောင်းနေမည်မှာ သေချာပါသည်။ အနည်းဆုံးတော့ မူလနတ်ဘုရားအဆင့် ကျင့်ကြံသူများကို ကြောက်နေစရာ မလိုပေ။

ထိုအတောအတွင်း လျှို့ဝှက်ဆန်းကြယ်သောလူ က ထပ်ပြောသည် "ထွက်သွားပါ။ မင်းရဲ့သူငယ်ချင်းကို ကယ်ပြီးပြီ။ မင်း သူ့ကို ခေါ်သွားပြီးတော့

နဂါးငွေ့တန်းကြယ်စင်စုနဲ့ အဝေးကို
ထွက်သွားရမယ်။ ဒီ့ထက်
ပိုဝေးလေကောင်းလေပဲ”

ယန်ယဲ့ သည် ခဏမျှ ငြိမ်သက်သွားပြီး
ခေါင်းယမ်းလိုက်သည်
"ငါထွက်သွားလို့မရဘူး"

လျှို့ဝှက်ဆန်းကြယ်သောလူ က
“ဘာလို့လဲ” ဟု မေးသည်။

ယန်ယဲ့ က "ငါသာ ယန်ကလန်ကို

ပြန်လာပြီးတော့ ဆက်ခံသူတိုက်ပွဲမှာ

မပါဝင်ခဲ့ဘူးဆိုရင် ယန်ကလန်က ငါ့ကို

ပြဿနာရှာမှာ မဟုတ်ဘူးလို့ တစ်ချိန်က

တွေးခဲ့ဖူးတယ်။ဒါပေမဲ့ ငါမှားခဲ့တယ်။

ငါအသက်ရှင်နေတယ်ဆိုတာ

သူတို့သိတဲ့နောက်မှာ ငါ့မှာ

အလားအလာရှိတယ်ဆိုတာ

သိသွားကြတယ်။ ဒါကြောင့်

ငါထွက်သွားရင်တောင် သူတို့က ငါ့ကို
အသက်ရှင်ခွင့်ပေးမှာမဟုတ်ဘူး။
လူသေတွေကပဲ
အလုံခြုံဆုံးမဟုတ်လား”

လျှို့ဝှက်ဆန်းကြယ်သောလူ က ခဏတာ
တိတ်ဆိတ်သွားပြီး “မင်း အဝေးကို
ထွက်သွားနိုင်တယ်” ဟု ပြန်ဖြေသည်။

"အဝေးကိုထွက်သွားမလား" ယန်ယဲ့ က ခေါင်းခါလိုက်သည် “ဒါဟာ ထူးထူးခြားခြား မဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ငါချစ်ရတဲ့သူတွေက ဝင်ရိုးစွန်းကြယ်စနစ် မှာရှိနေကြတယ်။ ငါထွက်ပြေးရင် သူတို့က ငါချစ်ရတဲ့သူတွေကို ခုတုံးလုပ်ပြီး ငါ့ကို ပြန်လာခိုင်းလိမ့်မယ်။ ဒါဆို ငါ

ထွက်သွားလို့မရဘူး။

အရင်မျိုးဆက်တွေကြားက

ရန်ငြိုးဖွဲ့တာကို ငါ ဂရုမစိုက်ချင်ပေမယ့်

သူတို့ ငါ့ကို အသက်ရှင်ခွင့်

မပေးချင်တာကြောင့်

မနေချင်ရင်တောင်မှ ဂရုစိုက်ရမယ်။

ငါတို့အားလုံး လူသားတွေပါ။

ငါသူတို့ကိုမကြောက်ဘူး"ဟုပြောခဲ့သည်

။

လျှို့ဝှက်ဆန်းကြယ်သောလူ က ယန်ယဲ့အား အချိန်အတော်ကြာ စိုက်ကြည့်ကာ "ယန်ကလန်ရဲ့ လက်ရှိအခြေအနေက အတော်လေးကို ရှုပ်ထွေးနေတယ်"ဟုပြောလိုက်သည်။

ယန်ယဲ့ က “ဘာပဲဖြစ်ဖြစ် ငါလုပ်ရမှာ။ ဘာလို့လဲဆိုတော့ ငါ ယန်ကလန်မှာ ရှိနေသရွေ့တော့ ယန်ကလန်ရဲ့ အဖွဲ့ဝင်တစ်ယောက်ပါ။ ဒီတော့

မင်းပြောသလိုပဲ၊ သူတို့က ငါ့ကို

ပြောင်ပြောင်တင်းတင်း သတ်ဝံ့မှာ

မဟုတ်ဘူး။ ဒါပေမဲ့ ငါသာ ယန်ကလန်က

ထွက်သွားလိုက်ရင်

အဖွဲ့ဝင်ဖြစ်တော့မှာမဟုတ်ဘူး။

အဲဒီအချိန်မှာ သူတို့ ဘာမှဂရုစိုက်စရာ

မလိုဘူး။ ဒါဆို ငါ့အတွက် အခြေအနေ

ပိုဆိုးလာမယ်”

အမှန်ပင်၊ လက်ရှိတွင် သူက
ခေါင်းရှောင်လို့မရသော
အရာများရှိနေ၏။

ထို့ကြောင့် သူသည် ယန်ကလန်မှ
ထွက်မသွားနိုင်တော့ပေ။

လျှို့ဝှက်ဆန်းကြယ်သောလူ က
အချိန်အတော်ကြာ
တိတ်ဆိတ်သွားပြီးနောက်

ခေါင်းညိတ်လိုက်သည် “မင်းမှန်တယ်။ ဒါက အစိပ္ပာယ်ရှိပါတယ်။ ဒါပေမဲ့ မင်းဟာ ယန်ကာလန်ကို ပံ့ပိုးမှုမရှိဘဲနဲ့ ဝင်ပါလိုက်ရင် ဆက်ခံသူတိုက်ပွဲမှာ အသက်ရှင်ဖို့တောင် အတော်လေးခက်ခဲလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ လူငယ်သခင်အများစုက မင်းကို ပစ်မှတ်ထားမှာမို့လို့ပဲ။ သူတို့က မင်းကို

ပြောင်ပြောင်တင်းတင်း

မသတ်နိုင်ပေမယ့် မင်းကိုသတ်ဖို့

အကွက်ချလုပ်ကြံတိုက်ခိုက်လို့ရတယ်။

ဒါဆို

မင်းအဖေအသက်ပြန်ရှင်လာရင်တောင်

မင်းသေဆုံးတာအတွက် ဘယ်သူ့ကိုမှ

အပြစ်မတင်နိုင်တော့ဘူး"

ယန်ယဲ့ က ပြုံးပြီး "တကယ်လို့ ငါသာ

ပြိုင်ပွဲမှာ သေသွားခဲ့ရင် ငါ့ရဲ့ ခွန်အားတွေ

အားနည်းလို့ပါ။ ဒီအတွက် ဘယ်သူ့ကိုမှ အပြစ်တင်လို့

မရပါဘူး"ဟုပြောလိုက်သည်။

လျှို့ဝှက်ဆန်းကြယ်သောလူ က သက်ပြင်းချကာ "ကောင်းပြီ။ မင်းရဲ့ဆုံးဖြတ်ချက်ပဲ"ဟုပြောခဲ့သည်။

လျှို့ဝှက်ဆန်းကြယ်သောလူ က နောက်သို့လှည့်ကာ ထွက်သွားရန်

ပြင်လိုက်သည်။ သို့သော်လည်း ယန်ယဲ့

က ရုတ်တရက် တားလိုက်ပြီး  "ကူကလန်

အကြောင်း

မင်းသိလား"ဟုမေးလိုက်သည်။

လျှို့ဝှက်ဆန်းကြယ်သောလူ က

ရပ်တန့်ကာ ယန်ယဲ့ ကို စိုက်ကြည့်ရင်း

"မင်းက ကူကလန် ကို သွားမှာလား"

ယန်ယွဲ့ က ခေါင်းညိတ်ပြီး "စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်သားတစ်စလောက် ငါတောင်းချင်တယ်"

လျှို့ဝှက်ဆန်းကြယ်သောလူ က ခေါင်းယမ်းလိုက်သည် "မဟုတ်ဘူး၊ မင်းသွားလို့မရဘူး"

ယန်ယွဲ့ က "ဘာဖြစ်လို့လဲ"

လျှို့ဝှက်ဆန်းကြယ်သောလူ က “ဒါဟာ သူတို့အတွက် အဖိုးတန်ရတနာပဲ” ဟု ပြန်ဖြေသည်။

"စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်သားရဲ့ အစိတ်အပိုင်းတိုင်းဟာ သူတို့အတွက် အဖိုးမဖြတ်နိုင်ဘူးလို့ဆိုရမယ်။ ကူကလန် ရဲ့ တပည့်တွေတောင် သစ်သားတစ်စ ဒါမှမဟုတ် သစ်သားအပေါ်ခွံလေးတစ်ခု ရဖို့တောင်

အရမ့်းခက်ခဲတယ်။ ဒါဆို မင်းကို
တစ်ပိုင်းလုံးပေးမယ်လို့ မင်းထင်လား"

ယန်ယဲ့ က မျက်မှောင်ကြုတ်ကာ “ဒါက
အရမ်းအဖိုးတန်သလား”

“ဒါဟာ အဖိုးတန်ရုံ မဟုတ်ဘူး”
လျှို့ဝှက်ဆန်းကြယ်သောလူ က
ဆက်ပြောလိုက်သည် “အခုအချိန်အထိ
ငါတို့နေတဲ့စကြာဝဠာမှာ

တစ်ပင်တည်းရှိနေတဲ့

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ပဲ။

ဒါ့အပြင် ဒါဟာ ပြီးပြည့်စုံတဲ့

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်

မဟုတ်သေးဘူး၊ လွန်ခဲ့တဲ့နှစ်တွေမှာ

တစ်ခုခုမှားယွင်းပြီး

ဒဏ်ရာရသွားတယ်လို့ကြားတယ်။

ပြီးတော့ တဖြည်းဖြည်း

ခန်းခြောက်သွားတယ်လို့

သတင်းတွေတောင်ထွက်နေတယ်။ ဒါဆို အခုမှ သာမန်လောက်ပဲ အဖိုးတန်တယ်လို့ မင်းထင်သေးလား"

ယန်ယဲ့ က အချိန်အတော်ကြာနှုတ်ဆိတ်နေပြီးမှ "ကူကာလန် နဲ့ ညှိနှိုင်းရ လွယ်သလား" ဟု မေးလိုက်သည်။

လျှို့ဝှက်ဆန်းကြယ်သောလူ က "ဒါဟာ

အကြောင်းအရာပေါ်မှာပဲ

မူတည်ပါတယ်။စိတ်ဝိညာဉ်သန့်စင်ခြင်း

သစ်ပင် ဖြစ်နေရင်တော့

သေချာပေါက်ကိုခက်ခဲမှာပါ။

ငါတို့ယန်ကလန်ရဲ့ ဘိုးဘေးတွေ

သူတို့ဆီသွားရင်တော့

မျက်နှာသာပေးကြလိမ့်မယ်။ ဒါပေမဲ့

မင်းသွားမယ်ဆိုရင်... ငါ

ရိုးရိုးသားသားပြောရရင်

မင်းနဲ့တွေ့ဖို့တောင် ဆန္ဒရှိမှာမဟုတ်ဘူး”

ယန်ယဲ့ သည် ခဏတာ

တိတ်ဆိတ်သွားသည်။ ထို့နောက်

လျှို့ဝှက်ဆန်းကြယ်သောလူ ကို

စိုက်ကြည့်ကာ "ငါ့ကို လက်တစ်ဖက်

ငှားပေးနိုင်မလား"ဟုပြောလိုက်သည်။

"ဘာအတွက်လဲ" ထိုလူ က
ပြန်မေးပါသည်။

ယန်ယဲ့ က " ကူကလန် ကနေ
သွားယူရအောင် "ဟုပြောလိုက်သည်။

“ငါ့မှာ တခြားကိစ္စတွေ
ဆက်လုပ်ဖို့ရှိတယ်။
နှုတ်ဆက်ခဲ့ပါတယ်”
ထိုစကားပြောပြီးသည်နှင့်

လျှို့ဝှက်ဆန်းကြယ်သောလူ က
နေရာတွင်ပင် ပျောက်သွားသည်။

ယန်ယဲ့ သည် ထိုမြင်ကွင်းကို
မြင်လိုက်သည်နှင့် အတော်ကြာအောင်
စကားမပြောနိုင်တော့ပေ။

လျှို့ဝှက်ဆန်းကြယ်သောလူ ဟာ
အနည်းငယ်မျှ မတုံ့ဆိုင်းဘဲ
ချက်ချင်းထွက်သွားခဲ့၏။

ယန်ယွဲ့ သည် အတော်ကြာထိ

စကားမပြောနိုင်ဘဲ

ငေးကြောင်ကာကျန်နေခဲ့သည်။

ခဏအကြာမှ သတိပြန်ဝင်လာပြီး

ခေါင်းယမ်းလိုက်သည်။

လက်ရှိအခြေအနေအရတော့ သူ့ကိုယ်သူ

အားကိုးရုံသာရှိတော့လေသည်။

သို့သော် သူသည်

အလျင်စလိုမလုပ်ဆောင်နိုင်ကြောင်း

ကောင်းစွာသိထား၏။

လျှို့ဝှက်ဆန်းကြယ်သောလူ၏

ပြောစကားအရဆိုလျှင် ကူကလန် က

သာမန်အင်အားစုမဟုတ်မှန်း

သိသာပါသည်။

သို့သော်လည်း သူကတော့
မည်မျှပင်ထူးခြားနေသည့်တိုင်
ကြိုးစားကြည့်ဖို့သာ ရည်ရွယ်ထား၏။

ထိုအချိန်တွင် အန်နန်ကျင်း က
ရုတ်တရက် မေးလိုက်သည်
"ဒါဘယ်သူလဲ"

ယန်ယွဲ့ က ခေါင်းယမ်းပြလိုက်သည်။
အမှန်တော့ သူလည်း

ထိုလူအကြောင်းကိုသိချင်နေ၏။

လျှို့ဝှက်ဆန်းကြယ်သောလူ က

မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူဖြစ်သည်။ ယန်ကလန်တွင်

သူ၏အဆင့်အတန်းက သေချာပေါက်

မနိမ့်ကျပေ။သို့သော်လည်း ယန်ယဲ့ သည်

သူ၏အဖေဖြစ်သူ နှင့်

ထိုလျှို့ဝှက်ဆန်းကြယ်သောလူ က

မည်သို့မည်ပုံ ပတ်သက်နေသည်ကို

သိလိုခဲ့သည်။ အကြောင်းမှာ
သူ၏အဖေကြောင့်သာ ထိုလူက သူ့အား
ကူညီပေးခဲ့သည်။

ယန်ကလန် ။

ယန်ယဲ့ သည် အချိန်အတော်ကြာ
တိတ်ဆိတ်သွားပြီးနောက်
ခေါင်းယမ်းလိုက်သည်။
လက်ရှိအချိန်တွင် သူသည်

မုန်တိုင်းတစ်ခု၏

အလယ်ဗဟိုသို့ရောက်နေခဲ့ပါပြီ။

သို့သော် သူလုပ်ဆောင်ရမည့်အရာက

တတ်နိုင်သမျှ ရှောင်ထွက်ဖို့မဟုတ်ဘဲ

မုန်တိုင်းကို ဖယ်ရှားဖို့ပါ။

ထိုအခြေအနေကို ပြီးမြောက်လိုပါက

နည်းလမ်းနှစ်ခုသာရှိခဲ့သည်။

ပထမတစ်ခုက သူ့ကိုယ်သူ သတ်သေရန်

သို့မဟုတ် အသတ်ခံဖို့ပါ။

သူသေဆုံးပြီးနောက်တွင်

အရာရာတိုင်းဟာ

အဆုံးသတ်သွားပေမည်။

ဒုတိယအချက်ကတော့

သူ့ကိုယ်ပိုင်ခွန်အားကို တတ်နိုင်သမျှ

အမြန်ဆုံးမြှင့်တင်ရန်ပင်။

ရိုးရိုးရှင်းရှင်းပြောရလျှင် သူသည်

အလယ်စကြာဝဠာ၏ အထွတ်အထိပ်သို့

ရောက်လုနီးပါးအထိ သန်မာနေရပါမည်။

ထိုမှသာလျှင် အခြားသူများက သူ့အား ပြဿနာရှာရဲမည်မဟုတ်ပါ။ သေဆုံး ခြင်းနှင့်ပတ်သက်လျှင်တော့ သဘာဝအတိုင်း သူသည် ထိုကဲ့သို့သော နည်းလမ်းကို စိတ်မဝင်စားပေ။

အတိုချုပ်ဆိုရသော် သူသည် ယခုထက်ပိုပြီးသန်မာလာရပေမည်။

အဆက်မပြတ် အင်အားကြီးလာရမယ်။

ထိုအရာက လက်ရှိသူ့အတွက်

အခိကရည်ရွယ်ချက်ပါ။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို

တစ်ချက်ကြည့်လိုက်ပြီးနောက်

အန်နန်ကျင်း ကို စိုက်ကြည့်ကာ

"ကျင်းအာ၊ မူလစေတီထဲကို ဝင်လိုက်"

ဟု ပြောလိုက်၏။

လက်ရှိအဖြစ်အပျက်ကို

တွေ့ကြုံပြီးနောက်မှာ ယန်ကလန်၏

အခြေအနေကို

ကောင်းကောင်းကြီးနားလည်သွားလေပြီ

။ ယန်ကလန်၏

အဖွဲ့ဝင်အတော်များများက သူ့အား

သေစေချင်နေသည် သို့မဟုတ်

သတ်ပစ်ချင်နေကြောင်း ပြောရပေမည်။

ထို့ကြောင့် လက်ရှိတွင် သူသည် ပေါ်တင်

သွားလာလှုပ်ရှားလို့ မရတော့ပေ။

အမှန်တိုင်းပြောရမည်ဆိုပါက

နောက်ထပ် မူလနတ်ဘုရားအဆင့်

ရန်သူများနှင့်

ထပ်ပြီးရင်မဆိုင်လိုတော့ပေ။

အန်နန်ကျင်း က ခဏမျှ

လေးလေးနက်နက် တွေးတောကာ

ယန်ယဲ့အား ခေါင်းညိတ်ပြပြီး

မူလစေတီထဲကို ဝင်သွားလိုက်သည်။

အန်နန်ကျင်း အထဲဝင်သွားသည်နှင့်
တပြိုင်နက် ယန်ယွဲ၏ပုံရိပ်က
တုန်လှုပ်သွားပြီး ဖုံးကွယ်သွားခဲ့သည်။

လက်ရှိတွင် သူ၏
အမှောင်တာအိုဥပဒေသက
ထာဝရအဆင့် သို့ ရောက်သွားခဲ့လေပြီ။
တစ်စုံတစ်ယောက်က
သတိပြုမိခြင်းမရှိလျှင်

မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူတောင်မှ သူ့အား

ရှာတွေ့ဖို့ခက်ခဲပါလိမ့်မည်။

ယန်ယဲ့ ပျောက်ကွယ်သွားသည်နှင့်

တပြိုင်နက်

မီးခိုးရောင်ဝတ်ရုံအဘိုးအိုတစ်ယောက်

က သူရပ်နေခဲ့သည့်နေရာ၌

ပေါ်လာသည်။

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူ ။

မီးခိုးရောင်ဝတ်ရုံအဘိုးအို

ပေါ်လာသည်နှင့် တစ်ချိန်တည်းတွင်

အစောပိုင်းက

လျှို့ဝှက်ဆန်းကြယ်သောလူ ဟာ

နောက်တစ်ကြိမ်ပြန်ပေါ်လာသည်။

မီးခိုးရောင်ဝတ်ရုံအဘိုးအိုက

လျှို့ဝှက်ဆန်းကြယ်သောလူ ကို

စိုက်ကြည့်ကာ "ငါ့မှာ သူတို့အပေါ် မကောင်းတဲ့ ရည်ရွယ်ချက်မပါဘူး"ဟုပြောလိုက်သည်။

လျှို့ဝှက်ဆန်းကြယ်သောလူ က အနည်းငယ် ခေါင်းညိတ်ပြပြီးနောက် အဘိုးအို၏ ဘယ်ဖက်ရင်အုံကို စိုက်ကြည့်လိုက်သည်။ ထိုနေရာ၌ '武'(ဝူ) ဟူသော စာလုံးတစ်လုံး ရေးထိုးထား၏။

လျှို့ဝှက်ဆန်းကြယ်သောလူ က "မင်းက ဝူကလန်ရဲ့ ကျင့်ကြံသူလား"
ဟုမေးလိုက်သည်။

မီးခိုးရောင်ဝတ်ရုံအဘိုးအိုက အနည်းငယ်ခေါင်းညိတ်ပြပြီး "မျိုးနွယ်စုက ဒီကလေးမလေးကို ကာကွယ်ဖို့

ငါ့ကိုတာဝန်ပေးထားတယ်"ဟူ၍
ပြန်ဖြေပါသည်။

လျှို့ဝှက်ဆန်းကြယ်သောလူ က "သူမက
မင်းရဲ့ ဝူကာလန်
ကလား"ဟုထပ်မေးလေသည်။

မီးခိုးရောင်ဝတ်ရုံအဘိုးအိုက “ဒါအမှန်ပဲ”

"မင်းရဲ့ ဝူကလန်က ယန်ကလန်ရဲ့ ဆက်ခံသူတိုက်ပွဲမှာ ပါဝင်ဖို့ ကြံရွယ်ထားလား"

လျှို့ဝှက်ဆန်းကြယ်သောလူ က အတန်ကြာမှ မေးလိုက်ပြန်သည်။

အဘိုးအိုက ခေါင်းကို အနည်းငယ်ခါယမ်းကာ "ငါတို့ အဲဒါကို စိတ်မဝင်စားဘူး။ ဒါပေမဲ့ သူက အဲဒီကလေးနဲ့ အရမ်းရင်းနှီးတာမို့လို့

ငါ့ဝူကလန်က သူ့ကို မတားနိုင်ဘူးလေ။

ဒါကြောင့် သူမကို လျှို့ဝှက်ပြီး

ကာကွယ်ပေးဖို့ပဲ တတ်နိုင်တယ်။

အခုချိန်ထိ မင်းငါ့ကိုဒီမှာကြိုစောင့်နေပြီး

ပုန်းအောင်းနေတာကို

ငါသတိထားမိတယ်။ ဒါပေမဲ့

သူမရဲ့အငွေ့အသက်ကို

ငါရှာမတွေ့တော့ဘူး"

လျှို့ဝှက်ဆန်းကြယ်သောလူ က

"အဆင်ပြေပါတယ်။

သူ့စရိုက်ကိုအခြေခံရင်

ကြီးမားတဲ့အဖြစ်အပျက်တွေ ဖြစ်လာဖို့

သိပ်မကြာလောက်တော့ဘူး။

အဲဒီအချိန်မှာ သူဘယ်မှာနေတယ်ဆိုတာ

မင်းသိလိမ့်မယ်”

အဘိုးအိုက ခေါင်းယမ်းပြီး ပြုံးကာ

"မှန်တယ်"

“နှုတ်ဆက်လိုက်ပါတယ်”

ထိုစကားပြောပြီးသည်နှင့်

လျှို့ဝှက်ဆန်းကြယ်သောလူ က

နေရာတွင်ပင် ပျောက်ကွယ်သွားသည်။

မီးခိုးရောင်ဝတ်ရုံအဘိုးအို က

လေးလေးနက်နက် တွေးတောပြီးနောက်

နေရာတွင်ပင် ပျောက်သွားခဲ့သည်။

...

ယန်ကလန်၏ ဆက်ခံသူနေရာလုတိုက်ပွဲ

မစခင် အချိန် ၁၀

ရက်ထက်မနည်းကျန်နေပါသေးသည်။

သို့သော် ယန်ယဲ့အမြင်အရတော့

သူလုပ်ဆောင်ရမည်က

ကောင်းကင်ငယ်ကို

မြန်မြန်ဆန်ဆန်ကယ်တင်ဖို့သာ။

ကောင်းကင်ငယ်၏ မူလဝိညာဉ်က

ပြင်းထန်စွာ ဒဏ်ရာရနေခဲ့သည်။

မူလခရမ်းရောင်စွမ်းအင်က သူမ၏

ဝိညာဉ်ကို မကွဲမလွင့်အောင်

ထိန်းထားသော်လည်း အပြည့်အဝ

ကုသမပေးနိုင်ပေ။

အချိန်ကြာလာသည်နှင့်အမျှ

ကောင်းကင်ငယ်၏ မူလဝိညာဉ်ဟာ

တဖြည်းဖြည်း

ပျောက်ကွယ်သွားနိုင်သည်။

မူလဝိညာဉ်ဒဏ်ရာများက

ပျက်စီးလုနီးပါးထိ ပြင်းထန်နေလို့ပါ။

ထို့ကြောင့် ယန်ယွဲ့ သည် ကူကလန်၏

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်သားအပိုင်း

အစတစ်ခုကို အရယူရန်

ဆုံးဖြတ်လိုက်သည်။

May Be:

၁၉၈၆

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၈၆ - ကူကလန်၏ ဓားကေရီ

ကူယန်စနစ် ။

အတိတ်တွင် ဤဂြိုဟ်၏နာမည်က

ကူယန်စနစ် မဟုတ်ပေ။ သို့သော်လည်း

ကူကလန်၏

တည်ထောင်သူဘိုးဘေးအား

ဂုဏ်ပြုသောအားဖြင့် စနစ်ကို

ကူယန်စနစ်ဟုအမည်ပေးထားခဲ့သည်။

အကြောင်းမှာ ကူကလန်၏

တည်ထောင်သူဘိုးဘေး နာမည်က

ကူယန် ဖြစ်နေလို့ပါ။

ကူယန် သနစ်က သိပ်တော့မကြီးမားပေ။

အလွန်သေးငယ်သော

ဂြိုဟ်သိမ်တစ်ခုဟုပင်ဆိုနိုင်၏။

စနစ်တစ်ခုလုံး၌ ကမ္ဘာကြီးတစ်ခုသာ

ရှိနေခဲ့သည်။ ၎င်းက

ကျူယန်တိုက်ကြီးပင်။

ထိုတိုက်ကြီးတွင်လည်း မျိုးနွယ်စုတစ်ခု

တည်းသာ ရှိသည်၊ ထိုမျိုးနွယ်စုက

ကူမျိုးနွယ် (ကူကလန်)ပါ။

ထူးခြားသည်မှာ ကူကလန် သည်

အခြားမျိုးနွယ်များနှင့် မတူပါ။

အကြောင်းကတော့ ကူကလန်ဟာ

အခြားသောနယ်မြေများကို လုယက်ခြင်း

သို့မဟုတ် မျိုးနွယ်စု၏တပည့်များအား

အပြင်လောကသို့ ထွက်ခွင့်မပြုလို့ပါ။

ထိပ်သီးတပည့်အနည်းငယ်လောက်သာ

အပြင်လောက ကို ထွက်ပေါ်လာဖူးသည့်

အတိုင်းအတာအထိပင်။ ထို့ကြောင့်

အလယ်စကြာဝဠာတစ်ခုလုံးဟာ

ကူကလန်၏ အစစ်အမှန်အင်အားကို

မသိပေ။

နောက်ဆုံးတွင် ကူကလန် သည်

မဟာကလန်ကြီး ၈ ခုအနက်

အဆန်းကြယ်ဆုံးသော

မျိုးနွယ်စုကြီးဖြစ်လာခဲ့လေသည်။

အမည်မသိသူ သို့မဟုတ်
မမြင်နိုင်သောလူတစ်ယောက်ဟာ
ကြောက်စရာအကောင်းဆုံးပင်။

ယန်ယဲ့ သည် အရှိန်ပြင်းပြင်းဖြင့်
ခရီးဆက်လာသောကြောင့် အချိန် ၂
ရက်အကြာမှာပဲ
ကူယန်စနစ်သို့ ရောက်လာခဲ့သည်။
မှန်သည်၊ အဓိကအားဖြင့်တော့

ကောင်းကင်ဟင်းလင်းပြင်တိုက်ကြီး က ကူယန်စနစ်(ကူယန်ဂြိုဟ်) နှင့် သိပ်မဝေးလို့ပါ။

သို့သော် ယန်ယဲ့ သည် ကူယန်စနစ်ထဲသို့ ဝင်ခါနီးတွင် သူ့ပတ်ပတ်လည်ရှိ အာကာသပြင်က တုန်လှုပ်သွားသည်။

သောက်ကျိုးနည်းပြီထင်တယ် ။

ယန်ယဲ့ သည် စိတ်ထဲမှ

အမှတ်တမဲ့အော်ဟစ်လိုက်သည်။

သိပ်မကြာလိုက်ပါ၊ သူ့ရှေ့တွင်

အမျိုးသမီးငယ်တစ်ယောက်ပေါ်လာခဲ့သ

ည်။

အမျိုးသမီးက အသက် ၂၀

ကျော်ခန့်သာရှိသေး၏။

အစိမ်းရောင်ဝတ်ရုံရှည်ကို

ဝတ်ဆင်ထားကာ သူမ၏ခေါင်းထက်မှ

အနက်ရောင်ဆံပင်ရှည်များဟာ ခါးအထက်ထိကျဆင်းနေပါသည်။

သူမက ယန်ယဲ့ ရပ်နေသည့်နေရာဆီသို့ လျှောက်လာရင်း အေးစက်စက် တစ်ချက်ကြည့်လိုက်ပြီး "နင် လာခဲ့တဲ့ နေရာကို ပြန်သွားပါ" ဟု ပြောလိုက်သည်။

ယန်ယဲ့ သည် အာကာသပြင်ထဲမှ
ထွက်မလာခင် ခဏမျှ
တိတ်ဆိတ်သွားခဲ့သည်။ ဒီအချိန်မှာ
သူက ကူကလန် ကို
ခိုးဝင်ဖို့မဖြစ်နိုင်ကြောင်း သိလိုက်သည်။

ယန်ယဲ့ က အမျိုးသမီးငယ်ကို
လက်သီးဆုပ်ပြီး "ယန်မျိုးနွယ်ရဲ့
ယန်ယဲ့" ဟု ပြောလိုက်သည်။

အမျိုးသမီးငယ် က ယန်ယဲ့ကို

ငုံ့ကြည့်ကာ

"နင်ဘာလို့ဒီကိုရောက်နေတာလဲ"

ယန်ယဲ့ က မပြောခင်

ခဏကြာတိတ်ဆိတ်နေပြီးမှ

"စိတ်ဝိညာဉ်သစ်သားတစ်ပိုင်းလောက်

တောင်းရအောင်လို့

ရောက်လာတာပါ"ဟုပြန်ပြောပါသည်။

“နင် လာခဲ့တဲ့နေရာကို ပြန်သွား”

အမျိုးသမီးငယ်က ယန်ယွဲ့ကို

အချိန်အတော်ကြာအောင်

စိုက်ကြည့်နေပြီးမှ

အေးစက်စက်ပြောလိုက်သည်။

ယန်ယွဲ့ က ခေါင်းခါလိုက်ပြီး

"ငါငြင်းတယ်"

သူမက

မျက်လုံးချင်းတည့်တည့်ကြည့်ကာ

"ဒါဆို သေလိုက်တော့"ဟု

တစ်ခွန်းတည်းသာ ပြောလိုက်သည်။

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး

"ငါသေလည်း မသေချင်ဘူး"

ထိုစကားပြောပြီး အမျိုးသမီးဟာ နေရာတွင်ပျောက်သွား၏။ ထို့နောက်တွင် နေရာမှာပဲ ပျောက်သွားသည်။

ဓားကျင့်ကြံသူ ။

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ် ကျဉ်းမြောင်းသွားသည်။ သူ့ရှေ့မှ အမျိုးသမီးငယ်ဟာ ဓားကျင့်ကြံသူ ဖြစ်နေမည်ဟု မမျှော်လင့်ထားခဲ့ပေ။

ထို့အပြင် သူမက အစွမ်းထက်

ဓားကျင့်ကြံသူတစ်ယောက် ပါ။

ယန်ယဲ့ သည် ပေါ့ပေါ့ဆဆ ပြုမူဝံ့ခြင်း

မရှိပေ။ သူ၏ညာလက်သီးကို

ဆုပ်ထားပြီး ရှေ့ကို လှမ်းထိုးလိုက်သည်။

ဘမ်း....

ပေါက်ကွဲသံ ထွက်ပေါ်လာပြီး ယန်ယဲ့

သည်

မီတာ ၃၀၀ အကွာထိ လွင့်ပျံသွားခဲ့သည်။

သို့သော်လည်း

အစိမ်းရောင်ဓားစွမ်းအင်ဟာ

ပျောက်ကွယ်မသွားသေးဘဲ

အလွန်ထူးဆန်းသည့်ပုံစံဖြင့် ယန်ယဲ့

ဆီသို့ ပစ်လွှတ်လိုက်လေသည်။

ယန်ယဲ့ သည် ခဏမျှ

တိတ်ဆိတ်သွားပြီးနောက်

သူ၏လက်ကိုဝှေ့ယမ်းကာ

ဓားတစ်ချောင်း ထုတ်ယူလိုက်သည်။

ထို့နောက် ရိုးရိုးရှင်းရှင်းပင် ရှေ့ကို

တိုက်ရိုက်ထိုးသွင်းလိုက်သည်။

ဆူး...

ဓားအလင်းတန်းတစ်ခု လင်းလက်လာပြီး

အစိမ်းရောင်ဓားစွမ်းအင်က

ပျောက်ကွယ်သွားသည်။

အမျိုးသမီးငယ်က လှပသော

မျက်ခုံးနှစ်ဖက်ကို အနည်းငယ် ဖိထားပြီး

"ဓားကျင့်ကြံသူလား"

ယန်ယွဲ့ က ရယ်မောရင်း

“ငါတို့နှစ်ယောက်လုံးက ဓားကျင့်ကြံသူ

ဆိုတော့ ကူညီပေးလို့ရမလား။ ငါက
စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်သားလေး
တစ်ပိုင်းတစ်စလောက်ပဲလိုတာပါ။
အလကားမယူပါဘူး။တခြားအရာတွေကို
လဲလှယ်ပေးနိုင်ပါတယ်။ ဒါမှမဟုတ်
မင်းမှာ တောင်းဆိုချက်တစ်ခု
ရှိကောင်းရှိနိုင်သလို အဲဒါကိုလည်း
ပြောပြနိုင်ပါတယ်။ ငါသေချာပေါက်…”

“မဟုတ်ဘူး” ထိုအတောအတွင်း

အမျိုးသမီးငယ်က ယန်ယွဲ့ကို

အေးစက်စက်စိုက်ကြည့်ကာ

"ထွက်သွားစမ်း။ မဟုတ်ရင်

ငါ့ကူကလန်ကို ကရုဏာမပြလို့

အပြစ်မတင်နဲ့"ဟုသာပြောပါသည်။

ယန်ယွဲ့က ခဏတိတ်ဆိတ်သွားပြီး

"မင်းငါ့ကို တစ်လုံးမပေးမချင်း

ငါထွက်သွားမှာမဟုတ်ဘူး"ဟု
ပြန်ပြောလိုက်သည်။

အမှန်တော့ သူ့လုပ်ရပ်က မှားနေခြင်းပါ။
သူလည်း ကောင်းကောင်းသိပါသည်။
သို့သော်
စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်သားဟာ
ကောင်းကင်ငယ်၏ ကံကြမ္မာနှင့်
ဆက်စပ်နေလေရာ မတတ်နိုင်ခဲ့ပေ။

မည်မျှပင် အရှက်မဲ့စေကာမူ သူ့ကိုယ်သူ မှားသည် ဟု မပြောဘဲ ကျေကျေနပ်နပ်ကြီး လုပ်နေလေသည်။

အမျိုးသမီးငယ်က ယန်ယဲ့ကို အချိန်အတော်ကြာ စိုက်ကြည့်ပြီးနောက် ရုတ်တရက် ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်သည်။ ခဏအကြာတွင် သူမက ယန်ယဲ့ရှေ့၌ ပေါ်လာသည်။ သူမ၏လက်ထဲမှာ ဝါးခြမ်းပြားတစ်ခု

ပေါ်လာပြီး ယန်ယဲ့၏နဖူးဆီသို့
တိုးဝင်လာသည်။

ယန်ယဲ့ သည် နေရာတွင် မတ်တပ်ရပ်ပြီး
သေခြင်းတရား ရောက်လာမည့်အချိန်ထိ
စောင့်ဆိုင်းနေတတ်သူ
မဟုတ်ပေ။သူ၏လက်ကောက်ဝတ်ကို
ဆတ်ခနဲလိမ်ကာ ဓားကို အပေါ်သို့
လှန်လိုက်သည်။

ဖန်း…

နားကွဲမတတ် တိုက်မိသံများ

ထွက်ပေါ်လာပြီးနောက် ယန်ယဲ့ နှင့်

အမျိုးသမီးငယ် တို့နှစ်ယောက်လုံး

အကြိမ်ကြိမ်နောက်ပြန်ဆုတ်သွားရသည်

။ ထိုအတောအတွင်း အမျိုးသမီးငယ်က

သူမ၏လက်ထဲမှ ဓားခြမ်းပြားကို

ရုတ်တရက် လှန်လိုက်သည်။

ဆူး…

အစိမ်းရောင်ဓားစွမ်းအင်အလင်းတန်းတစ်ခု တဖျပ်ဖျပ်လင်းလက်လာသည်။

ယန်ယဲ့ က သူ့ဓားကို မြှောက်ပြီး အထက်ကိုလှန်လိုက်သည်။

ဘုန်း…

အစိမ်းရောင်ဓားစွမ်းအင်က

အပိုင်းပိုင်းခွဲထုတ်ခံလိုက်ရသည်။

ထိုအချိန်တွင် အမျိုးသမီးငယ်က

ယန်ယွဲ့ရှေ့မှ ရုတ်တရက် ပေါ်လာသည်။

တစ်ချိန်တည်းမှာပင် ဝါးခြမ်းပြားက

ယန်ယွဲ့၏ မျက်နှာဆီသို့

ရိုက်ချလာသည်။

ယန်ယဲ့ သည် ဓားကိုမြှောက်ပြီး

သူ့ကိုယ်သူကာကွယ်ရန်ပြင်လိုက်၏။

သို့သော်လည်း

သူ၏အမူအရာက ရုတ်တရက်

ပြောင်းလဲသွားသည်။

အကြောင်းကတော့ ဝါးခြမ်းပြားက

ရုတ်တရက် အရှိန်တက်လာပြီး

စွမ်းအားများ

တဟုန်ထိုးတိုးလာသောကြောင့်ပါ။

ဘုန်း…

ပေါက်ကွဲသံ ထွက်ပေါ်လာပြီးနောက်

ယန်ယဲ့ သည် ၃ ကီလိုမီတာအကွာထိ

ပေါက်ကွဲသွားခဲ့သည်။

သူ့ကိုယ်သူ ရပ်တန့်လိုက်သည်နှင့်

တပြိုင်နက် အမျိုးသမီးငယ်ဟာ

သူ့ရှေ့တွင် တစ်ဖန် ပေါ်လာပြီး

ပြင်းထန်သော ဓားစိတ်ဆန္ဒဖိအားက

ယန်ယွဲ့ကို ဖုံးလွှမ်းသွားသည် ။

ပြန်လာအဆင့် ဓားစိတ်ဆန္ဒ ။

ဓားစိတ်ဆန္ဒ နောက်ကွယ်မှ

မရေမတွက်နိုင်သော

အစိမ်းရောင်ဓားစွမ်းအင် ရောင်ခြည်များ

အနီးကပ် ပါလာသည်။

ဘုန်း...ဘုန်း...ဘုန်း...

ပေါက်ကွဲသံများ အဆက်မပြတ်
ထွက်ပေါ်လာပြီး ယန်ယဲ့ သည်
ထပ်ခါတလဲလဲ
နောက်ပြန်ဆုတ်သွားခဲ့ရလေသည်။

ဘမ်း...

အသက်ရှူ ၁၀

ရှိုက်စာလောက်အကြာတွင်တော့

ကျယ်လောင်သော ပေါက်ကွဲသံကြီး

တစ်ချက် ထွက်ပေါ်လာပြီး ယန်ယဲ့ သည်

၃ ကီလိုမီတာအကွာသို့

လွင့်ပျံထွက်သွားသည်။ ထိုအချိန်တွင်

အမျိုးသမီးငယ်က ထပ်မံတိုက်ခိုက်ရန်

ပြင်နေသော်လည်း ယန်ယဲ့ သည်

ချက်ချင်းဆိုသလိုပင်
ပျောက်ကွယ်သွားခဲ့သည်။

အမျိုးသမီးငယ်၏ အမူအရာသည်
သိသိသာသာပြောင်းလဲသွားပြီး
သူမရပ်နေသည့်နေရာမှ
ခုန်ထွက်သွားဖို့ပြင်လိုက်သည်။
သို့သော်လည်း နောက်ကျသွားပါပြီ။

ဓားတစ်ချောင်းက သူမ၏လည်ပင်းကို
ဖိကပ်ထားလို့ပါ။

အမှောင်တာအိုဥပဒေသ ။

ယန်ယဲ့ ဟာ သူ၏အားနည်းချက်ကို
လှစ်ဟထားသည့် အကြောင်းအရင်းမှာ
အမှောင်တာအိုဥပဒေသ ကို
ထုတ်သုံးချင်လို့ပါ။

ယန်ယဲ့ သည် အမျိုးသမီးငယ်ကို
သတ်ဖြတ်ဖို့တော့ မရည်ရွယ်ခဲ့ပေ။
နောက်ဆုံးတွင် သူသည် ပြဿနာရှာဖို့
မဟုတ်ဘဲ
အကူအညီတောင်းဖို့သာရောက်လာခြင်း
မဟုတ်ပါလား။ ယန်ယဲ့ ကသူ့ဓားကို
ချက်ချင်းဖယ်လိုက်ပြီး မီတာ ၃၀၀
အကွာကို ရွှေ့လိုက်ကာ "ကြည့်စမ်း၊ ငါ့မှာ
မကောင်းကြံတာ မရှိဘူး။ ငါက

လူကောင်းတစ်ယောက်ပါ။

ငါအမှန်အတိုင်းပြောနေတာပါ"ဟုပြောပါသည်။

အမျိုးသမီးငယ် က ယန်ယဲ့ ကို

လှမ်းကြည့်ကာ 'လာ။

ငါ့ရဲ့နောက်ထပ်တိုက်ခိုက်မှုကို

ခံယူလိုက်"

ဟု ပြောပြီး

မျက်လုံးကိုမှိတ်ထားလိုက်သည်။

ထိုခဏလေးမှာပဲ အမျိုးသမီးငယ်၏

ခန္ဓာကိုယ်ထဲမှ ဝိညာဉ်ကိုယ်ပွားတစ်ခု

ထွက်လာသည်။ ထို့နောက်တွင် စူးရှသော

အလင်းတန်းတစ်ခု လင်းလက်လာသည်။

ဓားဝိညာဉ်နည်းစနစ် ။

ယန်ယဲ့၏ အမူအရာက

ချက်ချင်းပြောင်းလဲသွားသည်။ သူ့ရှေ့မှ

အမျိုးသမီးငယ်ဟာ

ဓားဝိညာဉ်နည်းစနစ်ကို

ပြီးပြည့်စုံသောအဆင့်ထိ

ကျွမ်းကျင်ထားမယ်လို့ မမျှော်လင့်ခဲ့ပေ။

သူက ပေါ့ပေါ့ဆဆ မလုပ်ဝံ့ဘဲ

ပြန်လာအဆင့် ဓားစိတ်ဆန္ဒကို

သူ့လက်ထဲမှ ဓားဆီသို့ပို့လွှတ်ကာ

အမြန်ဆွဲပိုင်းလိုက်တော့သည်။

ဘမ်း...

ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု

ထွက်ပေါ်လာပြီးနောက် ယန်ယွဲ့ သည် ၁၀

ကီလိုမီတာအကွာသို့

လွင့်ထွက်သွားခဲ့သည်။

ယန်ယွဲ့၏ပုံရိပ် ရုပ်တန့်လိုက်သည်နှင့်

တပြိုင်နက် အမျိုးသမီးငယ်၏

ဝိညာဉ်ကိုယ်ပွားက

ဝါးခြမ်းပြားတစ်ခုကိုင်ထားလျက်

သူ့ရှေ့ကို ရောက်ရှိလာပြီး

နောက်တစ်ကြိမ်

ထပ်၍တိုက်ခိုက်လိုက်သည်။

ဘုန်း...

ယန်ယဲ့၏မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားပြီး နေရာတွင်ပင်
ပျောက်သွားခဲ့သည်။

ပြန်လည်မွေးဖွားခြင်း၏ဓား။

လက်ရှိတွင်မူ ယန်ယဲ့ သည်
မထိန်းထားတော့ပေ။
ပြန်လည်မွေးဖွားခြင်း၏ဓား ကို
ချက်ချင်းထုတ်သုံးလိုက်တော့သည်။

ဘမ်း...

ကျယ်လောင်သော ပေါက်ကွဲသံ

ထွက်ပေါ်လာပြီးနောက်

မရေမတွက်နိုင်သော ဓားစွမ်းအင်

ရောင်ခြည်တန်းများ နေရာအနှံ့ကို

ဖြာထွက်လာသည်။

ထိုအချိန်တွင် ယန်ယဲ့ သည် ၃

ကီလိုမီတာအကွာအဝေးသို့

ထပ်မံလွင့်ထွက်သွားသည်။

အမျိုးသမီးငယ်၏ ဝိညာဉ်ကိုယ်ပွား

ကတော့ သူမ၏ခန္ဓာကိုယ်သို့

ပြန်ဝင်သွားခဲ့သည်။ သို့သော်

အချိန်အနည်းငယ်အကြာမှာပဲ သူမ၏

ဝိညာဉ်ကိုယ်ပွားက ရုတ်တရက်

ပြန်ထွက်လာသည်။ ထို့နောက်တွင်

ယန်ယဲ့၏ရှေ့ကို

ချက်ချင်းရောက်ရှိလာသည်။

ထိုမြင်ကွင်းကိုမြင်သောအခါ ယန်ယဲ့

သည်

မျက်ခွံများ လှုပ်ယမ်းသွားပြီး

"ငါလက်မြှောက်လိုက်တယ်"ဟူ၍

အလျင်အမြန် အော်ပြောလိုက်လေသည်။

ထိုအချိန်တွင် ဝိညာဉ်ကိုယ်ပွားက ယန်ယဲ့
နှင့် ၃ မီတာအကွာ၌
ချက်ချင်းရပ်သွားခဲ့သည်။

သို့သော်လည်း ယန်ယဲ့၏ပုံရိပ်က
ဖျတ်ခနဲပျောက်သွားပြီး
အမျိုးသမီးငယ်၏ ခန္ဓာကိုယ်နောက်မှ
ထင်ကျန်နေသောအရိပ်ဟာ
လှုပ်ရှားလာသည်။ ထို့နောက်တွင်

ဓားတစ်ချောင်းက သူမ၏လည်ပင်းကို

ဖိကပ်ထားလေသည်။

ယန်ယဲ့ က

သူမ၏ဝိညာဉ်ကိုယ်ပွားကိုကြည့်ရင်း

မူလခန္ဓာကိုယ်၏လည်ပင်းကို ဓားဖြင့်

ဖိကပ်ထားလျက် "ခုနတုန်းက

ငါနောက်နေတာပဲ"

နောက်နေတာ ဟုတ်လား ။

အမျိုးသမီးငယ်၏ ဝိညာဉ်ကိုယ်ပွားမှ
မျက်နှာအမူအရာသည်
အေးခဲသွားခဲ့သည်။
တစ်စုံတစ်ယောက်အား အကြည့်ဖြင့်သ
သတ်နိုင်ခဲ့ရင်တော့ ယန်ယွဲ့ဟာ အကြိမ်
၁၀၀ မက သေနေလောက်ပါပြီ။

May Be:

၁၉၈၇

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်
သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၈၇ - ထူးဆန်းသော

ထိုအချိန်တွင် ယန်ယဲ့ သည် ရုတ်တရက်
နောက်ပြန်ဆုတ်သွားသည်။
ထိုသို့လုပ်လိုက်သည်နှင့်
အမျိုးသမီး၏ဝိညာဉ်ကိုယ်ပွားဟာ

အလင်းတန်းသဖွယ်ပြောင်းလဲကာ သူမ၏ခန္ဓာကိုယ်ထဲသို့ ချက်ချင်း ပြန်ဝင်လာသည်။ ထို့နောက် ယန်ယဲ့ ကို လှည့်ကြည့်ကာ "အရှက်မရှိဘူး" ဟု အေးစက်စွာပြောခဲ့သည်။

အမျိုးသမီးငယ်၏အမြင်က ဓားကျင့်ကြိုသူဟာ တိုက်ပွဲကို မှန်ကန်မျှတစွာ တိုက်ခိုက်သင့်၏။ အနည်းဆုံးတော့ အတိတ်က သူမ

ရင်ဆိုင်တွေ့ဖူးသည့်

ဓားကျင့်ကြံသူတိုင်းဟာ

အလွန်သမာသမတ်ကျပါသည်။

သို့သော်၊ သူမရှေ့က ဓားကျင့်ကြံသူဟာ

အရှက်မဲ့ပြီး

လှည့်စားတတ်သူဖြစ်နေသည်။

သူမ၏စိတ်ထဲ၌ ထိုလူက

အရှက်မဲ့သည်ဟုကျိန်ဆဲနေပါသည်။

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး

"မင်းမှားနေပြီ"ဟု ပြန်ပြောသည်။

"ငါမှားလား" သူမက

အေးစက်စွာပြောသည်

“ဓားကျင့်ကြံသူတွေဟာ

ဖြောင့်မတ်မှန်ကန်ရမယ်၊

သမာသမတ်ကျသင့်တယ်။ ဒါပေမဲ့

နင်က အရှက်မဲ့တယ်။

စားကျင့်ကြံသူဖြစ်ဖို့
မထိုက်တန်ဘူး"ဟုပြောခဲ့သည်။

ယန်ယဲ့က "အစကတည်းက
မင်းပြောခဲ့တာကို
ငါတကယ်သဘောတူတယ်။ ဒါဟာ
မင်းရဲ့စားတာအို ဖြစ်နေလို့လေ။ ဒါပေမဲ့
မင်းပြောခဲ့တဲ့ နောက်ဆုံးစကားကိုတော့
ငါသဘောမတူဘူး။
စားကျင့်ကြံသူတိုင်းဟာ

ကိုယ်ပိုင်ဓားတာအိုရှိကြတယ်၊ သူတို့ရဲ့
တာအိုနှလုံးသား အတိုင်း
လုပ်ဆောင်ရမယ်။ ငါက
ဖြောင့်မတ်ချင်နေရင် ဒါမှမဟုတ်
ပွင့်လင်းချင်ရင်တော့ ငါလုပ်မယ်။
အဲဒီလိုပဲ အရှက်ကင်းမဲ့ချင်ရင်တော့
လုပ်ရမှာပေါ့။ နားလည်လား"

"အခြေအမြစ်မရှိတဲ့
အကြောင်းပြချက်ပဲ" အမျိုးသမီးငယ်က

အေးစက်စွာပြောသည် “နင်က

အရှက်မရှိတာထက်ကို ပိုတယ်၊

လုံးလုံးကို အရှက်မဲ့သွားပြီ။ နင်ကိုယ်တိုင်

ဆင်ခြေပေးဖို့ ကြိုးစားနေသလား။

ကြောင်သူတော်ပဲ”

ယန်ယဲ့ က ပခုံးတွန့်ကာ "ငါ

အရှက်ကင်းမဲ့တာကို ဝန်ခံပါတယ်"

ဟုပြောရင်း စကားခဏရပ်ပြီး

“အလောင်းအစားလုပ်ကြရအောင်။

တရားမျှတစွာ တိုက်ခိုက်မယ်။ ငါရှုံးရင် မင်းကြိုက်သလို လုပ်လို့ရတယ်။ အဆင်ပြေလား"

“ငါရှုံးရင် ဘယ်လိုလုပ်မလဲ”
အမျိုးသမီးငယ်က ပြန်မေးသည်။

ယန်ယဲ့ က
ခဏလောက်စဉ်းစားလိုက်သည်။
သူစကားပြောဖို့ပြင်လိုက်စဉ်

အမျိုးသမီးငယ်က “ငါ့မှာ စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်သား မရှိဘူး” ဟုပြောလာခဲ့သည်။

ယန်ယဲ့ သည် မျက်ခွံများ လှုပ်ယမ်းသွားသည် " သူမ အရမ်းညဏ်ပြေးတယ် "

သူက ခဏကြာစဉ်းစားလိုက်ပြီး "မင်းမှာ စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်သား

မရှိဘူးဆိုတာ ငါသိတယ်။ ဒါဆို ငါတို့

ဒါကို ဘယ်လိုလုပ်မလဲ။ မင်းရှုံးရင် ငါ့ကို

ကူကလန် ဆီခေါ်သွားပေး။

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်သားကို ရဖို့

ငါ့ကိုယ်ပိုင်လမ်းရှာမယ်။

ကောင်းပြီလား။ စိတ်မပူပါနဲ့၊

ငါဘာမှလုပ်နိုင်မှာမဟုတ်ဘူး။

ငါ့ကိုကြည့်။ ငါဘယ်လောက်ပဲ

သန်မာနေပါစေ ကူကလန်ရဲ့

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်သားကို

ခိုးယူဖို့ဆိုတာ မဖြစ်နိုင်ဘူးမဟုတ်လား"

သူမက အကြာကြီး

တိတ်တိတ်ဆိတ်ဆိတ်နေပြီးမှ "ဒါဆို

နင်က ဘာလို့ ငါ့ကို အဲဒီကို

ခေါ်သွားချင်တာလဲ" ဟု မေးလိုက်သည်။

ယန်ယဲ့က  "မင်းရဲ့တာအိုနှလုံးသားမှာ
ဓားနဲ့ပတ်သတ်ပြီး ပြဿနာရှိနေတယ်
"ဟု ရုတ်တရက်ပြောလိုက်သည်။

သူမက မျက်မှောင်ကြုတ်ကာ
"နင်ဘာကိုဆိုလိုတာလဲ"

ယန်ယဲ့က သူမကို လှမ်းကြည့်ရင်း
"ဓားကျင့်ကြံသူတစ်ယောက်အနေနဲ့
သတ္တိရှိရှိ ရှေ့ကိုတိုးသင့်တယ်။

စိတ်နှလုံးသားထဲမှာ ကြောက်ရွံ့မနေသင့်ပါဘူး။ ဒါပေမဲ့ မင်းဘာလုပ်ခဲ့လဲ။ မင်းငါ့ကိုမတိုက်ခင်မှာ မင်းရဲ့ ရှုံးနိမ့်ဖို့ကို ကြိုစဉ်းစားနေတာ။ ဒါ ပြဿနာမဟုတ်ဘူးလား"

အမျိုးသမီး၏ မျက်ခုံးများက တွဲလျက် ဖိထားလေသည်။ သူမက တစ်ခုခုပြောချင်ပုံဖြင့် နှုတ်ခမ်းများ

လှုပ်သွားသော်လည်း အဆုံးမှာတော့ ဘာမှပြန်မပြောနိုင်ပေ။

တစ်ချိန်တည်းမှာပင် ယန်ယဲ့ က ဆက်ပြောလိုက်သည် "ဓားကျင့်ကြံသူတစ်ယောက်အနေနဲ့ မင်းရဲ့ခွန်အားက ယုတ်ညံ့နေရင်တောင် မင်းဟာ ကိုယ့်ကိုကိုယ် ယုံကြည်ရမယ်။ မင်းရဲ့ စိတ်နှလုံးသားထဲမှာ မကြောက်ရဘူး။ ဒါမှသာ မင်းရဲ့

စစ်မှန်တဲ့ ခွန်အားကို

တကယ်ထုတ်နိုင်မှာပါ။

တာအိုနှလုံးသားထဲမှာ

ကြောက်ရွံ့မှုတွေရှိနေရင်

မင်းရဲ့စစ်မှန်တဲ့စွမ်းရည်ကို

တွန်းလှန်နိုင်မှာမဟုတ်ဘူး၊ မင်းကိုယ်မင်း

ကန့်သတ်ထားလိမ့်မယ်။

ချည်နှောင်ထားသောဓားတစ်ချောင်းဟာ

ဓားတစ်လက်ဖြစ်နေသေးသလား"

အမျိုးသမီးငယ်က မျက်ခုံးနှစ်ဖက်ကို

တင်းတင်းကြပ်ကြပ် ဖိထားသည်

"နင်ပြောတာက အဓိပ္ပါယ်ရှိတယ်၊ ဒါပေမဲ့

တစ်ခုခုမှားနေတယ်လို့

ငါဘာလို့ခံစားရတာလဲ"ဟု မေးပါသည်။

မှန်သည်၊ ယန်ယဲ့ ပြောသည့် စကားထဲ၌

တစ်ခုခုတော့ မှားသွားပါပြီ။

ဓားကျင့်ကြံသူဟာ

ဓင်း၏တာအိုနှလုံးသား၌

ကြောက်ရွံ့မှုတစ်စုံတစ်ရာ မရှိသင့်ဟု

ဆိုခြင်းသည် မမှားပါ။ သို့သော်လည်း

ရှုံးနိမ့်ပါက ဘာဆက်ဖြစ်မလဲဟု

မေးမြန်းသည်ကတော့ မသက်ဆိုင်ပေ။

အကယ်၍ ယန်ယွဲ့ သာ အရာအားလုံးကို

မေးမြန်းခြင်းမရှိရင်တော့

သူမ၏စိတ်ထဲ၌ မကြောက်ရွံ့ဘဲ
ဆက်ပြီး တိုက်ခိုက်နေပါလိမ့်မည်။

အမျိုးသမီးငယ်၏ စကားကို
ကြားသောအခါ ယန်ယဲ့ သည်
မျက်တောင်များလှုပ်ယမ်းသွားပြီး
"ငါ့ကိုကြည့်ပါဦး။ ကူကလန်ရဲ့
စွမ်းအားက
ငါ့ထက်အများကြီးသာတယ်။
ဒါပေမယ်လို့ ငါ ဒီနေရာအထိလာပြီးတော့

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်သားကို တောင်းဆိုနေတယ်"

သူမက ယန်ယွဲ့ကို စိုက်ကြည့်ကာ "နင်က လူမိုက်လို့ထင်တယ်" ဟု ပြန်ဖြေသည်။

ယန်ယွဲ့ သည် ချက်ချင်း စကားမပြောနိုင်သေးပေ၊ သူ့စိတ်ထဲ အတော်လေး အံ့အားသင့်သွားသည်။

“နင့်ရဲ့ ခွန်အားက မဆိုးပေမယ်လို့
စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်သားကို
ခိုးယူဖို့ ကြိုးစားရင် ကိုယ့်သေတွင်းကို
တူးလိုက်တာပဲလို့ပြောရမယ်”

ယန်ယဲ့ က ခေါင်းခါလိုက်သည်
"မဟုတ်ဘူး၊ ငါက မကြောက်ဘူး။
ကူကလန် က ငါ့ထက် အများကြီး
သန်မာတယ်၊ ဒါပေမဲ့ ငါ မကြောက်ဘူး။

ငါနှလုံးသားထဲမှာ ကြောက်စရာမရှိဘူး၊
ဒါဟာ ငါ့ယုံကြည်မှုတစ်ခုပဲ”

အမျိုးသမီးငယ် က ယန်ယဲ့ကို
အနည်းငယ်ကြာထိ စိုက်ကြည့်ပြီး "နင်က
နည်းနည်းတော့ မကြောက်တတ်ဘူး၊
ဒါပေမဲ့ နင်က ငတုံးလို့ ငါထင်တုန်းပဲ" ဟု
ပြောလိုက်သည်။

ယန်ယဲ့၏ မျက်နှာက

မည်းမှောင်သွားသည် "ဒါဆို ငါတို့

စကားကောင်းကောင်း

မပြောနိုင်တော့ဘူးလား"

သူမက

"နင်ငါ့ကိုစားနဲ့မပြိုင်ချင်ဘူးလား"

ယန်ယဲ့ က ခေါင်းညိတ်ပြသည် “ဒါဆို

လာပါ။ တရားမျှတစွာ

တိုက်ခိုက်ကြရအောင်"

နှစ်ယောက်သား အကြည့်ချင်းဖလှယ်ပြီး

နေရာတွင်ပင်

ပျောက်သွားကြသည်။နောက်တစ်ကြိမ်

ပြန်ပေါ်လာသည်နှင့် တစ်ယော

က်နဲ့တစ်ယောက်

မီတာအနည်းငယ်အကွာမှာ ရှိနေခဲ့သည်။

အမျိုးသမီးငယ်က လက်ကောက်ဝတ်ကို
အနည်းငယ်လိမ်လိုက်ရာ
သူမ၏လက်ထဲမှ ဝါးခြမ်းပြားဟာ
အဆိပ်ပြင်းသောမြွေတစ်ကောင်လို
ချက်ချင်းရွေ့လျားလာသည်။ ထို့နောက်
လေထဲ၌ တွန့်လိမ်နေကာ ရုတ်ချည်းပင်
ယန်ယွဲ့၏လည်ပင်းတည့်တည့်
ထိုးသွင်းလာသည်။

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားသည်။
သူ့ညာဖက်ခြေထောက်ကို တစ်ဖက်သို့
အနည်းငယ်ရွှေ့လိုက်ပြီး ဓားကို ရှေ့သို့
လှမ်းထိုးလိုက်သည်။

သူ၏ဓားချက်က အလွန်လျင်မြန်ပြီး
ဝါးခြမ်းပြား ထိပ်ကို ထိမှန်သွားသည်။

ဖုန်း...

နှစ်ခုလုံး တစ်ချိန်တည်းတွင် ပြင်းထန်စွာ

တုန်ခါသွားပြီးနောက် နှစ်ယောက်စလုံး

နောက်ပြန်ဆုတ်သွားကြသည်။

ထိုအချိန်တွင် သူတို့ရှေ့မှ

အာကာသပြင်က ကွဲအက်သွားပြီး

တဒုန်းဒုန်းပြိုကျလာတော့သည်။

အာကာသပြင်ကျယ်ကြီး

ပြိုကျလာသည်နှင့် ယန်ယွဲ့သည်

အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ အမှောင်တွင်းနက်ထဲသို့ခုန်ဝင်သွားတော့သည်။

ယန်ယဲ့ ခုန်ဆင်းသွားသည့်အခိုက် အမျိုးသမီးငယ်၏ အမူအရာသည် ပြောင်းလဲသွားသည်။ အမှောင်တွင်းနက်ကြီးက သူမ ရပ်နေသည့်နေရာကို တဖြည်းဖြည်းကျယ်ပြန့်လာလို့ပါ။

သူမက ပေါ့ပေါ့ဆဆ မလုပ်ဆောင်ဝံ့ဘဲ

၁၀

ကီလိုမီတာ အကွာကို ချက်ချင်း

ခုန်ဆုတ်သွားလိုက်သည်။

တစ်ချိန်တည်းမှာပင်

သူမ၏မျက်လုံးများကို

အနည်းငယ်မှိတ်ထားလိုက်သည်။

ခဏအကြာတွင် သူမ၏ခန္ဓာကိုယ်ကနေ

ဝိညာဉ်ကိုယ်ပွား ထွက်လာပြီးနောက်

လက်ထဲမှ ဝါးခြမ်းပြားကို
အမှောင်တွင်းနက်ထဲသို့
လွှင့်ပစ်လိုက်သည်။

ဆူး...

ဝါးခြမ်းပြားမှ အစိမ်းရောင်ဓားစွမ်းအင်
အလင်းတန်းတစ်ခု ထွက်လာသည်။
ဒီတစ်ကြိမ်ဓားစွမ်းအင်က
ယခင်နှင့်မတူပေ။အစိမ်းရောင်ဓားစွမ်းအ

င်က နေရာအနှံ့ကို ဖြတ်သွားရုံသာ။

အာကာသပြင်ကတော့

လုံးဝတုန်ခါခြင်းမရှိပါ၊

ထူးထူးခြားခြားကို ငြိမ်သက်နေ၏။

သို့သော်လည်း

အစိမ်းရောင်ဓားစွမ်းအင်က

အာကာသတွင်းနက်ထဲကို

ဝင်ရောက်သွားသည့်အခိုက်

တွင်းနက်ကြီးဟာ ချက်ချင်း

ကွဲထွက်သွားသည်။ ထို့နောက်တွင်
အထဲမှ ပုံရိပ်တစ်ခု လွင့်ပျံလာခဲ့သည်။

ထိုပုံရိပ်က အမျိုးသမီးငယ်၏
ဝိညာဉ်ကိုယ်ပွားမဟုတ်ဘဲ ယန်ယဲ့ပါ။

ယန်ယဲ့ သည် ၃ ကီလိုမီတာအထိ
လွင့်ထွက်သွားပြီးနောက် နောက်ဆုံးတွင်
သူ့ကိုယ်သူရပ်တန့်လိုက်နိုင်သည်။
ထိုအချိန်တွင်

အာကာသတွင်းနက်ကြီးဟာ
အလိုအလျောက်ပြုပြင်ပြီးသွားခဲ့သည်။

ယန်ယဲ့ သည် သူ့ရင်ဘတ်ကို
တစ်ချက်ငုံ့ကြည့်လိုက်သည်။ ဒီအချိန်မှာ
သူ့ရင်ဘတ်၌ ဒဏ်ရာတစ်ခုရှိနေသည်။
ဒဏ်ရာ အတော်လေးနက်၏။
သူ၏အင်မော်တယ်အဆင့်ရုပ်ခန္ဓာကို
ချိုးဖျက်ခံလိုက်ရသည်။

အကယ်၍ သူ၏လုပ်ရှားမှုသာ

အနည်းငယ်နောက်ကျခဲ့လျှင်

ဝါးခြမ်းပြားက

သူ၏နှလုံးသားတည့်တည့်ကို

ထိုးဖောက်သွားပေမည်။

အဲဒါက သူမရဲ့ ဓားဝိဇ္ဇာဥ်နည်းစနစ်လား။

May Be:

၁၉၈၈

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်
သို့အပြန်)]
ဘာသာပြန်သူ - ညီညီစိုး
အပိုင်း ၁၉၈၈ - ဓားနယ်မြေကို
ထုတ်ဖော်ရခြင်း

သူမ သန်မာတယ် ။

ယန်ယဲ့၏ မျက်နှာပေါ်၌ လေးနက်သော
အမူအရာတစ်ခု ရှိနေခဲ့သည်။

နောက်ဆုံးတွင် အမျိုးသမီးငယ်ဟာ
ဝိညာဉ်ကိုယ်ပွားဖြင့်
တိုက်ခိုက်ဝံ့သောအကြောင်းအရင်းကိုနား
လည်သွားသည်။ အကြောင်းကတော့
လှည့်စားသည့်နည်းလမ်းတစ်ခုကို
မသုံးနိုင်ရင်တော့ ပြိုင်ဖက်တိုင်းဟာ
အမျိုးသမီးငယ်၏ ခန္ဓာကိုယ်နှင့်
အနီးကပ်တိုက်ခိုက်ဖို့ မဖြစ်နိုင်လို့ပါ။

ဤအခိုက်အတန့်မှာ သူက

အမျိုးသမီးငယ်၏ အဆင့်အတန်းကို

သိချင်နေမိသည်။ ကူကလန်၏

သာမန်အဖွဲ့ဝင်တစ်ယောက်သာ

ထိုမျှသန်မာနေရင်တော့ ကူကလန်ဟာ

လုံးဝကိုသာမန်မဟုတ်တော့ပေ။

ထိုအချိန်တွင် အမျိုးသမီးငယ်က

ရုတ်တရက် ပြောခဲ့သည် "နင့်ရဲ့

ဓားတာအိုအောင်မြင်မှုတွေက

မဆိုးပါဘူး။ ကံမကောင်းစွာပဲ၊

နင့်ရဲ့ဓားနည်းစနစ်က

အရမ်းအားနည်းတယ်။ သေချာပါတယ်၊

မင်းမှာ

ဓားနည်းစနစ်ကောင်းကောင်းရှိရင်တောင်

ငါ့အတွက် မယှဉ်နိုင်သေးဘူး။

ဓားကျင့်ကြံသူတစ်ယောက်အနေနဲ့နင်က

နည်းနည်းအရှက်မရှိပေမဲ့

စောစောကပြောခဲ့တဲ့စကားက

မမှားပါဘူး။ အဲဒါ နင့်ရဲ့စားတာအိုပဲ။ ဒါဆို နင်ထွက်သွားလို့ရပြီ"

ထိုစကားကြားသောအခါ ယန်ယဲ့က အနည်းငယ် အံ့အားသင့်သွားပြီး ခေါင်းယမ်းကာ ပြုံးလိုက်၏ ။သူက “ငါ လေးလေးနက်နက် မဖြစ်သေးပါဘူး။ လာ၊ ထပ်စမ်းကြည့်ရအောင်"

စကားပြောရင်း အမျိုးသမီးငယ် ဆီသို့ ဖြည်းညှင်းစွာ လျှောက်လာသည်။

ယန်ယဲ့က ဆက်ပြီးတိုက်ခိုက်လိုနေကြောင်း မြင်သောအခါ အမျိုးသမီးငယ်၏ မျက်နှာသည် ချက်ချင်းအေးစက်သွားသည် "နင်ပဲ ဒါကို ကိုယ်တိုင်ယူခဲ့တာ"

ထိုစကားပြီးသည်နှင့်
သူမ၏လက်ကောက်ဝတ်ကို အနည်းငယ်
ယမ်းလိုက်သည်။ ထိုခဏလေးမှာပဲ
ဝါးခြမ်းပြားမှ အလင်းတန်းတစ်ခု
ထွက်လာသည်။ အလင်းတန်းက
အာကာသထဲသို့ လင်းလက်သွားပြီး
ယန်ယွဲ့၏ ရှေ့ကို
ချက်ချင်းရောက်လာသည်။

သို့သော် ဓားစွမ်းအင်က ယန်ယဲ့ နှင့် ၃

မီတာအကွာကို ရောက်လာသောအခါ

ရုတ်တရက် နှေးကွေးသွားကာ

တဖြည်းဖြည်းနှင့် နှေးကွေးလာသည်။

ခဏအကြာတွင်တော့

လုံးလုံးလျားလျားရပ်တန့်သွားက

ကြည်လင်လာတော့သည်။

ဓားနယ်မြေ ။

ဓားနယ်မြေ သည် ဓားစိတ်ဆန္ဒ
အားလုံးကို ဖိနှိပ်ထားနိုင်၏။
အစိမ်းရောင်ဓားစွမ်းအင်က
ပြန်လာအဆင့် ဓားစိတ်ဆန္ဒနှင့်
ပေါင်းစပ်ထားသောကြောင့်
လုံးဝကိုကြောက်စရာကောင်းလှသည်။

သို့သော် ဓားနယ်မြေသည်
ဓားစိတ်ဆန္ဒအားလုံးကို အလိုလို
တန်ပြန်ဖိနှိပ်နိုင်ပါသည်။

တစ်နည်းပြောရလျှင် ယန်ယဲ့ သည်

ဓားကျင့်ကြံသူ သို့မဟုတ်

ဓားစိတ်ဆန္ဒအားလုံးကို ဖိနှိပ်နိုင်၏။

မှန်သည်၊ သူ့ပြိုင်ဖက်က သူ့ထက်

အဆင့်ကြီးနှစ်ဆင့်လောက်

မြင့်မားနေရင်တော့ မဖြစ်နိုင်ပါ။

ထိုသို့ဆိုလျှင် သူက ဓားနယ်မြေကို

ထုတ်သုံးဖို့မှာမဟုတ်ပေ။

အနည်းငယ်သောအများက

သူ၏ဘဝသက်တမ်းကို

လုံးလုံးလျားလျား

ကုန်ဆုံးသွားစေနိုင်လို့ပါ။

ခြင်းချက်မှာ ဓားနယ်မြေကို

အသာအယာချိုးဖျက်နိုင်သော

ဓားကျင့်ကြံသူတစ်မျိုးတော့ရှိ၏။

ဓားစိတ်ဆန္ဒကို ထုတ်မသုံးသော

ဓားကျင့်ကြံသူပါ။ ဥပမာအားဖြင့်

ကောင်းကင်တိုက်ကြီး၌

သူရင်ဆိုင်တွေ့ခဲ့သည့် မြေကြီးဖြူ

ဟူသောအမျိုးသမီးပင်။

သူမက ဓားစိတ်ဆန္ဒ မရှိသောကြောင့်

ဓားနယ်မြေဖြင့် ဖိနှိပ်ထားလို့မရခဲ့ပေ။

လက်ရှိတွင် သူ့ရှေ့မှ အမျိုးသမီးငယ်

ကတော့ မြေကြီးဖြူ နှင့်မတူပါ။

ထိုမြင်ကွင်းကို မြင်လိုက်သောအခါ

အမျိုးသမီးငယ်၏ မျက်လုံးများသည်

ချက်ချင်းပင် ပြုံးကျယ်သွားသည်။

သူမ၏မျက်လုံးထဲ၌

အံ့သြထိတ်လန့်မှုများနှင့်

ပြည့်နှက်နေကာ "အဲဒါ ... ဓားနယ်မြေ

လား ... မဖြစ်နိုင်ပါဘူး... နင့်လိုလူက

ဓားနယ်မြေကို ဘယ်လို

နားလည်နိုင်မှာလဲ ... "

သူမ ပြောလိုက်သည့် စကားကြောင့်

ယန်ယဲ့၏မျက်နှာက ချက်ချင်း

မည်းမှောင်သွားသည်။

ထိုအတောအတွင်း သူမက ရုတ်တရက်

ခေါင်းခါကာ “မဖြစ်နိုင်ဘူး။ ငါ

သေချာပေါက်

မြင်နေရတယ်”ဟုထပ်ပြောပါသည်။

စကားပြောပြီးသည်နှင့် သူမ၏လက်ထဲမှ ဝါးခြမ်းပြားကို ယန်ယွဲ့ဆီသို့ ဝှေ့ယမ်းလိုက်ပြန်သည်။

ဆူး...

အစိမ်းရောင်ဓားစွမ်းအင်အလင်းတန်းတစ်ခု လင်းလက်လာသည်။

ယန်ယဲ့ သည်
စကားမပြောနိုင်တော့သလိုပင်ခံစားလိုက်
ရသည်။

ယခင်အတိုင်းပင်
အစိမ်းရောင်ဓားစွမ်းအင်က ယန်ယဲ့ နှင့် ၁
မီတာအကွာမှာပဲ ရပ်တန့်သွားပြီးနောက်
တဖြည်းဖြည်းပျောက်ကွယ်သွားခဲ့သည်။

ဓားနယ်မြေက မည်သည့်အဆင့်

ဓားစိတ်ဆန္ဒမဆို ဖိနှိပ်ထားနိုင်၏။

တစ်နည်းအားဖြင့် အမျိုးသမီးငယ်ဟာ

သူမ၏ဓားစိတ်ဆန္ဒကို မြေကြီးဖြူ ကဲ့သို့

မစွန့်လွှတ်ရင်တော့ ယန်ယဲ့အား

တိုက်ခိုက်နိုင်မှာမဟုတ်ပေ။ သို့သော်

အမျိုးသမီးငယ်သာ ဓားစိတ်ဆန္ဒကို

စွန့်လွှတ်လိုက်လျှင်လည်း လက်ရှိသူမက

ယန်ယဲ့ကို ယှဉ်နိုင်မည်မဟုတ်ပေ။

သူမ၏ ဓားစိတ်ဆန္ဒ က

ဓားဝိညာဉ်နည်းစနစ်

အစွမ်းထက်နေသည့်

အကြောင်းအရင်းတစ်ဝက်ပါ။

ယန်ယဲ့ အတွက်က ဓားစိတ်ဆန္ဒမပါဘဲ

ဓားဝိညာဉ်နည်းစနစ်ကို

ကြောက်ရွံ့နေစရာမလိုပေ။

ထိုအချိန်တွင် အမျိုးသမီးငယ်က ယန်ယဲ့

ကို စိုက်ကြည့်နေသည်။ ဒီတစ်ခါတော့

သူမ ၏အမြင်အာရုံ မမှားကြောင်း

သိလိုက်သည် ။ အချိန်အနည်းငယ်ကြာ

တိတ်ဆိတ်သွားပြီးနောက်

"ဓားနယ်မြေကို

နင်ဘယ်လိုနားလည်တာလဲ" ဟု

တိုးညှင်းသောလေသံဖြင့်

မေးလိုက်သည်။

ယန်ယဲ့၏ ပါးစပ်ထောင့်မှ အပြုံးတစ်ခု ပေါ်လာသည်  "မင်းသိချင်လား"

အမျိုးသမီးငယ်က ခေါင်းညိတ်သည်။

ယန်ယဲ့ က ပြုံးပြီး “ငါတို့ အဲဒါကို အနာဂတ်မှာ အတူတူ လေ့လာနိုင်တယ်။ အဆင်ပြေလား"

အမျိုးသမီးငယ်က မျက်လုံးထဲ၌

အံ့အားသင့်နေသော အရိပ်အယောင်

အရိပ်အယောင်များ ပေါ်လာသည်။

သူမက

ယန်ယဲ့ ကို စိုက်ကြည့်ရင်း

“တကယ်လား”ဟုထပ်မေးပါသည်။

ယန်ယဲ့က

လေးလေးနက်နက်ပြောလိုက်သည်

"ဒါပေါ့..."

ထိုအချိန်တွင် သူမက တစ်ခုခုကို

ရုတ်တရက် တွေးနေပုံရပြီးနောက်

ယန်ယဲ့ကိုပြန်ပြောလိုက်သည် "ငါ့မှာ

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်သား

မရှိဘူး"ဟူ၍ ပင်။

ယန်ယဲ့ က သူ့လက်ကို ဝှေ့ယမ်းပြီး

လေးလေးနက်နက်ပြောလိုက်သည်

"မင်းဘာတွေပြောနေတာလဲ။ ငါတို့

အခုလိုတွေ့ဆုံရတာက

သူငယ်ချင်းဟောင်းနဲ့တွေ့သလို

ခံစားရတယ်။ အဲလိုပြောရင်

နာကျင်တယ်။ ဒါဆို ဓားတာအိုကို

အတူတူ လေ့လာဖို့ နေရာကို

ဘယ်လိုရှာမလဲ။

မင်းရဲ့ ဓားဝိဇ္ဇာဥ်နည်းစနစ်ကို

ငါလည်းအရမ်းသိချင်တယ်"

အမျိုးသမီးငယ်က

ခဏလောက်စဉ်းစားပြီး "ငါ နင့်ကို

ကူကလန် ဆီ ခေါ်သွားနိုင်တယ်။ ဒါပေမဲ့

နင် စိတ်ထင်တိုင်းလျှောက်လုပ်ရင်တော့

သေလိမ့်မယ်"ဟူ၍ ပြန်ပြောသည်။

ယန်ယဲ့က သူ့စိတ်ထဲတွင် ဝမ်းသာသွားပြီး

“ငါက အရူးမဟုတ်ပါဘူး၊

ငါဘယ်လိုလုပ်ရမလဲ။ ဒါ့ထက် မင်းက ငါ

ဒါကို လုပ်နိုင်မယ်လို့ ထင်လား”

သူမက ခေါင်းညိတ်ပြီး

“သွားကြရအောင်”

ထို့နောက် တစ်ဖက်ကို လှည့်သွားကာ
အဝေးတစ်နေရာသို့
ပျောက်ကွယ်သွားသည်။

ယန်ယဲ့ သည် စိတ်ထဲကနေသာ
သက်ပြင်းတစ်ချက်ချလိုက်၏။
ထို့နောက် ဓားကို အမြန်သိမ်းကာ
သူမနောက်သို့ လိုက်သွားခဲ့သည်။

နှစ်ယောက်သား လမ်းတစ်လျှောက်

စကားပြောလာရင်း ယန်ယဲ့ ဟာ

အမျိုးသမီးငယ်၏ နာမည်က ကုကျူးယီ

ဖြစ်သည်ကိုသိလိုက်ရသည်။ သူမက

ကူကလန်၏ ပင်မတည့်တစ်ယောက်ပါ။

လက်ရှိတွင် သူမက ကူယန်ဂြိုဟ်ကို

ကာကွယ်ဖို့တာဝန်ယူထားခဲ့သည်။

ထိုမှလွဲ၍ ယန်ယဲ့သည်

နောက်ထပ်အချက်အလက်များကို

ရယူနိုင်ခြင်းမရှိပေ။ သူ့အမြင်အရတော့

ကူကျူးယီက အတော်လေးနုံအသည်ဟု

မှတ်ချက်ပြုလိုက်သည်။ သို့သော်

အမှန်တကယ်တော့ ကုကျူးယီ က

ဉာဏ်ကောင်းသူပါ။ ယန်ယဲ့ ကို

သတိအပြည့်ထားနေခြင်းသာ။

အကယ်၍ ယန်ယဲ့ သာ

ဆက်ပြီးလှည့်စားယနေမည်ဆိုလျှင်

ကူကျူးယီက သူ့အား

အထင်အမြင်သေးမည်မှာသေချာပါသ
ည်။

ယန်ယဲ့ သည် ကူကျူးယီက သူ့အား
မပြောပြချင်မှန်း သိထားမိသောကြောင့်
ဆက်မမေးတော့ပေ။

အချိန်က သိပ်တော့မကြာလိုက်ပါ၊
သူတို့နှစ်ဦးဟာ ကူယန်တိုက်ကြီးသို့
ရောက်လာကြသည်။ သို့မဟုတ်

အတိအကျပြောရလျှင်

သူတို့နှစ်ယောက်က ကူယန်မြို့တော်ကို

ရောက်လာသည်ဟု

ပြောရပါမည်။ထို့အပြင်

တိုက်ကြီးတစ်ခုလုံးကား

ကူယန်မြို့တစ်မြို့သာရှိခဲ့သည်။

ပုံစံအနေအထားကတော့ ယန်ကလန် နှင့်

အတော်လေးဆင်တူပါသည်။

ကူယန်မြို့က ကျန်မျိုးနွယ်စုများနှင့်

နှိုင်းယှဉ်သော် တိတ်ဆိတ်နေ၏။

လမ်းမများတစ်လျှောက်တွင်

လူသိပ်မရှိပေ။ လူများကို ရံဖန်ရံခါ

မြင်သော်လည်း အားလုံးက

မြန်မြန်ဆန်ဆန်ပဲ

ကျော်ဖြတ်သွားကြသည်သာ။

အချိန်တော်တော်ကြာပြီးနောက်တွင်

သူတို့နှစ်ယောက်ဟာ

ကူကလန်၏အဖွဲ့ဝင်များ

နေထိုင်ရာနေရာကိုရောက်လာကြသည်။

အထဲကို ဝင်ခါနီးတွင်တော့

အတွင်းပိုင်းကနေ လူငယ်တစ်ယောက်က

ထွက်လာသည်။ထိုလူငယ်က

ကူကျူးယီကို မြင်သောအခါ အနည်းငယ်

ခေါင်းညိတ်ပြသော်လည်း ယန်ယဲ့ကို

သတိထားမိပြီး အနည်းငယ်

ထိတ်လန့်သွားသည်။ သူက "ကျူးယီ၊ ဒါဘယ်သူလဲ" ဟုမေးသည်။

ကူကျူးယီက "ငါ့မိတ်ဆွေတစ်ယောက်ပါ"

"မိတ်ဆွေတစ်ယောက်လား" လူငယ်က အံ့ဩသွားသည်။ သူက ယန်ယွဲ့ကို ခဏကြာစိုက်ကြည့်လိုက်သည်။ အဆုံးကျတော့ ယန်ယွဲ့၏ခါးမှ ဓားပေါ်

အကြည့်ရောက်သွားကာ "အစ်ကို၊ မင်းက

ဓားကျင့်ကြံသူ လား

"ဟုမေးလိုက်ပါသည်။

ယန်ယဲ့ က ခေါင်းညိတ်ပြသည်

"မင်းထင်တာမှန်ပါတယ်"

ထိုလူငယ်က အနည်းငယ်

ခေါင်းညိတ်ပြပြီး “ငါက ကူကျူးလင် ပါ။

ကျူးယီရဲ့အစ်ကိုကြီးပါ။ ငါတို့ကူကလန်
က ညီအစ်ကိုကိုကြိုဆိုပါတယ်”

ယန်ယဲ့က ပြုံးပြီး
"ကျေးဇူးတင်ပါတယ်"ဟုပြန်ပြောလိုက်
သည်။

ကူကျူးလင် က ပြုံးပြီးပြောသည် " ငါ့မှာ
တခြားကိစ္စတွေ ရှိသေးတယ်။
နှုတ်ဆက်ခဲ့ပါတယ်” ဟု

ပြောပြီးသည်နှင့်

ယန်ယဲ့အားလှည့်ပတ်ကာ အဝေးသို့

ပျောက်ကွယ်သွားခဲ့သည်။

"သွားကြရအောင်" ကူကျူးယီက

အိမ်တော်ထဲသို့ လျှောက်ဝင်သွားသည်။

ယန်ယဲ့ က သူ့နောက်ကို

အမြန်လိုက်လာပြီး "မင်းအစ်ကိုက

လူကောင်းပဲ" ဟု ပြောလိုက်သည်။

ကူကျူးယီက တိတ်ဆိတ်နေ၏။

ယန်ယဲ့ က ဆက်ပြောလိုက်သည် "ငါ ဒီကိုမလာခင်မှာ တော်တော်များများက ငါ့ကို လာမပြောကြဘူး။ ကူကလန်က အရမ်းကိုလျှို့ဝှက်ဆန်းကြယ်တဲ့အပြင် ယင်ကလန်၊ ယန်ကလန် နဲ့ ဝူကလန် တောင်မှ

မစော်ကားရဲဘူးလို့ပြောကြတယ်။ အာ,

ညီမကျူးယီ၊

ငါ့ကိုတစ်ခုခုပြောပါ။ ဒါ မင်းရဲ့ကူကလန်

လား ..."

ကူကျူးယီက ရုတ်တရက် ရပ်လိုက်ပြီး

ယန်ယဲ့ ကိုလှည့်ကြည့်ကာ "ငါက နင့်ညီမ

မဟုတ်ဘူး"ဟု ပြောပြီး

တစ်ဖက်ပြန်လှည့်ကာ

ရှေ့ကိုဆက်လျှောက်သွားတော့သည်။

May Be:

၁၉၈၉

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၈၉ - သင်ယူခြင်း

ယန်ယဲ့က နောက်ကနေ

အမြန်လိုက်လာရင်း "မင်းငါ့ကို

ဘယ်ခေါ်လာတာလဲ"ဟုမေးလိုက်သည်။

ကူကျူးယီက ပြန်မဖြေဘဲ

လမ်းသာဆက်လျှောက်သွားခဲ့သည်။

ယန်ယဲ့ က ပခုံးတွန့်ပြီး မေးတာကို

ရပ်လိုက်၏။ လက်ရှိတွင်

သူလုပ်နိုင်သမျှက တစ်ကြိမ်လျှင်

ခြေတစ်လှမ်းသာ လှမ်းပြီး သတိအပြည့်

ထားနေခြင်းပါ။

အချိန်တော်တော်ကြာပြီးနောက်တွင်

သူတို့နှစ်ယောက် ဟာ

မြေအောက်ကျင့်ကြံခြင်းခန်းမသို့

ရောက်လာခဲ့သည်။ နောက်ဆုံးတွင်

ယန်ယဲ့ သည် ကူကျူးယီ၏ အစီအစဉ်ကို

အကြမ်းဖျင်းနားလည်လိုက်သည်။

အခန်းထဲ ဝင်ရောက်လာသည်နှင့်

ကူကျူးယီက ယန်ယွဲ့ ကို စိုက်ကြည့်ရင်း

“လာ၊ တိုက်ခိုက်ကြရအောင်” ဟု

တန်းပြောလိုက်သည်။

ယန်ယွဲ့ သည် ခဏကြာ ငြိမ်သက်သွားပြီး

"ငါ

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်သားတစ်စ

လောက် လိုချင်တယ်" ဟု

ပြောလိုက်ပါသည်။

ကူကျူးယီက "ငါနဲ့လေ့ကျင့်ပါ။ ငါစိတ်ကျေနပ်တယ်ဆိုရင် စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်သားတစ်စလောက် ဘယ်လိုရနိုင်မလဲဆိုတာ ပြောပြမယ်”

ယန်ယဲ့က သူမကို စိုက်ကြည့်ကာ "တကယ်လား"ဟုမေးလိုက်၏။

သူမက အနည်းငယ်ခေါင်းညိတ်ပြီး

“ဒါပေမဲ့ နင်တကယ်ရနိုင်မလားဆိုတာ

နင့်ရဲ့ကိုယ်ပိုင်အရည်အချင်းပေါ်

မူတည်တယ်”

ယန်ယဲ့ က ခဏလောက်စဉ်းစားပြီး

“ကောင်းပြီ”ဟုပြန်ပြောလိုက်သည်။

လက်ရှိတွင် သူ့အနေဖြင့်

အခြားရွေးချယ်စရာ မရှိတော့ပါ။

အင်အားသုံးလုယက်မည်လား။

ကိုယ့်သေတွင်းကို တူးသည်နှင့်

မခြားတော့ပေ။ သူ့ကိုယ်သူ

မည်မျှစိတ်ကြီးဝင်နေပါစေ

ကူကလန်တစ်ခုလုံးအား

ရင်ဆိုင်နိုင်လောက်သည်အထိတော့မဟု

တ်ပါ။

ထို့အပြင်

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်သား ဟာ

ကူကလန်၏

အဖိုးတန်ရတနာတစ်ခုပင်ဖြစ်လေရာ

အဆင့်မြင့်ကျင့်ကြံသူများ

စောင့်ကြပ်နေမည်မှာ

သေချာသလောက်ပင်။

အကယ်၍ သူသာ ဝင်ခိုးလိုက်ပါက

ယန်ကလန်၏ ဘိုးဘေးပင်လျှင် သူ့အား

ကယ်တင်နိုင်မှာမဟုတ်တော့ပေ။

တစ်နည်းဆိုရသော် သူက

ပုံမှန်နည်းလမ်းအတိုင်းသာ

လုပ်ဆောင်ရပေတော့မည်။

ယန်ယဲ့ က အသက်ပြင်းပြင်းရှူပြီး

“လာပါ။ ငါလည်း

မင်းရဲ့ဓားဝိဉာဉ်နည်းစနစ်ကို

ထပ်ပြီးခံစားကြည့်ချင်တယ်"

ကူကျူးယီက  အနည်းငယ်
ခေါင်းညိတ်ပြပြီးနောက် နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။ သူမ
ပြန်ပေါ်လာသည်နှင့် ယန်ယဲ့၏ရှေ့မှာ
ရောက်နေပြီး လက်ထဲမှ ဝါးခြမ်းပြားဖြင့်
ဆတ်ခနဲထိုးသွင်းလိုက်လေသည်။

သူမ၏လှုပ်ရှားမှုဟာ လုံးဝကို
တိကျမြန်ဆန်ပါသည်။ သို့သော်လည်း
ကံမကောင်းစွာပဲ ယန်ယဲ့ သည်

ဉာဏ်အလင်းရစေးနှလုံးသားကို

ပိုင်ဆိုင်ထားလေရာ

ပြဿနာမဟုတ်တော့ပေ။ ထို့အပြင်

သူ၏ရုပ်ခန္ဓာခွန်အားက ကူကျူးယီထက်

နှစ်ဆသာနေခဲ့သည်။

ယန်ယွဲ့ သည်

တံ့ဆိုင်းမနေဘဲသူ၏လက်ဝါးကိုလှန်လို

က်ရာ သူ၏ဓားက ဝါးခြမ်းပြားထိပ်ကို

ထိုးလိုက်သည်။

ဖုန်း…

ကြည်လင်ပြတ်သားသော

တိုက်ခတ်သံက အခန်းထဲ၌

ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ စားနှင့်

ဝါးခြမ်းပြားက ပြင်းထန်စွာ

တုန်ခါသွားသည်။ ထို့နောက်

နှစ်ယောက်စလုံး

နောက်ပြန်ဆုတ်သွားကြသည်။

သို့သော်လည်း ယန်ယဲ့ က
ချက်ချင်းရှေ့တက်လာပြီး
တိုက်ခိုက်လိုက်သည်။

ထိုအချိန်တွင် ကူကျူးယီ၏
မျက်လုံးများက ရုတ်တရက် အနည်းငယ်
ကျဉ်းမြောင်းလာသည်။
သူမ၏လက်ထဲမှ ဝါးခြမ်းပြားကို
မြှောက်လိုက်ပြီး ရိုက်ချလိုက်သည်။

ဘုန်း

ပေါက်ကွဲသံတစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ပတ်ဝန်းကျင်ရှိ အာကာသပြင်က ပြင်းထန်စွာ တုန်ခါလာသည်၊ ထို့နောက် ကူကျူးယဵက နောက်သို့ ၁ ကီလိုမီတာအထိ ပြန်ဆုတ်သွားရသည်။

ယန်ယဲ့ သည် နောက်ထပ်တိုက်ခိုက်မှုကို မလုပ်ဆောင်ခဲ့ပေ။ သူက "မင်းရဲ့ဓားဝိဇ္ဇာဥ်နည်းစနစ်သုံးပါ ဒါမှမဟုတ်ရင် မင်းငါ့အတွက်မကိုက်ညီဘူး"ဟုပြောလိုက်သည်။

သူက တမင်လိမ်ညာနေခြင်းမဟုတ်ပါ။ အရှိန် သို့မဟုတ် ခွန်အားဖြစ်စေ ကူကျူးယီက သူ့ထက် နိမ့်ကျသည်။

ဓားစိတ်ဆန္ဒ နှင့်ပတ်သက်၍တော့

နှစ်ယောက်စလုံး ပြန်လာအဆင့်

ဓားစိတ်ဆန္ဒ ပိုင်ဆိုင်ထားကြသည်။

ထို့ကြောင့်

အနီးကပ်တိုက်ခိုက်သည့်အခါတိုင်း

ကူကျူးယီက ယန်ယဲ့ နှင့်မယှဉ်နိုင်ပေ။

သို့သော်လည်း အနီးကပ်တိုက်ပွဲဟာ

ကူကျူးယီ၏

အစစ်အမှန်ခွန်အားမဟုတ်သည်မှာ

သိသာပါသည်။ သူမ၏
အဓိကစွမ်းအားက ဓားဝိညာဉ်နည်းစနစ်
ပါ။ ၎င်းက ယန်ယဲ့
အကြောက်ဆုံးနည်းလမ်းတစ်ခုဆိုရင်လ
ည်း မများပေ။

ကူကျူးယီက ခေါင်းခါလိုက်သည် “
နင့်ကို ဒီအတိုင်းတိုက်ခိုက်တာက ငါ့မှာ
ချို့တဲ့တာကို နားလည်နိုင်စေတယ်။

ဒါကြောင့် နင့်ရဲ့

ခိုင်မာတဲ့အချက်တွေကနေ

သင်ယူချင်ပါတယ်”

ယန်ယဲ့ က ခဏကြာစဉ်းစားလိုက်ပြီး

"ဒီဓားဝိဇ္ဇာဥ်နည်းစနစ်ကို ငါ့ကို

သင်ပေးနိုင်မလား" ဟု မေးလိုက်သည်။

ဓားဝိဉာဉ်နည်းစနစ်၏ စွမ်းအားကို
လက်တွေ့ရင်ဆိုင်ပြီးနောက် သူသည်
အလွန်သင်ယူလိုခဲ့သည်။

ကူကျူးယီက တိတ်ဆိတ်သွားပြီး
အနည်းငယ် ချီတုံချတုံ ဖြစ်နေသည်။

ယန်ယွဲ့ က "မင်းမလုပ်နိုင်ဘူးလား"

“ရပါတယ်” ကူကျူးယီက ပြန်မဖြေခင်
အချိန်အတော်ကြာ စဉ်းစားနေခဲ့သည်။

ယန်ယဲ က ဝမ်းသာသွားသည်
"တကယ်လား"

ကူကျူးယီက ခေါင်းညိတ်ပြီး
“တကယ်ပါ။

ဒါပေမဲ့ နင် ငါ့ကို အနီးကပ်တိုက်ခိုက်ပုံနဲ့
ဓားနယ်မြေကို

ဘယ်လိုနားလည်ရမလဲဆိုတာ
သင်ပေးရမယ်"

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး
“အနီးကပ်တိုက်ခိုက်ပုံက
ပြဿနာမဟုတ်ဘူး။ ဒါပေမယ်လို့ ငါက
မင်းကို ဓားနယ်မြေတော့
မသင်ပေးနိုင်ဘူး။ ငါပြောနိုင်တာက
ငါ့အဲဒါကို အသက်သွင်းနိုင်တယ်၊
ပြီးတော့ မင်းကိုယ်တိုင်

စောင့်ကြည့်နိုင်တယ်။ အဲဒါကို နားလည်ဖို့
မင်းအပေါ်ပဲမူတည်တယ်”

သူမက ခဏလောက်စဉ်းစားပြီးမှ
“ဒါအမှန်ပဲ။ ကောင်းပြီ၊
ဆက်တိုက်ခိုက်ကြရအောင်"
ဟုပြောပါသည်။

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့ ဆီကို
ခုန်ဝင်လိုက်သည်။

သိပ်မကြာလိုက်ပါ၊ နှစ်ယောက်လုံး အပြင်းအထန်တိုက်ခိုက်ကြတော့သည်။

ယန်ယဲ့ သည်
အနီးကပ်တိုက်ခိုက်နိုင်သည့်
အကြောင်းအရင်းမှာ
ကျင့်ကြံခြင်းလမ်းတစ်လျှောက်လုံး
သူ၏ခွန်အားတိုးတက်စေရန်အတွက်
လက်တွေ့ကျကျ တိုက်ပွဲများ

ရင်ဆိုင်လာလို့ပါ။ ကူကျူးယီ

အတွက်တော့ သူမ၏ တိုက်ခိုက်ရေး

အတွေ့အကြုံပြဟာ

လုံးဝကိုအားနည်းပါသည်။ ထို့ကြောင့်

အနီးကပ်တိုက်ပွဲတွင် ကူကျူးယီက

လုံးလုံးလျားလျား ဖိနှိပ်ခံနေရသည်။

အစပိုင်းတွင်တော့ ကူကျူးယီ က

တစ်ချက်ပင် ပြန်ပြီးမတိုက်ခိုက်နိုင်ခဲ့ပေ။

အချိန်ကြာလာသည်နှင့်အမျှ သူမက

တဖြည်းဖြည်းနဲ့နားလည်လာပုံပါ။

တစ်ဆင့်ပြီးတစ်ဆင့်

ခုခံနိုင်စွမ်းရှိလာ၏။

ထို့နောက်တွင် နှစ်ယောက်သား

နေ့ရောညပါ တိုက်ခိုက်လိုက်ကြသည် ။

နောက်ဆုံးတွင် ဒုတိယမြောက်နေ့၏

နေ့လည်ပိုင်းရောက်မှသာ နှစ်ယောက်လုံး

ရပ်တန့်သွားသည်။

ကူကျူးယီက

မျက်လုံးများကိုမှိတ်ထားပြီး

မြေပြင်ပေါ်တွင်

တင်ပျဉ်ခွေထိုင်နေခဲ့သည်။ သူမက

တိုက်ပွဲတွင် ရရှိခဲ့သည့် အတွေ့အကြုံကို

ပြန်ပြီးနားလည်စမ်းစစ်နေခြင်းပါ။

ယန်ယွဲ့ သည်လည်း ကူကျူးယီ နှင့်

သိပ်မဝေးသော နေရာတွင်

တင်ပျဉ်ခွေထိုင်နေခဲ့သည်။ သူသည် သူ့စိတ်ထဲ၌ တိုက်ပွဲမြင်ကွင်းများကို ပြန်လည်မြင်ယောင်နေရင်း သူ့ကိုယ်သူ ဆန်းစစ်နေပါသည်။

တိုက်ပွဲအတွင်း အကြိမ်ပေါင်းများစွာ ပိုကောင်းအောင် လုပ်နိုင်ခဲ့၏။ မှန်သည်၊ ထိုအချိန်က သူသည် ထိုနည်းလမ်းများကို မစဉ်းစားခဲ့ပေ။ သူ့စိတ်ထဲတွင် တိုက်ပွဲမြင်ကွင်းများကို

ပြန်မြင်ယောင်လိုက်မှသာ အားလုံးက

ကွက်ကွက်ကွင်းကွင်းပေါ်လာခဲ့သည်။

ထိုအတိုင်းပင် ၂

နာရီကျော်ကြာသွားပြီးနောက် ကူကျူးယီ

က ရုတ်တရက်

မျက်လုံးပြန်ဖွင့်လာသည်။ ထို့နောက်

ယန်ယွဲ့ ကို စူးစိုက်ကြည့်ကာ "ငါ

အများကြီး

သင်ယူခဲ့တယ်"ဟုပြောခဲ့သည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့ က

မျက်လုံးဖွင့်လိုက်ပြီး "ငါလည်း

အတူတူပဲ"

သူက လိမ်ညာနေခြင်းမဟုတ်ပါ။

အန်နန်ကျင်း နှင့်

ယှဉ်ပြိုင်တာမျိုးမဟုတ်လို့ပါ။

အကြောင်းမှာ အန်နန်ကျင်းက

ဓားကျင့်ကြံသူမဟုတ်သောကြောင့်ပင်။

သူမက သူ၏စားတာအို

အားနည်းချက်များကို

ထောက်မပြနိုင်ပေ။

သို့သော် ကူကျူးယီ ကတော့

ကောင်းကောင်းကြီး ထောက်ပြနိုင်၏။

သူမက ပြန်လာအဆင့် စားစိတ်ဆန္ဒ

ပိုင်ဆိုင်ထားသော စားကျင့်ကြံသူ

တစ်ယောက်ပါ။ သူမ၏

အနီးကပ်တိုက်ခိုက်ရေးစွမ်းအားက

သူ့ထက်နိမ့်ကျနေသော်လည်း သူမထံမှ

သင်ယူနိုင်သည့် အချက်များစွာရှိခဲ့သည်။

ထိုအရာက သူ၏ဓားတာအိုကို

ပိုတိုးတက်လာစေနိုင်သည်။

အတိုချုပ်ပြောရလျှင်

သူတို့နှစ်ယောက်လုံးဟာ တိုက်ပွဲကနေ

အကျိုးကျေးဇူးများရခဲ့လေသည်။

ထိုအချိန်တွင် ကူကျူးယီက

ဖြည်းညှင်းစွာထရပ်လိုက်ပြီး "နင်

ငါ့ရဲ့ဓားဝိဉာဉ်နည်းစနစ်ကို

သင်ယူချင်သလား"ဟုပြောလိုက်သည်။

ယန်ယဲ့ က ခေါင်းညိတ်ပြပြီး "ဒါပေါ့။

ငါသင်ယူချင်တယ်"

သူမက "နင့်ရဲ့စိတ်ဝိညာဉ်ကို

ငါကြည့်ပါရစေ"

ယန်ယဲ့ သည် ခဏမျှ စဉ်းစားပြီးနောက်
သူ၏နှလုံးသားထဲမှ အမိန့်တစ်ခု
ထုတ်လိုက်သည်။ ထိုခဏလေးမှာ
သူ၏ဝိညာဉ်ကိုယ်ပွားက
သူ့ခန္ဓာကိုယ်ထဲကနေ ထွက်လာသည်။

ယန်ယဲ့၏ ဝိညာဉ်ကိုယ်ပွားကို
မြင်သောအခါ ကူကျူးယီ၏
အမူအရာက

ပြောင်းလဲသွားသည် "နင်...ဒါ

မဖြစ်နိုင်ဘူး"

ယန်ယဲ့၏ ဝိညာဉ်ကိုယ်ပွားဟာ

သူ့ခန္ဓာကိုယ်အထက် လေထဲတွင်

လွင့်မျောနေခဲ့သည်။ ဒီအချိန်မှာ

ကူကျူးယီ၏ မျက်လုံးများက

ထိတ်လန့်မှုနှင့် ပြည့်နေသည်။

ယန်ယဲ့ က "မဖြစ်နိုင်တာကဘာလဲ"

သူမ ယန်ယွဲ့ကို အချိန်အကြာကြီး စိုက်ကြည့်ရင်း “နင့်ရဲ့ မူလဝိညာဉ်က အရမ်းသန်မာတယ်။ တခြားသူတွေရဲ့ ဝိညာဉ်တွေကို ဝါးမျိုနေတာလား”

သူတပါးရဲ့မူလစိတ်ဝိညာဉ်ကို ဝါးမျိုနာလား။

ယန်ယဲ့က မျက်မှောင်ကြုတ်လိုက်သည်။
သူက မူလစေတီအကြောင်း ရုတ်တရက်
တွေးတောရင်း ခေါင်းယမ်းလိုက်မိသည်
။

သူသည် မည်သူတစ်ဦးတစ်ယောက်၏
မူလဝိညာဉ်ကိုမျှ ဝါးမျိုခြင်းမပြုခဲ့ပေ။
 သို့ရာတွင် မူလစေတီ
ကတော့ဝါးမျိုလေ့ရှိပါသည်။

နောက်ဆုံးတွင် မရေမတွက်နိုင်သော

ကျင့်ကြံသူများဟာ

မူလစေတီကိုသိမ်းယူလိုကြသည်။

သို့သော် မူလစေတီက ၎င်းတို့အား

သတ်ဖြတ်ပစ်ခဲ့သည်။

မြောက်များစွာသော

အစွမ်းထက်ကျင့်ကြံသူများကို

သတ်ပြီးနောက်တွင် မူလစေတီဟာ

ဝိညာဉ်များမှ စွမ်းအင်များကို

စုပ်ယူခဲ့သည်။

ထို့ကြောင့် သူ၏စိတ်ဝိညာဉ်က

ထိုမျှအထိသန်မာနေပုံဖြစ်နိုင်ပါသည်။

May Be:

၁၉၉၀

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၉၀ - ငါ့လက်တွေ

ယားယံနေတယ်

ထိုအချိန်တွင် ကူကျူးယီက

ဆက်ပြောသည်

"စိတ်ဝိညာဉ်အခြေအနေတွေကို

အဆင့်တွေ ခွဲထားတယ်။ နင့်ရဲ့ဝိညာဉ်က

အခုအချိန်မှာ ကောင်းကင်အဆင့်

မှာရှိနေတယ်။ အဲ့ဒီအထက်မှာ

ထာဝရအဆင့်နဲ့ မူလအဆင့်

ဆိုပြီးရှိတယ်"

သူမက စကားကိုခဏရပ်ပြီး

“ငါ့ဝိညာဉ်က အခု ကောင်းကင်အဆင့်မှာ

ရှိနေတယ်၊ အဲဒါက ငါ့ဝိညာဉ်ကို

မကြာခဏ

လေ့ကျင့်ပေးလို့ပဲ”ဟုပြောပါသည်။

ကောင်းကင်အဆင့် စိတ်ဝိညာဉ် ။

ယန်ယဲ့ က ပြုံးလိုက်သည် "ဘာပဲဖြစ်ဖြစ် ဒါဟာ သတင်းကောင်းပဲ"

သူမက ခေါင်းညိတ်ပြီး ပြောလိုက်သည် “တကယ်တော့ ဓားဝိဉာဉ်နည်းစနစ်က သိပ်မခက်ပါဘူး။ အနည်းဆုံးတော့ နင့်ရဲ့ဓားတာအိုက ကြောက်စရာကောင်းတဲ့အပြင် နင့်ရဲ့စိတ်ဝိညာဉ်ပါ

လုံလုံလောက်လောက်
အားကောင်းနေတယ်။ ဒါကြောင့်
နင့်အတွက် မခက်ခဲပါဘူး"

ယန်ယွဲ့ က ခေါင်းညိတ်လိုက်ပြီး
“မျှော်လင့်ပါတယ်”ဟုပြောလိုက်သည်။

ကူကျူးယီက ယန်ယွဲ့ ထံ
လျှောက်သွားကာ "ငါ နင့်ကို
စိတ်ဝိညာဉ်နည်းစနစ်

အရင်သင်ပေးမယ်။

စိတ်ဝိညာဉ်နည်းစနစ်က

စိတ်ဝိညာဉ်အခြေအနေကို

လေ့ကျင့်ပေးတဲ့နည်းစနစ်တစ်ခုပဲ။

အဲဒါကို သင်ယူပြီးတာနဲ့ နင်ပိုင်ဆိုင်တဲ့

ဓားနည်းစနစ်တိုင်းကို စိတ်ဝိညာဉ်နဲ့

ပေါင်းစပ်ပြီးအသုံးချနိုင်တယ်”ဟု

ပြောခဲ့သည်။

ထိုစကားကိုကြားသောအခါ ယန်ယဲ့၏

မျက်လုံးများက တောက်ပလာသည်။

ထိုအရာက မည်သို့နည်း။ သူသည်

ဓားပြန်လည်မွေးဖွားခြင်း ကို

ဓားဝိညာဉ်နည်းစနစ် အနေဖြင့်

ထုတ်ဖော်နိုင်ပါပြီ။

ကူကျူးယီ က ရုတ်တရက်

မေးလိုက်သည် "ဓားဝိညာဉ်နည်းစနစ်က

သာမန်ဓားနည်းစနစ်တွေထက်

ဘာကြောင့် ပိုအားကောင်းလဲဆိုတာ
နင်သိလား"

ယန်ယဲ့ က သူမကို စိုက်ကြည့်ကာ
"ဘာလို့လဲ" ဟု မေးသည်။

သူမက "တကယ်တော့ မမှန်ပါဘူး။
ဓားဝိညာဉ်နည်းစနစ်တွေဟာ
ကိုယ်ပိုင်ထူးခြားတဲ့အချက်တွေ
ရှိပေမယ်လို့ ဓားနည်းစနစ်တွေကပဲ

အရမ်းအားကောင်းတာ။

ဓားဝိညာဉ်နည်းစနစ်တွေက

ကြောက်စရာကောင်းတဲ့

ဓားနည်းစနစ်တချို့ကိုခုခံဖို့မဖြစ်နိုင်ဘူး။

နောက်ဆုံးတော့ ဒါဟာ အသုံးပြုတဲ့သူရဲ့

နည်းစနစ်အပေါ်မှာ မူတည်ပါတယ်။

နင့်ရဲ့ဓားနည်းစနစ်က

ငါ့ဓားဝိညာဉ်နည်းစနစ်လောက်

မပြင်းထန်တာ ဘာလို့လဲသိလား။

ဘာလို့လဲဆိုတော့

ငါ့ရဲ့ဓားဝိညာဉ်နည်းစနစ်က

ထာဝရအဆင့် မှာ ရှိနေလို့ပဲ။

နင့်ရဲ့ဓားနည်းစနစ်က ထာဝရအဆင့်

မှာရှိနေရင် ငါတို့တိုက်ပွဲရဲ့ရလာဒ်က

ကွာခြားသွားနိုင်တယ်"

ယန်ယဲ့ က ခဏမျှစဉ်းစားလိုက်ပြီး

"ဓားဝိညာဉ်နည်းစနစ်ရဲ့ထူးခြားချက်က

ဘာလဲ" ဟု ပြောလိုက်သည်။

ကူကျူးယီက မပြောခဲ့ပေ။
သူမ၏လက်ထဲမှ ဝါးခြမ်းပြားကို
ပေါ့ပေါ့ပါးပါး ဝှေ့ယမ်းလိုက်ရုံပင်။

သာမာန်အလင်းတန်းတစ်ခု
လင်းလက်သွားကာ ခဏလေးမှာပဲ
သူတို့၏အမြင်အာရုံထဲမှ
ပျောက်ကွယ်သွားခဲ့သည်။

ထိုအချိန်တွင် ကူကျူးယီက

"ဒါကိုတွေ့လား။

ဖြတ်သန်းသွားတဲ့အချိန်မှာ

အာကာသပြင်က မပြောင်းလဲဘူး။ ဒါဟာ

စိတ်ဝိညာဉ်စွမ်းအင်၊

မတူညီတဲ့ကျင့်ကြံရေးနည်းလမ်းတစ်ခုပဲ

။ ထူးခြားတဲ့အချက်ကို ပြောရရင်

အထွတ်အထိပ်လို့ပြောရမယ်။ ဒါဟာ

အာကာသနဲ့အပြိုင် ရွေ့လျားနိုင်တယ်။

အာကာသထဲမှာ မတည်ရှိဘူး။ ဒါ့အပြင်

စိတ်ဝိညာဉ်နဲ့ မူလဝိညာဉ်ကို

တိုက်ရိုက် ထိခိုက်တယ်။

ချေဖျက်ဖို့ဆိုရင်

နည်းလမ်းနှစ်ခုပဲရှိတယ်။ ပထမတစ်ခုက

ဝိညာဉ်စွမ်းအင်ကို သုံးပြီးဖျက်ဆီးရမယ်၊

ဒုတိယကတော့ အင်အားသုံးပြီး

ဖျက်ဆီးပစ်ဖို့ပဲ”

ယန်ယဲ့ က အံ့ဩသွားပြီး

"အင်အားသုံးဖျက်ဆီးလို့ရမှာလား"

ကူကျူးယီက ခေါင်းညိတ်လိုက်ပြီး

"တကယ်တော့ နင် အဲဒီတွင်းနက်ထဲမှာ

ရှိတုန်းက အရမ်းသန်မာခဲ့တယ်။ ဒါပေမဲ့

ငါ့ရဲ့ဓားဝိညာဉ်နည်းစနစ်က

လုံလောက်မှုမရှိလို့ နင့်ရဲ့ခွန်အားကို

တားဆီးဖို့ မလုံလောက်ဘူး။

အာကာသထဲမှာ မျဉ်းပြိုင်ဆုံမှတ်ကို

ထိခိုက်စေနိုင်လောက်တဲ့အထိ

ပြင်းထန်တဲ့စွမ်းအားလှိုင်းတစ်ခုကပဲ

ဒါကို ဖျက်ဆီးပစ်နိုင်တယ်”

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး

"မျဉ်းပြိုင်ဆုံမှတ်လား၊

မင်းဘာကိုဆိုလိုလဲ

ငါတကယ်နားမလည်ဘူး"ဟုပြောလိုက်

သည်။

ထိုအချိန်တွင် ကူကျူးယီက ယန်ယဲ့ဆီကို ရုတ်တရက် လျှောက်လာတော့သည်။

ယန်ယဲ့ က သူမကို
တစ်ချက်စိုက်ကြည့်ကာ
ရှောင်ထွက်သွားသည် ။

ထို့နောက် ကူကျူးယီ
ရပ်နေခဲ့သောနေရာကို ရောက်နေခဲ့သည်။

သို့သော် ကူကျူးယီ၏ပုံရိပ်က
သူ့ဝိညာဉ်နှင့် ထပ်နေခဲ့သည်။

ကူကျူးယီက ခဏအကြာတွင်
နောက်ပြန်လှည့်ကာ "ဒါကိုတွေ့လား။ ငါ
စွမ်းအင် တစ်စုံတစ်ရာ မသုံးရင် နင့်ရဲ့
ဝိညာဉ်နဲ့ ထပ်နေနိုင်တယ်။
ဘာကြောင့်လဲသိလား၊
ဘာကြောင့်လဲဆိုတော့ ငါ့ခန္ဓာကိုယ်နဲ့
နင့်ရဲ့စိတ်ဝိညာဉ်က မျဉ်းပြိုင်နေရာ

တစ်ခုတည်းမှာ မဟုတ်လို့ပဲ။ ဒါဟာ စိတ်ဝိညာဉ်နည်းစနစ်ရဲ့ ထူးခြားချက်ပဲ”ဟုထပ်ပြောခဲ့သည်။

ထိုကဲ့သို့ရှင်းပြလိုက်သောအခါမှသာ ယန်ယဲ့ သည် ကူကျူးယီ၏ ဆိုလိုရင်းကို ချက်ချင်းနားလည်လိုက်သည်။

ထိုအချိန်တွင် ကူကျူးယီက ဆက်ပြောသည် "ဒါပေမဲ့ ဓားနည်းစနစ်

ဒါမှမဟုတ် ဓားကျင့်ကြံသူတွေဟာ

ခွန်အားအဆင့်တစ်ခုကို ရောက်လာရင်

ဝိညာဉ်နည်းစနစ်တွေတောင်မှ သူတို့ကို

ဖိနှိပ်ထားလို့မရဘူး။ ဒါကြောင့်

စိတ်ဝိညာဉ်နည်းစနစ်တွေဟာ

ထူးခြားတဲ့စွမ်းရည်တွေ ရှိပေမယ်လို့

ပုံမှန်နည်းစနစ်တွေလည်း

အားကောင်းပါတယ်။ ဒီတော့ တကယ်ပဲ

အစွမ်းထက်တဲ့ ဓားနည်းစနစ်ရယ်လို့

မရှိခဲ့ဘူး။ ဒါမှမဟုတ်
စိတ်ဝိညာဉ်နည်းစနစ် မရှိဘူးပေါ့။

ပြောရရင် အသုံးပြုတဲ့သူ
အပေါ်မှာပဲမူတည်တယ်"

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။
သူလည်း ကူကျူးယီ ပြောသည်ကို
သဘောတူပါသည်။
မည်သည့်ဝိညာဉ်နည်းစနစ် သို့မဟုတ်

ဓားနည်းစနစ်ပင်ဖြစ်စေ
အသုံးပြုသူအပေါ်မှာသာ
မူတည်လေသည်။

ထိုအချိန်တွင် ကူကျူးယီ၏ လက်မှ
အလင်းတန်းတစ်ခု လက်လာပြီး
ယန်ယဲ့၏နဖူးအလယ်သို့
ဝင်ရောက်လာသည်။တစ်ချိန်တည်းမှာပ
င် သူ့စိတ်ထဲ၌ အချက်အလက်များစွာ
ပေါ်လာသည်။

ဓားဝိညာဉ်နည်းစနစ် (တစ်နည်း
ဓားနည်းစနစ်ကို
စိတ်ဝိညာဉ်ဖြင့်ကျင့်ကြံခြင်း) ။

ထာဝရအဆင့် စိတ်ဝိညာဉ်နည်းစနစ် ။

ယန်ယွဲ့ သည်
မျက်လုံးများကိုမှိတ်ထားသည်။ ၁၅
မိနစ်ခန့်ကြာပြီးနောက်

အချက်အလက်အားလုံးကို

အပြည့်အဝစုပ်ယူလိုက်နိုင်သည်။

ထို့နောက်တွင်တော့ ယန်ယဲ့ သည်

ဓားဝိညာဉ်နည်းစနစ် လေ့လာရင်း

ကူကျူးယီ နှင့်အတူ

စပြီးလေ့ကျင့်ခဲ့သည်။

အချိန်က

မြန်မြန်ဆန်ဆန်ပဲကုန်ဆုံးလာ၏။

မျက်စိတစ်မှိတ်အတွင်းမှာပဲ
သုံးရက်ကြာသွားပါပြီ။

ယန်ယဲ့သည် မျက်လုံးများကို
အနည်းငယ်မှိတ်ထားပြီး
တရားရှုမတ်နေသော
တာအိုဘုန်းတော်ကြီးတစ်ပါးလိုပင်ထင်ရ
လေသည်။ ထိုအချိန်တွင် ကူကျူးယီက
သူနှင့် မလှမ်းကမ်း၌ ထိုင်နေလျက်ဖြင့်

ယန်ယဲ့အား တိတ်တဆိတ်

စောင့်ကြည့်နေခဲ့သည်။

၁၅ မိနစ်ခန့်ကြာပြီးနောက်

ယန်ယဲ့၏ခန္ဓာကိုယ်ထဲမှ

ဝိညာဉ်ကိုယ်ပွားထွက်လာသည်။

တစ်ဆက်တည်း သူ၏ဓားကို

နဖူးအလယ်ဗဟိုသို့ ဖိလိုက်သည်။

ထိုခဏလေးမှာပဲ

သူ၏ဝိညာဉ်ကိုယ်ပွားဟာ

အလင်းတန်းသဖွယ်ပြောင်းကာ

နေရာမှာပင် ပျောက်သွားခဲ့သည်။

ပြန်လည်မွေးဖွားခြင်း၏ဓား ။

ဝိညာဉ်နည်းစနစ်ဖြင့် ပေါင်းစပ်ထားသည့်

ပြန်လည်မွေးဖွားခြင်း၏ဓား ။

အရှိန်က အလွန်လျင်မြန်၏။

လုံးဝကိုကြောက်စရာအတိပါ။

စိတ်ဝိညာဉ်နည်းစနစ်က သာမန်
ပြန်လည်မွေးဖွားခြင်း၏ဓား ထက်
အနည်းဆုံး နှစ်ဆ ပိုမြန်သည်ဟု
ဆိုနိုင်သည်။ ၎င်း၏ စွမ်းအား
နှင့်ပတ်သက်၍တော့ ထူးခြားသော
အရည်အသွေးအသွင်ကူးပြောင်းမှုတစ်ခု
ဟု ဆိုနိုင်သည်။

အကြောင်းကတော့

စိတ်ဝိညာဉ်ပြန်လည်မွေးဖွားခြင်း၏ဓား

က ထာဝရအဆင့် မှာရှိနေလို့ပါ။

အတိတ်တွင်မူ

စိတ်ဝိညာဉ်ပြန်လည်မွေးဖွားခြင်း၏ဓား

ဟာ

မူလနတ်ဘုရားတစ်ပိုင်းအဆင့်များကို

ခြိမ်းခြောက်နိုင်စွမ်းမရှိပေ။

လက်ရှိအချိန်တွင်

စိတ်ဝိညာဉ်ပြန်လည်မွေးဖွားခြင်း၏ဓား

က မူလနတ်ဘုရားတစ်ပိုင်းအဆင့်များကို

သတ်နိုင်သည်။ မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူများအတွက်တော့

အနည်းငယ် မလုံလောက်သေးပါ။

သစ်သားဓားက သူနှင့်လက်တွဲဖို့

ဆန္ဒရှိရင်တော့ မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူအား ရင်ဆိုင်နိုင်ပေမည်။

မည်သို့ပင်ဖြစ်စေ

သူ၏လက်ရှိကျင့်ကြံမှုက

မူလနတ်ဘုရားအဆင့် နှင့်

အဆင့်ကြီးနှစ်ဆင့်တောင်

အလှမ်းကွာနေခဲ့သည်။ ထိုကွာဟချက်က

ရတနာများ၊ အခြားပြင်ပအင်အားများကို

သုံးပြီးလိုက်မှီဖို့မဖြစ်နိုင်ပါ။

တစ်နည်းအားဖြင့် လက်ရှိသူ့ခွန်အားက

ကျင့်ကြံမှုအဆင့် ကွာဟချက်ကြောင့်

မူလနတ်ဘုရားအဆင့်ကျင့်ကြံသူကို
မယှဉ်နိုင်ပေ။

အချိန်တော်တော်ကြာပြီးနောက်တွင်
ဝိညာဉ်ကိုယ်ပွားဟာ
ယန်ယဲ့၏ခန္ဓာကိုယ်ထဲသို့
ပြန်ဝင်လာသည်။

အသက်ရှူ ၂
ရှိုက်စာလောက်အကြာတွင်တော့ ယန်ယဲ့

သည် မျက်လုံးဖွင့်လာပြီး ကူကျူးယီ ကို စိုက်ကြည့်ရင်း "ကျေးဇူးတင်ပါတယ်"ဟု ပြောပါသည်။

သူ၏ စိတ်ဝိညာဉ်

ပြန်လည်မွေးဖွားခြင်း၏ဓားက

ထာဝရအဆင့်သို့ရောက်သွားခဲ့ပါပြီ။

အကြောင်းကတော့ ကူကျူးယီ

သင်ပြပေးသည့်

စိတ်ဝိညာဉ်နည်းစနစ်ကြောင့်ပါ။

စိတ်ဝိညာဉ်နည်းစနစ်က သူ၏

ပြန်လည်မွေးဖွားခြင်း၏ဓား ကို

ထာဝရအဆင့် သို့ မြှင့်တင်ပေးခဲ့သည်ဟု

ဆိုနိုင်သည်။ ထို့ကြောင့် ကူကျူးယီ၏

စိတ်ဝိညာဉ်နည်းစနစ်ဟာ

မည်မျှအဆင့်မြင့်မားကြောင်းသိသာပါ

သည်။

မှန်သည်၊ ဤအတောအတွင်း ကူကျူးယီ
လည်း အကျိုးအမြတ်
အတော်များများရခဲ့လေသည်။
ဤကာလအတွင်း ယန်ယွဲ့ သည်
သူ၏အတွေ့အကြုံများကို ဘာတစ်ခုမှ
ထိန်ချန်မထားဘဲ သူမအား
မျှဝေပေးခဲ့သည်။ ထို့အပြင်
ဓားနယ်မြေကို အသက်သွင်းထားပြီး
ကူကျူးယီကို လေ့လာစေခဲ့သည်။

အတိုချုပ်ပြောရလျှင် နှစ်ယောက်လုံး
တော်တော်လေး တိုးတက်လာသည်။

ကူကျူးယီက ယန်ယဲ့ ကို
တစ်ချက်ကြည့်လိုက်ပြီး "ငါတို့
တစ်ယောက်ကိုတစ်ယောက် ဘာတစ်ခုမှ
အကြွေးမတင်ထားပါဘူး"ဟုပြန်ပြောသ
ည်။

ယန်ယဲ့ က ရယ်မောရင်း “ဒီလို မပြောနဲ့။
ငါတို့က အခုသူငယ်ချင်းတွေဖြစ်နေပြီ"

ကူကျူးယီက ယန်ယဲ့ကို ဂရုမစိုက်ဘဲ
စိုက်ကြည့်ပြီးနောက်
လှည့်ထွက်သွားသည်။

ယန်ယဲ့ က သူ့နောက်ကို
အမြန်လိုက်လာပြီး "ညီမကျူးယီ၊
စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်သား က..."

ကူကျူးယီ က ခဏာရပ်ပြီး

တိတ်ဆိတ်သွားသည်။ သူမက

"စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ဟာ

ငါတို့ကူကလန်ရဲ့ အဖိုးတန်ရတနာပဲ။

ပြင်ပလူကို မပြောနဲ့ ကူကလန်ရဲ့

အဖွဲ့ဝင်ဖြစ်နေရင်တောင်မှ

သစ်သားစလေးတစ်ခုလောက်ရဖို့

မလွယ်လှဘူး"

ယန်ယဲ့ သည် စကားပြန်မပြောဘဲ

တိတ်ဆိတ်စွာသာ နားထောင်နေခဲ့သည်။

“ဒါပေမဲ့

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်သားတစ်စ

လောက်

ရနိုင်မယ့်နည်းလမ်းတော့ရှိတယ်"

ယန်ယဲ့က "ဘယ်လိုလဲ"

သူမက “လွန်ခဲ့တဲ့နှစ်တွေမှာ

ငါ့ကူကလန်ရဲ့

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်က

ဒဏ်ဂါအပြင်းအထန်ရနေတာ။

နှစ်တွေကြာလာတဲ့အထိ ကုသဖို့

နည်းလမ်းမျိုးစုံကို အသုံးပြုခဲ့ပေမယ့်

ပျောက်ကင်းအောင် မကုသနိုင်ခဲ့ဘူး။

သစ်ပင်ရဲ့ ဒဏ်ရာတွေက

တဖြည်းဖြည်းနဲ့

တောင်ပိုဆိုးလာသေးတယ်။

အထူးသဖြင့်တော့

စိတ်ဝိညာဉ်အမြစ်တွေက

ညှိုးနွမ်းစပြုလာပြီ”ဟုပြောခဲ့သည်။

သူမက ခဏရပ်ပြီး “ငါတို့က

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကို

ပြန်ပြီးကုစားဖို့ နည်းလမ်းတွေ

အဆက်မပြတ် ရှာဖွေနေတယ်။

ဒဏ်ရာတွေကို သက်သာအောင်

လုပ်နိုင်ရင်

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်သားတစ်စ

လောက် ရဖို့က ပြဿနာ မဟုတ်ဘူး”ဟု

ဆက်ပြောပါသည်။

ကုသရမှာလား

ယန်ယဲ့ သည် ခဏကြာ ထိတ်လန့်သွားပြီး

“အဲဒါကို

ငါကျွမ်းကျင်တယ်”ဟုပြောလိုက်သည်။

သူ၏မူလခရမ်းရောင်စွမ်းအင်က

မည်သည့်ဒဏ်ရာမဆို

ကုသနိုင်သည်မဟုတ်ပါလား။

ကူကျူးယီက ယန်ယဲ့ ကို

တစ်ချက်ကြည့်လိုက်သည်။

သူမ၏မျက်နှာက

အနည်းငယ်သံသယဝင်သွားပုံဖြင့် "နင်က

ကျွမ်းကျင်တယ်လား"ဟုမေးပါသည်။

ယန်ယဲ့ က မြန်မြန်ဆန်ဆန်ပဲ

ခေါင်းညိတ်လိုက်သည် “ငါ

အလေးအနက်ထားပြောတာပါ။

ငါအဲဒါကိုအရမ်းကျွမ်းကျင်တယ်။ညီမ

ကျူးယီ၊ ငါ ရိုးရိုးသားသား ပြောရရင် ငါ

မကုသနိုင်ဘူးဆိုရင် မင်းတို့ကူကလန်ရဲ့

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်

ကယ်တင်ဖို့ မဖြစ်နိုင်ဘူး"

ကူကျူးယီ က ယန်ယွဲ့ကို

တိတ်တဆိတ်ငုံ့ကြည့်နေရင်း

မျက်လုံးထဲ၌လည်း သံသယများ

ပြည့်နေခဲ့သည်။

ယန်ယွဲ့ က အကူအညီမဲ့စွာပဲ ရယ်မောပြီး

"မင်း ငါ့ကို အဲဒီနေရာကို ခေါ်သွားပြီး

စမ်းသပ်ခွင့်ပေးပါလား။

အဆင်ပြေလား"

ကူကျူးယီက ခဏမျှစဉ်းစားပြီး

ခေါင်းညိတ်ပြသည် “အကြီးအကဲကို

အရင်တွေ့ရအောင် ငါနဲ့လိုက်ခဲ့ပါ”

ထိုစကားပြောပြီး နောက်လှည့်ကာ

နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့ သည် တုံ့ဆိုင်းမနေဘဲ

ချက်ချင်းပင်

နောက်ကနေလိုက်သွားခဲ့သည်။

၁၅ မိနစ်ခန့်အကြာတွင်တော့

ကူကျူးယီက

ယန်ယဲ့ ကို ခန်းမတစ်ခုဆီ

ခေါ်သွားခဲ့သည်။

အထဲကို ဝင်ဖို့ပြင်လိုက်စဉ် လူငယ်တစ်ဦး

ရုတ်တရက်ပေါ်လာပြီးနောက်

သူတို့ရှေ့ပိတ်ရပ်ထားလေသည်။

လူငယ်က ယန်ယွဲ့ နှင့် ကူကျူးယီ ကို

စိုက်ကြည့်ပြီး "အကြီးအကဲက

အရေးကြီးတဲ့ ဧည့်သည်တွေကို

စကားပြောနေတယ်။

မင်းတို့နှစ်ယောက်က သူ့ကို

စိတ်အနှောင့်အယှက် သွားပေးလို့

မရဘူး”ဟုအေးစက်စက်ပြောလိုက်သည်

။

ကူကျူးယီ က ယန်ယဲ့ ကို

လက်ညှိုးထိုးပြပြီး "သူက

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင် ကို

ကုသနိုင်တယ်"

လူငယ်က ယန်ယဲ့ကို ချက်ချင်း စိုက်ကြည့်လာသည်။ သူက ယန်ယဲ့ကို သိမ်းကြုံးကြည့်ရင်း "ဒီလူလား"

သူ့လေသံက သံသယစိတ်များ အပြည့်ပါ။

ယန်ယဲ့ က ခေါင်းညိတ်ပြပြီး "ကြိုးစားခွင့်ပြုပါ"ဟုပြောလိုက်သည်။

ထိုလူငယ်က ခေါင်းယမ်းကာ

“ပြန်လည်မွေးဖွားခြင်းအဆင့်…

အချိန်ဖြုန်းနေစရာ မလိုဘူးလို့

ငါထင်ပါတယ်။ မဟုတ်ဘူး၊

မဟာအကြီးအကဲ ရဲ့အချိန်ကို

မဖြုန်းသင့်ဘူးလို့ ဆိုလိုတာပါ။ မင်း…”

ယန်ယဲ့ က နေရာမှာပင်

ဖျတ်ခနဲပျောက်သွား၏။ ထို့နောက်

လူငယ်လေး၏ရှေ့၌ပေါ်လာပြီး သူ့ဓားကို ဆတ်ခနဲဆွဲထုတ်ကာ ပိုင်းချလိုက်သည်။

လူငယ်၏ အမူအရာသည် သိသိသာသာ ပြောင်းလဲသွားသည်။ ယန်ယဲ့က သူ့အား ရုတ်တရက်တိုက်ခိုက်လာမည်ဟု မထင်ထားသည့်တိုင် အလိုလိုရှောင်ထွက်သွားနိုင်သည်။ ထို့နောက် သူ၏လက်သီးနှစ်ဖက်လုံးကို

ရှေ့သို့ အလျင်အမြန်

ဆောင့်ထိုးပစ်လိုက်ရုံသာ။

ဘမ်း...

ပေါက်ကွဲသံတစ်ချက် ထွက်ပေါ်လာပြီး

လူငယ်က အတော်ဝေးဝေးထိပင်

လွင့်ပျံသွားသည်။

ထိုအချိန်တွင် ကူကျူးယီက ယန်ယွဲ့၏ရှေ့မှာပေါ်လာပြီး "နင်ဘာလုပ်နေတာလဲ"ဟုဒေါသတကြီး ပြောလိုက်သည်။

ယန်ယွဲ့ က ဓားပြန်သိမ်းရင်း “ဘာမှ မဖြစ်ပါဘူး။ ငါ့လက်တွေ ယားယံလာတယ်။တစ်စုံတစ်ယောက်ကို ထိကိုင်ချင်သလို ခံစားရတယ်”ဟုပြန်ပြောပါသည်။

May Be:

၁၉၉၁

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၉၁ - အဲဒါ

မင်းအလုပ်မဟုတ်ဘူး

ယန်ယဲ့ ပြောလိုက်သည့်စကားကြောင့်

ကူကျူးယီ၏ မျက်နှာက

အေးစက်သွားသည်။ သူမ

စကားပြောရန်ပြင်လိုက်သော်လည်း....

ယန်ယဲ့ က လူငယ်လေးထံသို့ ရုတ်တရက်

လှမ်းကြည့်လိုက်ပြီး "

ပြန်လည်မွေးဖွားခြင်းအဆင့် က

ဘာဖြစ်နေသလဲ။ ငါ့ကိုပြော၊

ဘာဖြစ်နေတာလဲ"

ကူကျူးယီက ယန်ယဲ့ ကို စိုက်ကြည့်ကာ တိတ်ဆိတ်နေ၏။ သို့သော် သူမ၏လက်ထဲ၌ ဝါးခြမ်းပြားတစ်ခု ပေါ်လာသည်။

ထိုအချိန်တွင် လူငယ်က သူ့ရင်ဘတ်ကို ပြန်ငုံ့ကြည့်လိုက်သည်။ သူ၏ရင်ဘတ်မှ ဒဏ်ရာက အနည်းငယ်နက်ကြောင်း မြင်ရသည်။

ခဏမျှ တိတ်ဆိတ်သွားပြီးနောက်
ယန်ယဲ့ကို မော့ကြည့်ကာ
"မင်းသေချင်နေတာလား"ဟူ၍
အေးစက်စက်ပြောလိုက်သည်။

ယန်ယဲ့ က စကားမပြောဘဲ
တဟားဟားရယ်မောလိုက်သည်။
ထို့နောက် ရယ်မောနေရင်းဖြင့်
ညာခြေကိုတစ်ချက်ဆောင့်၍ သူ့ပုံရိပ်က
နေရာမှာပင် ပျောက်သွားခဲ့သည်။ ယန်ယဲ့

ပျောက်သွားသည့်အခိုက် လူငယ်လေး

သာမကဘဲ ကူကျူးယီ ပင်

မျက်နှာပျက်သွားသည်။

လူငယ်၏အမူအရာက ချက်ချင်း

ပြောင်းသွားသည်။ သူက တိုက်ခိုက်ရန်

ပြင်လိုက်သော်လည်း

မဆိုသလောက်လေး

နောက်ကျသွားလေပြီ။

ထိုအချိန်မှာပဲ ယန်ယဲ့ သည် လူငယ်၏

နောက်ကျောဖက်မှာ ပေါ်လာသည်။

တစ်ဆက်တည်း ဓားတစ်ချောင်းက

လူငယ်၏နောက်ကျောကို

ဖိကပ်ထားလိုက်သည်။

လူငယ်၏ခန္ဓာကိုယ်က

ချက်ချင်းပင်တောင့်တင်းလာကာ

လုံးဝမလှုပ်ဝံ့တော့ပေ။

ထိုအချိန်တွင် ကူကျူးယီက
စကားမပြောဘဲ တိတ်ဆိတ်နေခဲ့သည်။
သို့သော် သူမ၏အကြည့်များက
အေးစက်နေကာ လက်ထဲမှ
ဝါးခြမ်းပြားကို
တင်းတင်းဆုပ်ထားလိုက်သည်။

ယန်ယဲ့ က ဆက်ပြီးမတိုက်ခိုက်ခဲ့ပေ။
ဓားကိုပြန်သိမ်းကာ ကူကျူးယီ ဖက်သို့
ပြန်လျှောက်သွားသည်။ ထို့နောက် သူက

လူငယ်ကို စိုက်ကြည့်ပြီး “ဘာလို့ တခြားသူတွေကို အထင်သေးရမှာလဲ။ ကျင့်ကြံသူတစ်ယောက်အနေနဲ့ အချိန်တိုင်း ကိုယ့်ကိုယ်ကို နှိမ့်ချနေသင့်တယ်မဟုတ်လား။ ဒီလိုမှပဲ ရှေ့ကိုဆက်သွားနိုင်မှာပါ။ ကိုယ့်ကိုယ်ကို ကျေနပ်နေတယ် ဒါမှမဟုတ် စိတ်ကြီးဝင်နေရင် ဘယ်တော့မှ

တိုးတက်နိုင်မှာ မဟုတ်ဘူး။

နားလည်လား" ဟုပြောလိုက်သည်။

ကူကျူးယီက ယန်ယဲ့ ကို

တစ်ချက်ကြည့်လိုက်သည်။

စကားတစ်ခွန်းမှ မပြောသော်လည်း

သူမ၏မျက်လုံးထဲမှ

အေးစက်စက်အမူအရာများ

တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။

ထိုအတောအတွင်း ယန်ယဲ့ က

ဆက်ပြောလိုက်သည် “မင်းရဲ့ ခွန်အားက

မဆိုးပါဘူး။ မင်းငါ့ကိုပုံမှန်တိုက်ခိုက်ရင်

ရလာဒ်ကသေချာမှာမဟုတ်ဘူး။ ဒါပေမဲ့

မင်းက ငါ့ရဲ့ တိုက်ခိုက်မှုကို

တစ်ချက်တောင် မတားနိုင်ခဲ့ဘူး။

ငါမင်းကို အလစ်အငိုက်ဖမ်း

တိုက်ခိုက်ခဲ့တာအပြင် နောက်ထပ်

အကြောင်းအရင်းတစ်ခု ရှိသေးတယ်။

ဒါဟာ မင်းငါ့ကို အထင်သေးမိလို့ပဲ။

ငါက သာမန်

ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူလို့ပဲ မင်းထင်နေတာ။

ပြီးတော့ မင်းဟာ ငါ့ကို

လုံးဝအထင်မကြီးခဲ့ဘူး။ ဒါဟာ မင်း

လွယ်လွယ်နဲ့ရှုံးရတဲ့ အကြောင်းရင်းပဲ"

လူငယ်က ယန်ယွဲ့ကို စိုက်ကြည့်နေ၏။

သို့ရာတွင် သူ့မျက်လုံးထဲမှ ဒေါသ

မကျေမနပ်စိတ်များက တဖြည်းဖြည်း
ပျောက်ကွယ်သွားသည်။
အချိန်အနည်းငယ်ကြာပြီးနောက်တွင်
သူက ယန်ယဲ့ ကို လက်သီးဆုပ်ပြကာ
"မင်းရဲ့လမ်းညွှန်မှုအတွက်
ကျေးဇူးတင်ပါတယ်"ဟုပြောပါသည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်
“စိတ်ထားကောင်းလိုက်တဲ့
လူငယ်လေးပဲ”

လူငယ်၏ ပါးစပ်ထောင့်များ အနည်းငယ် လှုပ်သွားသည်။ သူ့မျက်နှာက မမြင်နိုင်လောက်အောင် ဖြစ်သွားသည်။

ထိုအတောအတွင်း ယန်ယွဲ့ က "မင်းရဲ့ မဟာအကြီးအကဲကို အကြောင်းကြားပေးပါ။ ငါက စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကို ကုသပေးနိုင်တယ်ဆိုတာ သူ့ကိုပြောပါ"

ဟု ပြောခဲ့သည်။

လူငယ်က ခဏမျှ တုံ့ဆိုင်းသွားပြီး ခေါင်းညိတ်ကာ “ခဏတော့စောင့်ရမယ်” ဟု ပြောပြီးသည်နှင့် နောက်လှည့်၍ ခန်းမထဲသို့ ဝင်သွားသည် ။

လူငယ် ထွက်သွားပြီးနောက် ယန်ယဲ့ က ကူကျူးယီ ကို စိုက်ကြည့်ပြီး

"မင်းဘယ်လိုထင်လဲ" ဟု

မေးလိုက်ပါသည်။

သူမက ယန်ယဲ့ကို သာမန်ပုံစံသာ

စိုက်ကြည့်ရင်း "နင်ဘယ်လိုထင်လဲ"

ယန်ယဲ့ က ပခုံးတွန့်လိုက်ပြီး

"မင်းဘယ်လောက်ပဲရှင်းပြနေပါစေ

ငါ့ရဲ့ခွန်အားကို သူ့ရှေ့ ထုတ်ပြမှပဲ

ပိုလွယ်နိုင်တယ်။

သူမျက်မြင်တွေ့ပြီးတာနဲ့ ငါ့ကို

အထင်အမြင်သေးနေတာတွေ

ရပ်သွားလိမ့်မယ်။ အခုကြည့်ပါ။

ဒီလူငယ်က ချက်ချင်းပြန်သွားတယ်၊

ပြီးတော့ မင်းတို့ကူကလန်ရဲ့

မဟာအကြီးအကဲကို

ငါတို့ရောက်နေတယ်ဆိုတာ

သတင်းပို့နေတာမဟုတ်ဘူးလား"

ကူကျူးယီက ယန်ယဲ့ ကို စိုက်ကြည့်ရင်း

"နင် သဘောကျသလို
အမြဲတမ်းလုပ်ဆောင်နေတာလား"ဟုမေး
လိုက်သည်။

ယန်ယဲ့ က ခေါင်းခါလိုက်သည်
“အမြဲတမ်းတော့ မဟုတ်ဘူး။
တစ်ခါတစ်လေပေါ့”

“အခုချိန်ထိ
နင်ဘယ်လိုအသက်ရှင်နေလဲ” ကူကျူးယီ
က ထပ်မေးပါသည်။

ယန်ယဲ့ သည် ဘာပြန်ပြောရမှန်းပင်
မသိတော့ပေ။

ကူကျူးယီ စကားပြန်ပြောဖို့လုပ်နေစဉ်
လူငယ်က ခန်းမထဲကနေ

ပြန်ထွက်လာပြီး “ဝင်လို့ရပြီ” ဟုဆိုသည်။

ထိုစကားပြောပြီးသည်နှင့် တပြိုင်နက် နောက်ပြန်လှည့်၍ ခန်းမထဲသို့ ပြန်ဝင်သွားသည်။

ကူကျူးယီ က သူမ၏ အကြည့်ကို ဆုတ်လိုက်ပြီး ခန်းမထဲသို့ ဝင်ရောက်သွားလိုက်သည်။

ယန်ယဲ့ သည် စကားမပြောတော့ဘဲ

ငြိမ်နေရင်း

နောက်ကနေအမြန်လိုက်လာခဲ့သည်။

...

ခန်းမထဲတွင် ။

ဝတ်ရုံတောက်တောက်ပြောင်ပြောင်နှင့်

အဘိုးအိုတစ်ဦးက ထိပ်ဆုံးမှ

ခေါင်းဆောင်နေရာ၌ ထိုင်နေ၏။

အနီအဘိုးအိုက ကူကလန်၏

မဟာအကြီးအကဲ ကူရှံ ပင်။

ထို့အပြင် ခန်းမ၏ ဘယ်ဖက်နှင့်

ညာဖက်၌ကား

အနက်ရောင်ဝတ်ရုံအဘိုးအိုနှင့်

ခရမ်းရောင်ဝတ်ရုံအဘိုးအိုတစ်ဦး

ရှိနေခဲ့သည်။ ယန်ယွဲ့နှင့် ကူကျုံးယီ

တို့ဝင်လာသောအခါ ခန်းမထဲမှ

လူသုံးယောက်၏ အကြည့်များသည် သူတို့အပေါ်သို့ ချက်ချင်း ကျဆင်းသွားသည် ။

အဘိုးအိုကူရို က ယန်ယဲ့ကို ခဏကြာစိုက်ကြည့်ပြီး "ညီငယ်၊ မင်း ဘယ်ကလာတာလဲ" ဟု မေးသည်။

ယန်ယဲ့က "ယန်မျိုးနွယ်"

ယန်မျိုးနွယ်လား ။

အဘိုးအိုကူရုံ၏ မျက်လုံးထဲ၌ အံ့သြမှု တစ်ချက် ထွက်ပေါ်လာသည်။ သူက ယန်ယွဲ့ ကို နောက်တစ်ကြိမ် ဝေ့ဝဲကြည့်ရင်း "ညီငယ်က စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကို ကုသပေးနိုင်တယ်လို့ မင်းပြောခဲ့တာလား"ဟုမေးလိုက်သည်။

ယန်ယဲ့ က “ငါ ဒါကို အာမမခံနိုင်ပါဘူး။
ဒါပေမဲ့ ငါကြိုးစားနိုင်တယ်"

အဘိုးအိုကူရုံ က အနည်းငယ်
ခေါင်းညိတ်လိုက်သည်။ ထိုအချိန်တွင်
ယန်ယဲ့၏ ဘယ်ဖက်ခြမ်းမှ
အနက်ရောင်ဝတ်ရုံအဘိုးအိုက
ရုတ်တရက်ဆိုသလိုပဲ
“ရယ်စရာကောင်းလိုက်တာ။
ပြန်လည်မွေးဖွားခြင်းအဆင့်

ကျင့်ကြံသူတစ်ယောက်က

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင် ကို

တကယ်ကုသနိုင်တယ်လို့ပြောနေတယ်။

တကယ့်ကို

ရယ်စရာကောင်းလိုက်တာ”ဟုလျှောင်

ပြောင်လိုက်သည်။

ယန်ယဲ့က သူ့ဘယ်ဖက်ခြမ်းကို လှည့်ကာ

အနက်ရောင်ဝတ်ရုံအဖိုးအိုကို တစ်ချက်ကြည့်လိုက်ပြီး “ဒါ မင်းရဲ့ သောက်အလုပ်မဟုတ်ဘူးထင်တယ်” ဟု ဂရုမစိုက်ဘဲ ပြောလိုက်သည်။

"မင်းဘယ်လိုပြန်ပြောဝံ့သလဲ"

အဘိုးအိုက

ဒေါသတကြီးအော်ငေါက်ရင်း

ပြင်းထန်သောအရှိန်အဝါတစ်ခုက

ယန်ယဲ့ပေါ်သို့ ကျရောက်လာသည်။

မူလနတ်ဘုရားတစ်ပိုင်းအဆင့် လား ။

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။ သူ့ဓားကို

ဆွဲကိုင်လိုက်စဉ် အဘိုးအိုကူရှိ က

ညာလက်ကို ရုတ်တရက်

ဝှေ့ယမ်းလိုက်သည်။ ထိုခဏလေးမှာပဲ

ခန်းမထဲ၌

မမြင်နိုင်သောစွမ်းအင်လှိုင်းများ

ထွက်ပေါ်လာသည်။ ထို့နောက်တွင်
အနက်ရောင်ဝတ်ရုံအဘိုးအို၏
အငွေ့အသက်ဟာ ရုတ်ချည်းပင်
ပျောက်ကွယ်သွားတော့သည်။

မူလနတ်ဘုရားတစ်ပိုင်းအဆင့် ပဲလား။

ယန်ယွဲ့ သည် ကူကာလန်၏
မဟာအကြီးအကဲ ကို
တစ်ချက်ကြည့်လိုက်သည်။ ထိုအဘိုးအို

ကလည်း မူလနတ်ဘုရားတစ်ပိုင်းအဆင့်

ဖြစ်ကြောင်း သတိပြုမိလိုက်သည်။

သို့သော် ကူကလန်၏ မဟာအကြီးကဲ

ထုတ်ပြလိုက်သော

စွမ်းအားအရဆိုလျှင်တော့

အနက်ရောင်ဝတ်ရုံအဘိုးအိုထက်

အများကြီး ပိုသန်မာပါသည်။

ထိုအချိန်တွင် အဘိုးအိုကူရုံ က

ဖြည်းညှင်းစွာထရပ်လိုက်ပြီး

"အစ်ကိုမိုလင်း၊ ဘာလို့များ
ဂျူနီယာမျိုးဆက်နဲ့
ပဋိပက္ခဖြစ်နေရမှာလဲ"

အနက်ရောင်ဝတ်ရုံအဘိုးအိုက
စကားတစ်ခွန်းမှ မပြောဘဲ
အေးစက်စက်နှင့်သာ
နှာခေါင်းရှုံ့လိုက်သည်။

တစ်ချိန်တည်းမှာပဲ အဘိုးအိုကူရုံ က

ပြုံး၍ ဆက်ပြောပါသည်

“မင်းတို့အားလုံးက

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကို

ကုသနိုင်တယ်လို့ ပြောဖူးတယ်။

ဒီလိုဖြစ်နေပြီဆိုတော့

ဘာလို့မစမ်းကြည့်တာလဲ။ စိတ်မပူပါနဲ့၊

မင်းတို့သာ တကယ်ကုသနိုင်သရွေ့

မင်းရဲ့တောင်းဆိုချက်တွေကို

ငါသဘောတူလိုက်မယ်..." ထို့နောက်
သူက ယန်ယွဲ့ ကို စိုက်ကြည့်ပြီး "ညီငယ်၊
မင်းဘာလိုချင်တာလဲဆိုတာ
ငါသိနိုင်မလား"ဟုမေးလိုက်သည်။

ယန်ယွဲ့ က ခဏလောက်စဉ်းစားပြီး
“ငါက တခြားမလိုပါဘူး၊
စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်သားတစ်စ
လောက်ပဲ လိုချင်တယ်” ဟူ၍
ပြန်ဖြေလိုက်သည်။

အဘိုးအိုကူရို က ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး "တကယ်လို့ မင်းသာ သစ်ပင်ကို ပြန်ကုနိုင်သရွေ့တော့ ငါ့ကူကလန်က မင်းကို သစ်ကိုင်းတစ်ကိုင်း ပေးနိုင်မှာပါ"

ယန်ယဲ့ က ခဏတုံ့ဆိုင်းသွားပြီး "ငါကျရှုံးရင်တော့ သစ်သားတစ်လောက်ရနိုင်မလား"

ယန်ယဲ့ ပြောလိုက်သည့်စကားကြောင့်

နံဘေးမှာရပ်နေသော ကူကျူးယီဟာ

မျက်တောင်များ လှုပ်ယမ်းသွားသည်။

ဒီအချိန်မှာ သူမက ယန်ယဲ့နှင့် မသိသလို

လှည့်ထွက်သွားသည်။

ထိုလူက လူရှေ့သူရှေ့ မရှောင်ဘဲ

အရှက်ကင်းမဲ့လွန်းသည်မဟုတ်ပါလား။

အဘိုးအိုကူရဲ ပင်လျှင် မျက်နှာပေါ်၌

ထူးဆန်းသော အမူအရာ

ရှိနေသည်။ရှင်းရှင်းပြောရလျှင်

ယန်ကလန်၏ အဖွဲ့ဝင်က

ထိုပေါက်ကရစကားမျိုးပြောဖို့မမျှော်လ

င့်ထားပေ။ သူက ယန်ယဲ့ ကို ငုံ့ကြည့်ပြီး

"အင်း... အဲဒါ မဖြစ်နိုင်ဘူးလို့

မထင်ဘူးလား"

ယန်ယဲ့ က ထပ်ပြောရန်ပြင်လိုက်စဉ်
ကူကျူးယီ က သူ့လက်ကို
ဆွဲကိုင်လိုက်ပြီး စကားမပြောဘဲ
စိုက်ကြည့်နေသည်။

ယန်ယဲ့ သည်
ဘာဆက်ပြောရမှန်းမသိဖြစ်နေသည်။

ထိုအချိန်တွင် အဘိုးအိုကူရှံ က
"သွားကြရအောင်"

ထိုစကားပြောပြီးနောက် နေရာမှာပင် ပျောက်သွားသည်။

ယန်ယဲ့ သည် ထွက်သွားရန်ပြင်လိုက်စဉ် အဘိုးအိုမိုလင်း ကို ရုတ်တရက် စိုက်ကြည့်လိုက်သည်။ အနီးအဘိုးအို၏ အသွင်အပြင်ကို မမြင်ရသော်လည်း သူ့အား စိုက်ကြည့်နေသည်ကို သတိထားမိနိုင်ပါသည်။ ထို့အပြင်

အဘိုးအိုမိုလင်း၏ အကြည့်များက ရန်လိုမှုအပြည့်ပါ။

ယန်ယဲ့ က အဘိုးအိုမိုလင်းကို ခဏကြာစိုက်ကြည့်ရင်း "ထားလိုက်ပါတော့။ အစောပိုင်းတုန်းက ဖြစ်ခဲ့တာတွေကို မေ့ပစ်လိုက်ရအောင်။ အဆင်ပြေလား"ဟုပြောလိုက်သည်

"တောင်းပန်မလား" အဘိုးအိုမိုလင်းက

အေးစက်စွာ ရယ်မောလိုက်ပြီး

"တောင်းပန်တာက အပြောင်းအလဲတစ်ခု

ဖြစ်လာမယ်လို့ မင်းထင်လား။

ခွေးကောင်လေး၊ မင်း ကူကလန်ကနေ

ထွက်သွားတာနဲ့ မင်းအတွက်

သေတာထက် ပိုဆိုးအောင်

ငါလုပ်ပေးပါ့မယ်…”

"လူအိုကြီး၊ သေလမ်းရှာနေတာလား"

ယန်ယဲ့က ဓားကို ရုတ်တရက် ဆွဲထုတ်ပြီး

အဘိုးအိုမိုလင်းကို ထိုးချိန်လျက်

"အဘိုးကြီး၊ ငါတို့က အခုချက်ချင်း

တစ်ယောက်ကို တစ်ယောက်

ဘာလို့မတိုက်ခိုက်ရတာလဲ"

"မင်းကိုကြောက်တယ်များထင်သလား"

အဘိုးအိုမိုလင်းက

အေးစက်စရ်ပြန်ပြောရင်း

တိုက်ခိုက်ဖို့ပြင်လေသည်။

သို့သော်လည်း အဘိုးအိုကူရုံ က

သူတို့နှစ်ယောက်ရှေ့မှာ ရုတ်တရက်

ပေါ်လာပြီး “ကူကလန် က

တိုက်ပွဲကွင်းပြင်မဟုတ်ဘူး"ဟူ၍

ပြောခဲ့သည်။

အဘိုးအိုမိုလင်းက ယန်ယဲ့ကို စူးစူးရဲရဲ စိုက်ကြည့်ရင်း အေးစက်စက် အော်ဟစ်လိုက်ပြီး နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

အဘိုးအိုကူရုံ က ယန်ယဲ့ ကို စူးစိုက်ကြည့်ပြီး "ညီငယ်၊ သတ္တိရှိတာက ကောင်းပါတယ်။ ဒါပေမဲ့ သည်းမခံတတ်တာက လူတစ်ယောက်ကို မြန်မြန်ဆန်ဆန် သေသွားစေနိုင်တယ်။

ဒါကြောင့် ခံနိုင်ရည်ရှိအောင် လေ့ကျင့်ပြီး
နောက်ပြန်ဆုတ်ဖို့
လိုအပ်ပါသေးတယ်”ဟုပြောလိုက်ပါသ
ည်။

ယန်ယဲ့ က အနည်းငယ် ရယ်မောပြီး
“ငါ့ဒေါသကို ငါ သည်းမခံနိုင်ဘူး။
တစ်ယောက်ယောက်က ငါ့ကို
အနိုင်ကျင့်ရင် သူတို့လုပ်တဲ့အတိုင်း
ပြန်ပေးရတာ ကြိုက်တယ်။

ငါတို့အားလုံးက လူသားတွေမို့ ငါ့ဘာလို့ ဘယ်သူ့ကို ကြောက်ရမှာလဲ။ ဒါပေမဲ့ အကြီးအကဲ ပြောခဲ့တာတွေက အဓိပ္ပာယ်ရှိလို့ ငါမှတ်ထားပါ့မယ်"ဟုပြန်ပြောပါသည်။

အဘိုးအိုကူရုံ က ယန်ယွဲ့ ကို တစ်ချက်ကြည့်လိုက်ပြီး "မင်းက ယန်ကလန်ရဲ့

တပည့်တစ်ယောက်ပါ။ ဒါကြောင့်
မင်းထွက်သွားတဲ့အခါ ယန်မျိုးနွယ်ရဲ့
ကျင့်ကြံသူတွေကို
ချက်ချင်းဆက်သွယ်လိုက်ရင်
အဆင်ပြေမှာပါ"ဟုပြောခဲ့သည်။

ထိုစကားပြောပြီးသည်နှင့် ထွက်သွားရန်
ပြင်လိုက်ပြီးမှ တွေးနေပုံရပြီး ကူကျူးယီ
ကို ရုတ်တရက် စိုက်ကြည့်ကာ "ငါတို့နဲ့
လိုက်ခဲ့"

ဟု ပြောပြီး နေရာတွင်ပင်
ပျောက်ကွယ်သွားသည်။

ကူကျူးယီ၏ မျက်လုံးထဲမှ
ပျော်ရွှင်မှုအရိပ်အယောင်များ တဖျပ်ဖျပ်
တောက်ပလာသည်။ ထို့နောက်
တံ့ဆိုင်းမနေဘဲ
အဘိုးအိုကူရုံ၏နောက်သို့ အလျင်အမြန်
လိုက်ပါသွားခဲ့သည်။

ယန်ယဲ့ သည် ပခုံးတွန့်ပြီး သူတို့နောက်ကို လိုက်သွားလိုက်သည်။

သိပ်မကြာလိုက်ပေ။ သူတို့အဖွဲ့ဟာ တောအုပ်တစ်ခုဆီကို ရောက်လာကြသည်။ သစ်တောကြီးဟာ အတော် ကြီးမားလှသည်။ သစ်ပင်တစ်ပင်စီတိုင်းဟာ

အလွန်မြင့်မားၡ၏။ ထို့အပြင် သစ်ပင်
လုံးပတ်ကလည်းကြီးမားလေသည်။

အထဲကို တဖြည်းဖြည်းချင်း
ဝင်လာသည်နှင့် ယန်ယွဲ့ သည်
ပတ်ဝန်းကျင်မှ သိပ်သည်းသော
ဝိညာဉ်စွမ်းအင်ကို ခံစားလိုက်ရ၏။
သူက ကူကျူးယီ ကို
တစ်ချက်ငဲ့စောင်းကြည့်လိုက်သည်။
ဒီအချိန်မှာ ကူကျူးယီ ပျော်ရွှင်နေသည့်

အကြောင်းကို နားလည်သွားတော့သည်။

ဤနေရာက

စိတ်ဝိညာဉ်အခြေအနေအတွက်

လုံးဝကိုကောင်းမွန်နေသောနေရာဖြစ်နေ

လို့ပါ။ အကြောင်းကတော့

တောအုပ်ထဲသို့

ဝင်လာသည်နှင့်တပြိုင်နက်

သူ၏စိတ်ဝိညာဉ်က ပတ်ဝန်းကျင်မှ

စွမ်းအင်များကို ဖြည်းဖြည်းချင်း

စုပ်ယူနေလို့ပါပဲ။

ထိုကဲ့သို့ပင် အဘိုးအိုကူရုံ က

ရှေ့ဆက်သွားနေပြီး နောက်ထပ် ၁

နာရီလောက်ကြာပြီးမှ

ရပ်တန့်သွားသည်။ သူတို့နှင့်

သိပ်မဝေးလှသော နေရာ၌

စက်ဝိုင်းပုံသဏ္ဍာန်ကျောက်သားစင်မြင့်

ကြီးတစ်ခုရှိနေ၏။ ၎င်းအပေါ်၌ ၁၀

မီတာမြင့်သော

သစ်ပင်ငယ်တစ်ပင်ရှိသည်။

သစ်ပင်ငယ်၏ထိပ်ဖျားပိုင်းက

ချွန်ထက်သောဓားဖြင့်

ခုတ်ဖြတ်ခံထားရပုံရပြီး မှန်ကဲ့သို့

ချောမွေ့နေပါသည်။

သစ်ပင်ငယ်တစ်ဝိုက်တွင်တော့

အရွက်အနည်းငယ်သာရှိသဖြင့်

၎င်း၏အောက်ပိုင်းတစ်ခြမ်းမှာ
ညိုးနွမ်းနေသည်ကို မြင်နိုင်လေသည်။

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင် ။

ယန်ယွဲ့ သည် သူ့ရှေ့မှ
သစ်ပင်ငယ်လေးက
စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်မှန်း
သိလိုက်သည်။ အကြောင်းကတော့
သစ်ပင်တစ်ဝိုက်မှ

ထူထပ်သိပ်သည်းသော

စိတ်ဝိညာဉ်စွမ်းအင်များ အဆက်မပြတ်

ထွက်ပေါ်နေလို့ပါ။

ယန်ယဲ့ သည် ရှေ့မလှမ်းမကမ်းမှ

သစ်ပင်ကို ငေးမောကြည့်နေရင်း

မျက်လုံးထဲ၌ ပြင်းပြသော

အရိပ်အယောင်တစ်ခု ရှိနေသည်။

သစ်ပင်အကိုင်းတစ်ကိုင်း ရသည်နှင့်

ကောင်းကင်ငယ်၏ ဝိညာဉ်ကို

မူလအခြေအနေပြန်ရောက်အောင်လုပ်နိုင်ပါတော့မည်။

သူ့ စကားစခါနီးတွင်တော့
ဆန်းကြယ်ရှေးချိုကန်ဟာ
ရုတ်တရက်လှည့်ပတ်လာပါသည်။

ယန်ယဲ့ သည် အနည်းငယ်
ထိတ်လန့်သွားပြီး သူ၏အမူအရာက
သိသိသာသာ ပြောင်းလဲသွားသည်။

သူ့စိတ်ထဲတွင်

ကမန်းကတန်းအော်ဟစ်လိုက်သည်

“ညီအစ်ကို၊

အရူးတစ်ယောက်လိုမျိုးစိတ်ထင်တိုင်း

လျှောက်မလုပ်ပါနဲ့။ ငါပါ

မဆီမဆိုင်ရောပြီးအသတ်ခံနေရမယ်"

May Be:

၁၉၉၂

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၉၂ - အနှောင်အဖွဲ့ကင်းမဲ့သူ

ကို သိသလား

ယန်ယဲ့ သည် အတော်လေးကို

ထိတ်လန့်သွားမိသည်။

မူလစေတီဟာ

အဖိုးတန်ရတနာများဆိုလျှင်

အမြဲလိုလိုသိမ်းယူနေကြဖြစ်လို့ပါ။

အကယ်၍ အခြားသော

သာမန်အချိန်ဆိုလျှင်တော့ သူ့အနေဖြင့်

မူလစေတီကို တားနေမှာမဟုတ်ပေ။

သို့သော် လက်ရှိတွင် သူက

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကို

ခိုးယူလို့မရပေ။ ထိုသို့လုပ်လျှင်

ကူကလန်၏ လက်ချက်ဖြင့်
ငရဲရောက်ဖို့သေချာပါသည်။

ဆန်းကြယ်ရှေချိုကန် က
လည်ပတ်နေဆဲပင်။ ယန်ယဲ့ သည်
လက်သီးများကို ဆုပ်ထားရင်း
နဖူးထက်မှ အေးစက်စက် ချွေးများ
တဖြည်းဖြည်း စီးကျလာသည်။
ဒီအချိန်မှာ သူက ထွက်ပြေးဖို့ အဆင်သင့်
ဖြစ်နေသည် ။

အသက်ရှူ ၅ ရှိုက်စာခန့်အကြာတွင်

ဆန်းကြယ်ရွှေချီကန် သည်

တဖြည်းဖြည်း ရပ်တန့်သွားသည်။

ယန်ယဲ့ သည်

သက်ပြင်းတစ်ချက်ချလိုက်သည်။

ဆန်းကြယ်ရွှေချီကန်သည်

အခြေအနေ၏ ပြင်းထန်မှုကို

ကောင်းကောင်းသိနေပုံပါ။

ကူကျူးယီက ယန်ယဲ့ကို ကြည့်ရင်း

အံ့သြသွားကာ

"ဘာဖြစ်နေတာလဲ"ဟုမေးလိုက်သည်။

ယန်ယဲ့ သည် နဖူးပေါ်ရှိ

အေးစက်စက်ချွေးများကို သုတ်လိုက်ပြီး

ခေါင်းယမ်းကာ “ဘာမှ မဖြစ်ပါဘူး။

နည်းနည်း အားနည်းတယ်လို့

ခံစားရတယ်”ဟုသာ ပြန်ပြောသည်။

ကူကျူးယီ က ယန်ယဲ့ကို
အထင်အမြင်သေးသလို စိုက်ကြည့်ရင်း
"ဒီလိုမျိုးတွေ မလုပ်တော့ရင် နင်ဒီလို
ခံစားရမှာ မဟုတ်ဘူး"ဟုပြောသည်။

"ဘာလဲ" ယန်ယဲ့ က
လှည့်ကြည့်လိုက်သည်။ သူက
ကူကျူးယီ ကို စိုက်ကြည့်ရင်း  "မင်း

ဘယ်လိုပေါက်ကရပြောနေမှန်း

ငါမသိလိုက်ဘူး"

သို့သော်လည်း ကူကျူးယီ က

ပြန်မပြောတော့ပါ။

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကိုသာ

ငေးကြည့်နေပါတော့သည်။

တစ်ချိန်တည်းမှာပဲ အဘိုးအိုကူရုံ က

ယန်ယဲ့ နှင့် အခြားသူများကို

လှည့်ကြည့်လိုက်ပြီး "ဒါဟာ ငါ့ကူကလန်ရဲ့ စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ပဲ။ မင်းတို့ထဲက ဘယ်သူအရင်သွားချင်လဲ"ဟုမေးလိုက်သည်။

"ငါလုပ်မယ်" အဘိုးအိုမိုလင်းက ရုတ်တရတ်ပြောလိုက်ပြီး ကျောက်စင်မြင့်ပေါ်ခုန်တက်သွားသည်။

အခိုက်အတန့် တိတ်ဆိတ်သွားပြီးနောက်

သူ့ခန္ဓာကိုယ်ထဲမှ အစိမ်းရင့်ရောင်

စွမ်းအင်ကြိုးတစ်ချောင်း

ထွက်ပေါ်လာသည်။ ထိုအခါ

လူတိုင်းသည် ပြင်းထန်သော

ဘဝ၏အရှိန်အဝါ(အသက်စွမ်းအင်)ကို

ချက်ချင်း ခံစားလိုက်ရသည်။

ထိုအချိန်တွင် အဘိုးအိုကူရုံ က

"သစ်သားဒြပ်စင်ရဲ့

ဆန်းကြယ်ချီစွမ်းအင်အနေနဲ့ပြောင်းလဲ
ထားတာပဲ” ဟု တိုးတိုးလေးပြောခဲ့သည်။

ယန်ယဲ့ သည် မျက်နှာပေါ်တွင်
အံ့သြသောအမူအရာဖြင့် အဘိုးအိုကူရုံ
ကို စိုက်ကြည့်ကာ "ပြောင်းလဲသွားတဲ့
သစ်သားဒြပ်စင်ရဲ့ ဆန်းကြယ်ချီစွမ်းအင်
လား"ဟုပြောလိုက်သည်။

အဘိုးအိုကူရုံ က

အနည်းငယ်ခေါင်းညိတ်လိုက်ပြီး

"ကမ္ဘာပေါ်မှာ ဆန်းကြယ်ချီစွမ်းအင် ၅

မျိုးနဲ့ တခြားအရာတွေလို

ဆန်းကြယ်ချီစွမ်းအင်အမျိုးအစားတွေ

ရှိပါတယ်။ သူ့မှာ ဆန်းကြယ်ချီစွမ်းအင်

ပိုင်ဆိုင်ထားပေမယ်လို့ ဒါဟာ

သာမန်စွမ်းအင်ပုံစံမဟုတ်ဘူး။

အတိတ်က ကံကြမ္မာကောင်းချီး

တစ်မျိုးမျိုး ကြုံဖူးတယ်လို့

ငါထင်ပါတယ်၊ ဒါဟာ

သူ့ရဲ့သစ်သားဒြပ်စင်ကို

ဆန်းကြယ်ချီစွမ်းအင်အနေနဲ့

ပြောင်းလဲသွားစေတာပဲ”

ယန်ယွဲ့ က

"ဘာလုပ်လို့ရလဲ"ဟုမေးလိုက်သည်။

အဘိုးအိုကူရုံ က “အဲဒီလို ဆန်းကြယ်ချီစွမ်းအင် ပိုင်ဆိုင်ထားတဲ့ လူတွေဟာ ကြောက်စရာကောင်းတဲ့ ပြန်လည်ကုသခြင်းစွမ်းရည်ရှိတယ်လေ။ ဒါ့အပြင် သူတို့ရဲ့ ဘဝသက်တမ်းကို တိုးမြှင့်နိုင်တယ်။ ဒါပေမဲ့ စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်...” ဟု ပြောပြီးနောက်တွင်တော့ သူက အဘိုးအိုမိုလင်းကို လှမ်းကြည့်ရင်း

“အုံဖွယ်တစ်ခု ခုဖြစ်လာမယ်လို့တော့
မျှော်လင့်ပါတယ်”ဟုပြောလိုက်သည်။

ကျောက်သားစင်မြင့်ထက် ။

သန့်စင်သော
အစိမ်းရင့်ရောင်စွမ်းအင်ကြိုးများဟာ
စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်
ဆီသို့ တဟုန်ထိုး စီးဝင်နေသည်။
သိပ်မကြာလိုက်ဘဲ သစ်ပင်က

မြန်မြန်ဆန်ဆန် စုပ်ယူသွား၏။

ထို့နောက်တွင်

ပင်စည်ကအနည်းငယ်တုန်ခါလာသည်။

ထိုမြင်ကွင်းကိုမြင်သောအခါ

အဘိုးအိုကူရှုံ က လက်သီးများကို

ဖြည်းညှင်းစွာ ဆုပ်ထားသည်။

ထိုအချိန်တွင် အဘိုးမိုလင်းထံမှ

အစိမ်းရင့်ရောင်စွမ်းအင်ကြိုးများ ပိုမို

ထွက်ပေါ်လာသည်။ ထိုခဏလေးမှာပဲ

သစ်ပင်တစ်ပင်လုံးအား

စွမ်းအင်ကြိုးများ ဖုံးလွှမ်းထားသည်။

ထို့နောက်

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်၏

ညှိုးနွမ်းစပြုနေသော အမြစ်များသည်

ပြောင်းလဲသွားပုံရသည်။

ထိုအခြေအနေကို မြင်သောအခါ

အဘိုးအိုကူရုံ နှင့် ကူကျူးယီ

တို့နှစ်ယောက်လုံး

စိတ်လှုပ်ရှားလာသည်။

နောက်ဆုံးတွင်

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင် သည်

ကူကလန်အတွက် အဖိုးမဖြတ်နိုင်ပေ။

အချိန်များ

တရွေ့ရွေ့နဲ့ကုန်ဆုံးလာ၏။မျက်စိတစ်မှိ

တ်အတွင်းမှာပင် ၁

နာရီကျော်သွားခဲ့လေပြီ။ ထိုအချိန်တွင်

အဘိုးအိုကူရုံ နှင့် ကူကျူးယီ

၏မျက်နှာများက ညိုမှိုင်းနေသည်။

အကြောင်းကတော့ သစ်ပင်ဟာ

အစိမ်းရင့်ရောင်စွမ်းအင်ကြိုးများအား

လုံးကို စုပ်ယူထားသော်လည်း

အမှန်တကယ်ပင်

အပြောင်းအလဲမရှိခဲ့ပေ။

ထိုကဲ့သို့ပင် နောက်ထပ် ၁

နာရီကြာသွားသည်။ အဘိုးအိုမိုလင်းက

သူ၏ ဆန်းကြယ်ချီစွမ်းအင်များ

ကုန်ဆုံးသွားသောကြောင့် ရုတ်တရက်

ရပ်တန့်သွားသည်။

သူက ထိုနေရာတွင် အကြာကြီး

တိတ်တဆိတ် မတ်တပ်ရပ်နေပြီးမှ

အဘိုးအိုကူရုံ ဖက်သို့

ပြန်သွားလိုက်သည်။ထို့နောက်တွင် သူက

ယန်ယဲ့ ကို စိုက်ကြည့်ကာ "မင်း

ကုသလို့ရတယ် လို့ မပြောဘူးလား။

ဆက်သွားပါ”

ယန်ယဲ့ သည် စကားပြောရန်ပြင်လိုက်စဉ်

နံဘေးမှ ခရမ်းရောင်ဝတ်ရုံအဘိုးအို က

“ငါ စမ်းကြည့်ရအောင်” ဟု

ခပ်ဆတ်ဆတ်ပြောလာသည်။

အားလုံးက ခရမ်းရောင်ဝတ်ရုံအဘိုးအို ကို ချက်ချင်း စိုက်ကြည့်နေကြသည်။

အဘိုးအိုကူရုံ က ခရမ်းရောင်ဝတ်ရုံအဘိုးအို ကို တစ်ချက်ကြည့်လိုက်ပြီး "အစ်ကိုနင်း၊ မင်း စိတ်ချလား"ဟုပြောလိုက်၏။

သက်လတ်ပိုင်းအဘိုးအိုက က ပြုံးပြီး

“ငါ လုံးဝကို စိတ်မချဘူး။ ဒါပေမဲ့

ငါကြိုးစားနိုင်တယ်"

အဘိုးအိုကူရုံ က ခေါင်းညိတ်ပြီး

"ကျေးဇူးပြုပြီး သွားလိုက်ပါ"

သက်လတ်ပိုင်းအဘိုးအိုက အနည်းငယ်

ခေါင်းညိတ်ပြပြီးနောက် ကျောက်သား

စင်မြင့်ပေါ်၌ ပေါ်လာသည်။ သူက

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင် ဆီသို့
ဖြည်းညှင်းစွာ လျှောက်သွားလိုက်သည်။
ထို့နောက် သစ်ပင်ကို အချိန်အတော်ကြာ
တိတ်ဆိတ်ငြိမ်သက်စွာ စိုက်ကြည့်ကာ
သူ့လက်ကို ရှေ့သို့ ရုတ်တရက်
ဖြည်းညှင်းစွာ ဆန့်ထုတ်လိုက်သည်။

သက်လတ်ပိုင်းအဘိုးအို၏ လက်က
သစ်ပင်ကို ထိခါနီးတွင် အေးစက်သော
အလင်းရောင်တစ်ခု ရုတ်တရက်

လင်းလက်လာပြီး သူ၏ ညာလက်ကို

ဝှေ့ယမ်းလိုက်သည်။

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင် က

ချက်ချင်းပျောက်ကွယ်သွားသည်။

ထို့နောက် သက်လတ်ပိုင်းအဘိုးအိုက

ညာခြေကိုဆောင့်ကာ

ခရမ်းရောင်အလင်းတန်းသဖွယ်ပြောင်း

၍ ကောင်းကင်ထက်သို့

တဟုန်ထိုးခုန်တက်သွားတော့သည်။

ယန်ယဲ့ သည် ထိုမြင်ကွင်းကြောင့်
အံ့အားသင့်သွားသည်။

ခိုးယူဖို့ကြိုးစားနေတာလား။ တစ်
ယောက်ယောက်က ငါ့ထက် ရဲရင့်တယ်။

ထိုအချိန်တွင် သက်လတ်ပိုင်းအဘိုးအိုက
စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်အား
ဖမ်းယူသွားကြောင်း မြင်သောအခါ
အဘိုးအိုကူရို နှင့် ကူကျူးယီတို့ဟာ

မျက်နှာပျက်သွားကြသည်။

တစ်ချိန်တည်းမှာပင် အဘိုးအိုကူရုံက

နေရာမှာပင် ပျောက်သွား၏။ ထို့နောက်

သက်လတ်ပိုင်းအဘိုးအို၏နောက်ကွယ်၌

ပြန်ပေါ်လာသည်။

သို့သော် သက်လတ်ပိုင်းအဘိုးအို ထံမှ

ကြောက်မက်ဖွယ်ကောင်းသော

အငွေ့အသက်များ ရုတ်တရက်

ထွက်ပေါ်လာပြီးနောက် အဘိုးအိုကူရုံ

ဟာ မူလရပ်နေရာသို့

ပြန်ရောက်သွားခဲ့သည်။

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူ ။

ဤနေရာရှိ လူတိုင်း၏

အမူအရာများသည်

ပြောင်းလဲသွားခဲ့သည်။

သက်လတ်ပိုင်းအဘိုးအိုက

အမှန်တကယ်ပင် မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူ ဖြစ်နေဖို့ မည်သူမျှ

မမျှော်လင့်ထားခဲ့ကြပေ။

အဘိုးအိုကူရုံ၏ မျက်နှာသည် အလွန်ပင်

ဆိုးရွားလှသည်။

သက်လတ်ပိုင်းအဘိုးအိုက

ကျင့်ကြံမှုအဆင့်အား ဖုံးကွယ်ထားဖို့

မမျှော်လင့်ထားပုံပါ။

ထိုအချိန်တွင် ယန်ယဲ့ သည်

သက်လတ်ပိုင်းအဘိုးအို ထံမှ

ပြန်လုယက်ဖို့ပြင်လိုက်တော့သည်။

နောက်ဆုံးတွင်

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ဟာ

ကောင်းကင်ငယ်ကို ကယ်တင်ဖို့

တစ်ခုတည်းသောနည်းလမ်းဖြစ်လေရာ

၎င်းကို အရှုံးမပေးချင်ပေ။

သို့သော် ကူကျူးယီ က သူ့ကို

တားလိုက်ပြီး "နင်သေချင်လား။ အဲဒါ

စစ်မှန်တဲ့ မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူ ပဲ"ဟုပြောလိုက်သည်။

ယန်ယဲ့ က ခေါင်းခါလိုက်သည်

"ကိစ္စမရှိပါဘူး"

စကားပြောနေစဉ်တွင်

သက်လတ်ပိုင်းအဘိုးအို နောက်သို့

လိုက်ပါသွားရန် ပြင်လိုက်၏။

သို့သော်လည်း ကူကျူးယီက

သူ့လက်မောင်းကို လှမ်းဆွဲလိုက်ပြီး

"ဒါဟာ ငါ့ကူကလန်ရဲ့ ကိစ္စပဲ။

ငါတို့ကိုယ်တိုင်ပဲဖြေရှင်းမယ်"

ထိုအချိန်တွင် ကောင်းကင်အဝေးမှ

ပေါက်ကွဲသံများ အများအပြား

ထွက်ပေါ်လာသည်။ သို့သော်

သိပ်မကြာလိုက်ဘဲ ပေါက်ကွဲသံများ

ပျောက်ကွယ်သွားတော့သည်။

အချိန်အနည်းငယ်ကြာပြီးနောက်တွင်

လက်နက်ကိုင်အမျိုးသားတစ်ဦးက

သူတို့နှင့် သိပ်မဝေးသော နေရာမှ

ရုတ်တရက် ထွက်လာခဲ့သည်။

လက်နက်ကိုင်အမျိုးသားက အသက် ၄၀

ဝန်းကျင်ခန့်သာရှိပုံရသည်။

သူ၏ဆံပင်များဟာ နီညိုရောင်ရှိကာ

ပိတ်ချောဝတ်ရုံနှင့်

သာမန်ကောက်ရိုးဖိနပ်များကိုသာ

စီးနင်းထားလေသည်။

သူ၏ဘယ်ဖက်လက်ထဲ၌တော့

သက်လတ်ပိုင်းအဘိုးအိုတစ်ဦးကို

ဖမ်းဆုပ်ထားသည်။

သက်လတ်ပိုင်းအဘိုးအိုက

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကို

ခိုးယူပြေးသွားသော

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူပါ။

ယန်ယဲ့ သည်

လက်နက်ကိုင်အမျိုးသားကို

လေးလေးနက်နက်ဖြင့် အကြာကြီး

တစ်ချက်ကြည့်လိုက်သည်။

သန်မာတယ်။

ဒီလူက အရမ်းသန်မာတယ်။

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူဟာ

ထာဝရတန်ခိုးရှင် မဟုတ်ပေ။

မူလနတ်ဘုရားအဆင့် ကျင့်ကြံသူဟာ

သာမန်မဟုတ်သော်လည်း

အဆင့်တူနှစ်ယောက်၏တိုက်ပွဲတွင်

တစ်ဖက်ကို သတ်ဖို့က

လုံးဝခက်ခဲပါသည်။ သို့သော်

လက်နက်ကိုင်အမျိုးသားက

အချိန်ခဏလေးဖြင့်

သက်လတ်ပိုင်းအမျိုးသားကို

သတ်ပစ်ခဲ့သည်။ ထို့ကြောင့်

လက်နက်ကိုင်အမျိုးသား

မည်မျှသန်မာကြောင်း ထင်ရှားသည်။

ထိုအချိန်တွင် ကူကျူးယီ နှင့်

အဘိုးအိုကူရုံ က

လက်နက်ကိုင်အမျိုးသားကို ရိုသေစွာ

ဦးညွှတ်ကြသည်။ သူတို့၏

မျက်နှာပေါ်တွင်လည်း

လုံးဝကိုရှိသေလေးစားမှုအပြည့်ပါ။

လက်နက်ကိုင်အမျိုးသားက

သက်လတ်ပိုင်းအဘိုးအို၏ အလောင်းကို

အဘိုးအိုကူရှုံ ရှေ့သို့ ပေါ့ပေါ့ဆဆ

ပစ်ချလိုက်ပြီးနောက်

လှည့်ထွက်သွားသည်။ သို့သော်

ခြေလှမ်းနှစ်လှမ်း လှမ်းပြီးနောက်

ရုတ်တရက် ရပ်လိုက်ပြီး ယန်ယဲ့ကို

စိုက်ကြည့်ကာ “ဓားကျင့်ကြံသူ လား”

ယန်ယဲ့ သည်

လက်နက်ကိုင်အမျိုးသားကို

တစ်ချက်ကြည့်လိုက်ပြီး ခေါင်းညိတ်ကာ

“အမှန်ပဲ ”

လက်နက်ကိုင်အမျိုးသားက ယန်ယဲ့ ကို

ခဏကြာ စိုက်ကြည့်ရင်း “မင်းဆီက

ရင်းနှီးတဲ့ အရိပ်အယောင်ကို ငါ

ခံစားရတယ်။ မင်းက

ဝင်ရိုးစွန်းကြယ်စနစ်ကနေ လာတာလား"

ယန်ယဲ့၏မျက်လုံးများမှတဆင့်

အံ့အားသင့်မှုတစ်ခု ထွက်ပေါ်လာသည်

"မင်းဘယ်လိုသိတာလဲ"

လက်နက်ကိုင်အမျိုးသားက ခဏတာ

ငြိမ်သက်သွားပြီး "မင်း မဆိုးပါဘူး" ဟု

ပြောပါသည်။ စကားပြောပြီးနောက်
ဖျတ်ခနဲပျောက်သွား၏။

ထိုအချိန်တွင် ကူကျူးယီ က "နင်က
ဝင်ရိုးစွန်းကြယ်ကနေ ပြန်လာတာလား"
ဟု ရုတ်တရက်မေးခဲ့သည်။

ယန်ယွဲ့ က သူမကို စိုက်ကြည့်ကာ
ခေါင်းညိတ်သည်။

သူမက ယန်ယဲ့ကို
စိုက်ကြည့်နေသော်လည်း
စကားတစ်ခွန်းမှ မပြောခဲ့ပေ။

ယန်ယဲ့ က "ဒါဘယ်သူလဲ။ သူက
သန်မာတယ်”

ကူကျူးယီ က လစ်လျူရှုရင်း “ကူမင်၊
ငါ့ရဲ့ သတ္တမမြောက်ဦးလေး။ သူဟာ
တစ်ချိန်တုန်းက

နဂါးငွေ့တန်းကြယ်စင်စုရဲ့
အဆင့်သတ်မှတ်ချက်မှာ ဒုတိယအဆင့်
ရှိခဲ့တယ်။ ဒါ့အပြင် သူက
မူလနတ်ဘုရားတစ်ပိုင်းအဆင့် နဲ့တင်
မူလနတ်ဘုရားအဆင့် ကျင့်ကြံသူကို
သတ်ခဲ့တယ်။ အခု သူက ငါ့ကူကလန်ရဲ့
အုပ်ထိန်းသူပဲ”

"နဂါးငွေ့တန်းကြယ်စင်စုရဲ့
အဆင့်သတ်မှတ်ချက်လား" ယန်ယဲ့ က

မျက်မှောင်ကြုတ်ကာ “အဲဒါ ဘာလဲ”ဟုဆက်မေးလိုက်သည်။

ကူကျူးယီက "နင် အခုမှ ဝင်ရိုးစွန်းကြယ်ကနေ ပြန်ရောက်တာလား"

ယန်ယွဲ့ က ခေါင်းညိတ်လိုက်ပြီး "နဂါးငွေ့တန်းကြယ်စင်စု အကြောင်းကို ငါသိပ်မသိဘူး"ဟုပြန်ပြောသည်။

ကူကျူးယီ က ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး
"နဂါးငွေ့တန်းကြယ်စင်စုရဲ့
အဆင့်သတ်မှတ်ချက်က ငါတို့နေတဲ့
အလယ်စကြာဝဠာမှာ
အဆင့်သတ်မှတ်ချက်ပုံစံတစ်ခုပဲ။ ဒါဟာ
အလယ်စကြာဝဠာရဲ့
အထူးခြားဆုံးပါရမီရှင်တွေပဲဖော်ပြခံရ
တယ်" ဟု ရှင်းပြခဲ့သည်။ သူမက

ခဏရပ်ပြီး "ငါက အခု နံပါတ် ၁၉ နေရာမှာ ရပ်တည်နေတယ်"

ယန်ယဲ့ က အံ့အားသင့်သွားပြီး "အဆင့် ၁၉ မှာပဲလား"

ကူကျူးယီ က ထိုစကားကြားသောအခါ ဒေါသတကြီး စိုက်ကြည့်ကာ တိုက်ခိုက်တော့မည့်ဟန်ဖြင့် လက်သီးများကို ဆုပ်ထားသည်။

တစ်ချိန်တည်းမှာပဲ အဘိုးအိုကူရုံ က

ရုတ်တရက် ဝင်ပြောလေသည် "ညီငယ်၊

အဆင့် ၁၉ နေရာကို ရယူနိုင်တာကတင်

အတော်လေးအံ့ဩစရာကောင်းတယ်။

နဂါးငွေ့တန်းကြယ်စင်စုရဲ့

အလယ်စကြာဝဠာမှာ ပါရမီရှင်တွေ

ထောင်နဲ့ချီရှိတယ်လေ။

အထူးသဖြင့်တော့ မဟာကလန်ကြီး ၈

ခုရဲ့ သခင်လေးတွေနဲ့

သခင်ငယ်တွေထဲက ဘယ်ဟာက

သာမန်ရှိမလဲ။မျိုးနွယ်စုကြီး ၈ ခုအပြင်

တခြားပုန်းအောင်းနေတဲ့

ပါရမီရှင်တွေပါရှိသေးတယ်။ ဒါနဲ့ပဲ

စဉ်းစားကြည့်။ ထောင်နဲ့ချီတဲ့

လူတွေကြားထဲမှာ အဆင့် ၁၉ နေရာကို

ရယူနိုင်တာက

သိပ်ပြီးခက်ခဲတာမဟုတ်ဘူးလား"

ယန်ယဲ့က အကူအညီမဲ့စွာ

ရယ်မောလိုက်ပြီး ဒေါသဖြစ်နေဆဲ

ကူကျူးယီ ကို စိုက်ကြည့်ရင်း “ဒါဟာ

နားလည်မှုလွဲနေတာ။ ငါ

ဒီလို မဆိုလိုပါဘူး။ ငါဆိုလိုတာက

မင်းအရမ်းသန်မာတယ် ဒါပေမဲ့

မင်းအသက်က ၁၉ နှစ်ပဲရှိသေးတာ။

ဒီတော့ အဆင့်သတ်မှတ်ချက်တွေက

တော်တော်ကြောက်စရာကောင်းတယ်လို့
ပြောချင်တာပါ”ဟုပြောပါသည်။

ကူကျူးယီ၏ မျက်နှာက အနည်းငယ်
လျော့ပါးသွားပြီး ရုတ်တရက်
ပြောလိုက်သည် "နင်ထင်တာထက်
အများကြီး ပိုကြောက်စရာကောင်းတယ်။
ထိပ်ဆုံးအဆင့် ၁၀ ယောက်က
အနည်းဆုံးတော့ ထာဝရတန်ခိုးရှင်တွေ။
ဒါ့အပြင် အသက် ၄၀ အောက် လူတွေပဲ

အဆင့်သတ်မှတ်ချက်ကိုဝင်ရောက်နိုင်တယ်”

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်။
၎င်းသည် သာမန်အဆင့်များ မဟုတ်ပါ။

ကူကျူးယီ၏ ဓားဝိညာဉ်နည်းစနစ်က
ကြောက်မက်ဖွယ်ကောင်းပါသည်။
သို့သော် သူမက
နဂါးငွေ့တန်းအဆင့်သတ်မှတ်ချက်၏

အဆင့် ၁၉ ၌သာရပ်တည်နိုင်ခဲ့သည်။

ထို့အပြင် ထိပ်ဆုံးအဆင့် ၁၀

ယောက်ဟာ အသက် ၄၀ အောက်ရှိ

ထာဝရတန်ခိုးရှင်များ ပင်။

တစ်နည်းအားဖြင့်

ကြီးကျယ်ခမ်းနားသော

ပါရမီရှင်များဟူသော စကားလုံးကိုပင်

၎င်းတို့ကိုဖော်ပြရန် မလုံလောက်ပါ။

တစ်ချိန်တည်းမှာပဲ ကူကျူးယီ က ရုတ်တရက် ပြောပါသည် "နင်က ဝင်ရိုးစွန်းကြယ်ကနေ ပြန်လာတာဆိုတော့ လူတစ်ယောက်ကို သိလားလို့ မေးချင်တယ်"

ယန်ယဲ့က "ဘယ်သူလဲ"

ကူကျူးယီ က "အနှောင်အဖွဲ့ကင်းမဲ့သူ"

"ဘာရယ်..." ယန်ယဲ့က အံ့အားသင့်ပြီး ခုန်ပေါက်လုမတတ် ဖြစ်သွားကာ “မင်း... အနှောင်အဖွဲ့ကင်းမဲ့သူ ကို သိသလား။ သူလည်း နဂါးငွေ့တန်းကြယ်စင်စုကို ရောက်ဖူးလား"ဟူ၍ ထပ်မေးလိုက်သည်။

ကူကျူးယီက ယန်ယဲ့ကို ငုံ့ကြည့်ကာ "နင် သူ့ကို သိပုံပဲ" ဟုပြောလိုက်သည်။

ယန်ယဲ့ က "မင်း သူ့ကို

ဘယ်လိုသိတာလဲ"

ကူကျူးယီ က ခေါင်းကို

အနည်းငယ်ခါယမ်းလိုက်ပြီး "ငါ

မသိပါဘူး။ ငါ သူ့အကြောင်းပဲ

ကြားဖူးတယ်။ ဘာလို့လဲဆိုတော့ သူက

တစ်ချိန်တုန်းက

ငါ့သတ္တမမြောက်ဦးလေးရဲ့ လက်ကို

လှီးဖြတ်တဲ့ သူမို့လို့ပါ"

ယန်ယဲ့ က စကားမပြောနိုင်ဘဲ

အံ့အားသင့်သွားမိသည်။

ကူကျူးယီက ဆက်ပြောလိုက်သည်

"အရင်ကဆိုရင် ငါ့ရဲ့

သတ္တမမြောက်ဦးလေးက

အရမ်းမာနကြီးတယ်။

အနှောင်အဖွဲ့ကင်းမဲ့သူလို့ ခေါ်တဲ့

အဲဒီလူနဲ့တွေ့တဲ့အခါ

သူတို့တွေမတိုက်ခင် တိုက်ခိုက်မှု ၃ ကြိမ်လောက် အကျောပေးမယ်လို့ ပြောခဲ့တယ်...”

သောက်ကျိုးနည်းတာပေါ့ ။

ယန်ယဲ့သည် ထိုစကားကြောင့် တုန်လှုပ်သွားသည်။

May Be:

၁၉၉၃

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန်

သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၉၃ -

အမြဲတမ်းပိုသန်မာတဲ့သူရှိတတ်တယ်

ယှဉ်ပြိုင်တိုက်ခိုက်ခြင်းမပြုရသေးခင်မှာ

အနှောင်အဖွဲ့ကင်းမဲ့သူ ကို

အရင်ဦးဆုံးတိုက်ခိုက်ခွင့်ပြုခဲ့သည်လား

။

ယန်ယဲ့သည် မျက်နှာတွင်

ထူးဆန်းသောအမူအရာတစ်ခုရှိနေသည်။

ထိုကူကလန်၏ သတ္တမမြောက်ဦးလေးက

လုံးဝကို

မောက်မာနေသည်မဟုတ်ပါလား။

မဟုတ်ပေ၊ ထိုလူက ကိုယ့်သေတွင်းကို တူးလိုက်တာပါ။

ထိုအချိန်တွင် ကူကျူးယီက "တစ်ချက်ပဲတိုက်ခိုက်ရသေးတယ်။ ငါ့ရဲ့ သတ္တမဦးလေးကတော့ သူ့ဆီက တစ်ချက်ရိုက်တာတောင် မခံနိုင်ဘူး"ဟုပြောခဲ့သည်။

ယန်ယဲ့ က “ရိုက်ချက်တစ်ခုတောင်

မထိုးနိုင်ဘူးလား”

ကူကျူးယီ က ခေါင်းညိတ်လိုက်ပြီး

“တစ်ချက်တောင် မရှိပါဘူး။

ငါ့ကူကလန်ရဲ့

အဆင့်မြင့်အာဏာပိုင်တွေသာ

မြန်မြန်ဆန်ဆန်မလှုပ်ရှားခဲ့ရင်

သတ္တမမြောက်ဦးလေးက

လက်ပြတ်ရုံတင်မဟုတ်ဘူး၊

လည်ပင်းပါပြတ်သွားနိုင်တယ်"

အနှောင်အဖွဲ့ကင်းမဲ့သူ ။

ယန်ယဲ့ သည် ထိုလူအကြောင်း

ကြားလေလေအကူအညီမဲ့သလိုပင်။

သူက မတတ်သာစွာ

ရာ်မောလိုက်ပါတော့သည်။

အနှောင်အဖွဲ့ကင်းမဲ့သူ ဟာ

နဂါးငွေ့တန်းကြယ်စင်စုသို့ပင်

ခြေဆန့်လာမည်ဟု သူ

မမျှော်လင့်ထားပေ။ သို့သော်လည်း

အနှောင်အဖွဲ့ကင်းမဲ့သူ ဟာ

စွမ်းအားရှင်များကို စိန်ခေါ်ရတာ

နှစ်သက်သဖြင့် အဓိပ္ပါယ်တော့

ရှိပါသည်။ ထို့အပြင်

ဝင်ရိုးစွန်းကြယ်စနစ် ပတ်ဝန်းကျင်ရှိ

စကြာဝဠာအားလုံး၌
သူ့ပြိုင်ဖက်များမရှိတော့လေရာ
နဂါးငွေ့တန်းကြယ်စင်စုသို့
ခရီးကျွံလာပုံပင်ဖြစ်ရပေမည်။

တစ်ချိန်တည်းမှာပဲ ကူကျူးယီက
"အဲဒီနေ့ကစပြီး ငါ့ရဲ့ သတ္တမဦးလေးဟာ
အမြဲတမ်း
သန်မာသူတစ်ယောက်ရှိတယ်ဆိုတာ
နားလည်ခဲ့တယ်။ ဒါလည်း သူက ငါတို့ကို

မကြာခဏ သင်ပေးတဲ့
နိယာမပဲ”ဟုပြောပါသည်။

ယန်ယဲ့ က "နောက်ပိုင်းမှာ
အနှောင်အဖွဲ့ကင်းမဲ့သူ က
ဘယ်ရောက်သွားတာလဲ" ဟု မေးသည်။

သူမက “ငါ့ရဲ့ သတ္တမဦးလေး
ပြောတဲ့အတိုင်းဆို အဲဒီအချိန်က

နဂါးငွေ့တန်း အဆင့်သတ်မှတ်ချက်ရဲ့
အဆင့် ၁ ကို ရှာဖို့ ထွက်သွားခဲ့တယ်”

ယန်ယွဲ့ သည်
စကားမပြောနိုင်လောက်အောင်
ခံစားလိုက်ရသည်။

ထိုအချိန်တွင် အဘိုးအိုကူရုံ က
ခရမ်းရောင်ဝတ်ရုံအဘိုးအို၏
အလောင်းကို သယ်လျက်

ကျောက်သားစင်မြင့်ထက်၌

ပေါ်လာသည်။ ထို့နောက် ညာလက်ကို

ဝှေ့ယမ်းလိုက်ရာ

သက်လတ်ပိုင်းအဘိုးအိုဝတ်ဆင်ထားသ

ည့် သိုလှောင်လက်စွပ်ထဲမှ

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်

ချက်ချင်း ပေါ်လာသည်။

အဘိုးအိုကူရုံ က

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကို

နေရာပြန်ချထားပြီးနောက် ယန်ယဲ့ ကို လှည့်ကြည့်ကာ "မင်းကြိုးစားဖို့ စိတ်ကူးရှိသေးလား"ဟုပြောလိုက်သည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည် "ဒါပေါ့"

"ဒါဆို မြန်မြန်လုပ်" ထိုအချိန်တွင် အဘိုးအိုမိုလင်းက ရုတ်တရက် ပြောလိုက်သည်

“ပြန်လည်မွေးဖွားခြင်းအဆင့်

ပုရွက်ဆိတ်တစ်ကောင်က

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကို

ဘယ်လိုကုသပေးမလဲဆိုတာကို

ကြည့်ချင်သေးတယ်။ မအောင်မြင်ရင်...”

"အဲဒါ မင်းရဲ့

သောက်အလုပ်မဟုတ်ဘူးလေ

အဘိုးကြီး" ယန်ယွဲ့က အဘိုးအိုမိုလင်းကို

တစ်ချက်ကြည့်လိုက်ပြီး “အဘိုးကြီး၊

မင်းက ငါ့ကိုကြည့်မရသလို

ငါလည်းမင်းသောက်ချိုးမပြေတာကို

မကြည့်နိုင်ဘူး။

ငါဒီမှာကိစ္စတွေပြီးတာနဲ့

မင်းဘာပဲလိုချင်နေနေ အဆုံးအထိ

မင်းကို ငရဲလိုက်ပို့ပေးမယ်။ ဒါပေမဲ့

လောလောဆယ်တော့

မင်းရဲ့သောက်ပါးစပ်ကို

ပိတ်ထားလို့ရမလား၊ မိန်းမလို
ဆူညံနေတာ ရပ်လိုက်ပါ"

"မင်းက သေလမ်းရှာနေတာပဲ"
အဘိုးအိုမိုလင်းက က ယန်ယဲ့
ရပ်နေသည့်နေရာဆီသို့
ကြောက်မက်ဖွယ်အငွေ့အသက်များ
ထုတ်လွှတ်လိုက်သည်။  သို့သော်လည်း
အဘိုးအိုကူရုံ က သူတို့နှစ်ယောက်ကြား၌
ပေါ်လာသည်။ ထို့နောက်

သူ့ညာဖက်လက်ကို ညင်သာစွာ

ဝှေ့ယမ်းကာ အရှိန်အဝါကို

ချေဖျက်ပစ်လိုက်သည်။

အဘိုးအိုကူရုံ က သူတို့ကို

တစ်ချက်ကြည့်လိုက်ပြီး "မင်း

ဒီကိစ္စပြီးသွားရင် မင်းတို့ကြားက

ရန်ငြိုးကို

ဖြေရှင်းခွင့်ပေးမယ်"ဟုပြောပါသည်။

အဘိုးအိုမိုလင်းက အေးစက်စွာ ညည်းညူရင်း “အစ်ကိုကူရို၊ ငါ ထွက်သွားတော့မယ်”

ဟုပြောပြီးသည်နှင့် နေရာတွင်ပင် ပျောက်ကွယ်သွားသည်။

အဘိုးအိုမိုလင်း ထွက်သွားပြီးသည်နှင့် အဘိုးအိုကူရို က ယန်ယဲ့ကို

စိုက်ကြည့်ကာ “သွားလို့ရပြီ” ဟု
ပြောလိုက်သည်။

ယန်ယဲ့က ခေါင်းညိတ်ပြပြီး သူ့ပုံရိပ်က
ကျောက်သားစင်မြင့်ထက်
ပေါ်လာခဲ့သည်။ ထိုခဏလေးမှာပဲ
ဆန်းကြယ်ရွှေချီကန် ဟာယ
ရုတ်တရက်ဆိုသလိုပဲ ပြန်ပြီး
လည်ပတ်နေပါတော့သည်။

ထိုလှုပ်ရှားမှုကြောင့် ယန်ယွဲ့ သည်

မျက်ခွံများ လှုပ်ယမ်းသွားပြီး

စိတ်ထဲကနေ

ကမန်းကတန်းပြောလိုက်လေသည်

"စိတ်မလှုပ်ရှားနဲ့။ အဲဒါကို

မင်းမယူနိုင်ဘူး။ မင်းလုပ်ရင် ငါတို့

ထွက်သွားနိုင်မှာ မဟုတ်ဘူး”

သူ့ကိုယ်သူ

အတော်လေးယုံကြည်နေသော် လည်း

ကူကလန်တစ်ခုလုံးကို

တိုက်ခိုက်နိုင်မည်ဟု မထင်ထားပေ။

ကူကလန်ကို မပြောနှင့် အဘိုးအိုကူရုံ၊

ကူကျူးယီ ၊ ယခင်က

လက်နက်ကိုင်အမျိုးသား တို့ဖြင့်ပင်

သူ့အနေဖြင့်

အသတ်ထွက်နေလောက်ပေသည်။

ဆန်းကြယ်ရွှေချီကန် သည်

တဖြည်းဖြည်း နှေးကွေးလာပြီး

ရပ်တန့်သွားသည်။

ယန်ယွဲ့ သည်

သက်ပြင်းတစ်ချက်ချလိုက်သည်။

ဆန်းကြယ်ရွှေချီကန် က

ကမ့ူးရှူးထိုး ပြုလာမည်ကို

စိုးရိမ်နေတာပါ။ကံကောင်းထောက်မစွာ၊

၎င်းက အကန့်အသတ်ကိုသိထားပုံပင်။
မည်သည့်အချိန်တွင် ယူသင့်သည်နှင့်
မယူသင့်သည်ကို
သိရှိခဲ့သည်မဟုတ်ပါလား။

ထို့နောက်တွင် ယန်ယဲ့ သည်
စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင် ဆီသို့
လျှောက်သွားသည်။ သူက သစ်ပင်ကို
ခဏကြာ စိုက်ကြည့်ပြီးနောက်
လက်သီးကို ဖြည်းညှင်းစွာ

ဆုပ်ထားလိုက်သည်။

ကောင်းကင်ငယ်ကို

ကယ်တင်နိုင်တဲ့အရာအား

မြင်ဖူးသည့်ရှိအောင် ကြည့်နေမိသည်။

ယန်ယဲ့ သည် ခဏမျှ တိတ်ဆိတ်သွားပြီး

သူ၏ညာလက်ကို ဖြည်းညှင်းစွာ

ဆန့်ထုတ်လိုက်သည်။ ထို့နောက်

သစ်ပင်၏ပင်စည်ပေါ်

လက်တင်ထားလိုက်ပြီး သူ၏

ဆန်းကြယ်ချီစွမ်းအင်များကို

ပို့လွှတ်လိုက်တော့သည်။

မူလခရမ်းရောင်စွမ်းအင်

စီးဝင်သွားသည်နှင့်တစ်ပြိုင်နက်

သစ်ပင်သည် ပြင်းထန်စွာ

တုန်လှုပ်သွားခဲ့သည်။ ထို့နောက်တွင်

အကိုင်းအခက်များဟာ

အောက်သို့ကိုင်းကျလာပြီး ယန်ယဲ့

ထွက်သွားမည်ကို စိုးရိမ်နေသည့်အလား

ပတ်ပတ်လည်ကနေ
ဝိုင်းရံထားလေသည်။

ထိုမြင်ကွင်းကြောင့် ခပ်လှမ်းလှမ်းမှ
အဘိုးအိုကူရုံ နှင့် ကူကျူးယီ
တို့နှစ်ယောက်လုံး
အံ့အားသင့်သွားခဲ့သည်။ သို့သော်လည်း
သိပ်မကြာလိုက်ပေ၊ အဘိုးအိုကူရုံ၏
မျက်နှာထက်၌ ရွှင်လန်းမှုများ
ပေါ်လာသည်။ ကူကျူးယီ အတွက်တော့

မျက်လုံးထဲ ဖုံးကွယ်မထားသော
ပျော်ရွှင်မှုနှင့် စိတ်လှုပ်ရှားမှုများ
တောက်ပလာသည်။

ယန်ယဲ့ သည် သူတို့သုံးယောက်ကို
တစ်ချက်ကြည့်လိုက်ပြီး
သက်ပြင်းတစ်ချက်ချလိုက်သည်။
သစ်ပင်၏
လက်ရှိတုံ့ပြန်မှုအပေါ်အခြေခံရလျှင်
မှုလခရမ်းရောင်စွမ်းအင်ဟာ

အလုပ်ဖြစ်ကြောင်းသိသာပါသည်။

အကယ်၍

မူလခရမ်းရောင်စွမ်းအင်ပင်လျှင် ၎င်းကို

မကယ်တင်နိုင်ခဲ့ပါက အခြားအရာများ

မရှိနိုင်တော့ပေ။

ယန်ယွဲ့ သည် သူ့အတွေးများကို ထိန်းကာ

သစ်ပင်၏ပင်စည်ထဲသို့

မူလခရမ်းရောင်စွမ်းအင်များ

ဆက်လက်ပေးပို့လိုက်သည်။ထိုကဲ့သို့ပင်

မူလခရမ်းရောင်စွမ်းအင်များ

တဖြည်းဖြည်းစီးဝင်လာသည်နှင့်အမျှ

သစ်ပင်ဟာ ပို၍ပင်ပြင်းထန်စွာ

တုန်ခါလာသည်။ ထို့အပြင်

၎င်း၏အမြစ်များသည်

မြင်သာသောနှုန်းဖြင့်

ပြန်လည်ကောင်းမွန်လာခဲ့သည်။

အဘိုးအိုကူရုံ က ထိုအခြေအနေအား သတိပြုမိသောအခါ အလွန်စိတ်လှုပ်ရှားနေပုံရသည်။

ထိုအချိန်တွင် အဘိုးအိုကူရုံ၏ နံဘေး၌ တောက်ပြောင်စွာဝတ်စားထားသော အဘိုးအိုတစ်ဦး ရုတ်တရက် ပေါ်လာသည်။ အဘိုးအိုကူရုံ က အနီးအဘိုးအိုကို မြင်သောအခါ အနည်းငယ် ထိတ်လန့်သွားသည်။ သူက

အဘိုးအိုအား “တတိယ ဦးလေး၊ ဒီမှာ ဘာလုပ်နေတာလဲ”

အဘိုးအိုက ကူရုံ၏အမေးစကားကို ပြန်မဖြေဘဲ ယန်ယွဲ့ နှင့် စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကိုသာ စူးစိုက်ကြည့်ကာ "သူက ဘယ်သူလဲ"ဟုမေးလိုက်သည်။

ကူကျူးယီ က "သူက ယန်ကလန် က"

"ယန်မျိုးနွယ်လား" အဘိုးအိုက
အနည်းငယ် ခေါင်းညိတ်ပြသည်။
စကားတစ်လုံးမှတော့ မပြောပေ။ သူက
မျက်တောင်မခတ်ဘဲ
စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကိုသာ
စိုက်ကြည့်နေသည်။

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်၏
အမြစ်များသည်

မူလခရမ်းရောင်စွမ်းအင်၏
ကုသခြင်းစွမ်းရည်ကြောင့်
တဖြည်းဖြည်း ပုံမှန်ပြန်ဖြစ်လာသည်။

ယန်ယဲ့ သည် သစ်ပင်၏ အခြေအနေက
ပုံမှန်ပြန်ဖြစ်သွားသည်ကို
သတိပြုမိသောအခါ လက်ကို
ချက်ချင်းပြန်ရုတ်ပြီး အဘိုးအိုကူရုံ ကို
လှည့်ကြည့်လိုက်သည်။သူစကားပြောဖို့
ပြင်လိုက်စဉ်တော့

တောက်တောက်ပြောင်ပြောင်နှင့်အဘိုး

အိုက သူ့ရှေ့မှာ ရုတ်တရက်

ပေါ်လာ၏။ထို့နောက် အဘိုးအိုက

ယန်ယွဲ့ကိုတစ်လှည့် သူ့နောက်မှ

သစ်ပင်ကိုတစ်လှည့်စီစိုက်ကြည့်နေသည်

။

အဘိုးအိုက

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကို

အကြာကြီးစိုက်ကြည့်နေပြီးနောက်မှ

မျက်လုံးထဲ၌ စိတ်လှုပ်ရှားမှုများဖြင့်
“သက်သာသွားပြီ။
တကယ်သက်သာသွားပြီ"ဟူ၍
အထပ်ထပ်ရေရွတ်ပါတော့သည်။

ယန်ယဲ့ က ကူကျူးယီ ကို လှမ်းကြည့်ကာ
ပြုံးပြီး "ကြည့်စမ်း ငါမင်းကို မလိမ်ဘူး"

ကူကျူးယီ က ယန်ယဲ့ကို
စိုက်ကြည့်နေရင်း

ငြိမ်နေလိုက်သည်။

ထိုအချိန်တွင် အဘိုးအိုက ယန်ယဲ့ ကို စိုက်ကြည့်ကာ "ညီငယ်၊ ကျေးဇူးတင်ပါတယ်"ဟုပြောပါသည်။

ယန်ယဲ့ က ပြုံးပြီး "ဒါဟာ ဘာမှမဟုတ်ပါဘူး"

အဘိုးအိုက ခဏမျှ တုံ့ဆိုင်းသွားပြီး
“ဒါက ဘယ်လို
ဆန်းကြယ်ချီစွမ်းအင်လဲဆိုတာ
ပြောပြပေးနိုင်မလား” ဟု
မေးလိုက်ပါသည်။

ယန်ယဲ့ က ခဏတာမျှ စဉ်းစားလိုက်ပြီး
"ထူးခြားလေးနက်တဲ့ချီစွမ်းအင်" ဟုသာ
ပြန်ဖြေလိုက်သည်။

အဘိုးအိုက ဘယ်လိုအခြေအနေမှာ သူ့စကားရပ်ဖို့ သိနေသည့်အလား အသေးစိတ်ထပ်မမေးတော့ပေ။ သူက အဘိုးအိုကူရုံ ကိုသာ ချက်ချင်း စိုက်ကြည့်လိုက်သည်။

အဘိုးအိုကူရုံ က အနည်းငယ် ခေါင်းညိတ်လိုက်ပြီး "သူက စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်သားတစ်ပို င်းလိုနေတယ်ပြောတယ်။ တကယ်လို့

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကို
ကုသနိုင်ရင် ပေးမယ်လို့
သဘောတူခဲ့တယ်"ဟုပြောပါသည်။

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်သားတစ်စ
လောက်လား ။

တောက်တောက်
ပြောင်ပြောင်နှင့်အဘိုးအိုက

ခေါင်းညိတ်ပြပြီး “အကိုင်းတစ်ကိုင်း ပေးလိုက်ပါ” ဟုဆိုသည်။

အဘိုးအိုကူရုံ က ခေါင်းညိတ်ပြီး ထွက်သွားလိုက်သည်။ အသက်ရှူ ၁၀ ရှိုက်စာလောက်အကြာတွင်တော့ အနက်ရောင်သစ်ကိုင်းတစ်ကိုင်းကို ကိုင်ထားလျက် ယန်ယဲ့ရှေ့၌ ပြန်ပေါ်လာသည်။

အနက်ရောင်သစ်ကိုင်းက

လက်ချောင်းတစ်ချောင်းစာခန့်

လုံးပတ်ထူကာ ၃ မီတာခန့်

ရှည်လျားပါသည်။ ထို့အပြင်

သိပ်သည်းသော စိတ်ဝိညာဉ်စွမ်းအင်ကို

ထုတ်လွှတ်နေခဲ့သည်။

ကူကျူးယီ က

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ကိုင်းကို

မြင်သောအခါ ယန်ယဲ့ ကို စိုက်ကြည့်ရင်း

မျက်လုံးထဲ၌ မနာလိုသော

အရိပ်အယောင်များ ထွက်ပေါ်လာသည်။

ယန်ယဲ့ သည် သဘာဝအတိုင်း မပြောင်းဘဲ

မူလစေတီထဲကို

ချက်ချင်းထည့်သိမ်းလိုက်ပါသည်။

ထို့နောက် "အကြီးအကဲတို့၊ ငါ့မှာ

တခြားလုပ်စရာကိစ္စတွေရှိသေးလို့ ဒီမှာပဲ

နှုတ်ဆက်ခဲ့ပါတယ်”

ထိုစကားပြောပြီး

ထွက်သွားရန်ပြင်လိုက်၏။

နောက်ဆုံးတွင် သူက ကောင်းကင်ငယ်ကို

အမြန်ဆုံးအသက်သွင်းချင်နေပါပြီ။

သို့သော်လည်း ယန်ယဲ့

ထွက်သွားခါနီးတွင်

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ဟာ

ရှေ့ကနေ ပိတ်ဆို့ထားလိုက်လေသည်။

ထိုမြင်ကွင်းကြောင့် ယန်ယဲ့ သာကမဘဲ

အဘိုးအိုကူရုံ နှင့် တောက်တောက်

ပြောင်ပြောင်အဘိုးအိုတို့ပါ

ထိတ်လန့်သွားကြသည်။

ယန်ယဲ့ သည် ထိုမြင်ကွင်းကြောင့်

စကားမပြောနိုင်တော့သလိုပင်။

ထိုအချိန်တွင် အဘိုးအိုကူရုံ နှင့်

တတိယဦးလေးဆိုသူက

အကြည့်ချင်းဖလှယ်လိုက်သည်။

ထို့နောက် အဘိုးအိုကူရုံ က သူ့လက်ကို ဆန့်ထုတ်ကာ ယခင်ရှိခဲ့သော စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်၏ နေရာတွင်ပြန်ချထားလိုက်လေသည်။ သို့သော် သစ်ပင်က ယန်ယွဲ့ရှေ့မှာပင် နောက်တစ်ကြိမ် ပြန်ပေါ်လာ၏။

အဘိုးအိုကူရုံ နှင့် တတိယဦးလေး၏ အမူအရာများသည် အနည်းငယ် ဆိုးရွားလာသည်။ ဤအခိုက်အတန့်တွင်

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ဟာ
ယန်ယဲ့နှင့်အတူလိုက်ပါလိုကြောင်း
သိသာနေသည်မဟုတ်ပါလား။

ယန်ယဲ့ လည်း ထိုအခြေအနေကို
သဘာဝကျကျ သဘောပေါက်သွားပြီး
ခပ်မြန်မြန်ထွက်သွားဖို့ပြင်လိုက်၏။
သူက စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကို
လိုချင်နေသည့်တိုင်
အရူးတစ်ယောက်မဟုတ်ပေ။

အကြောင်းမှာ ကူကလန် က သူတို့၏
အထွတ်အမြတ်ရတနာကို
ယူသွားခွင့်ပြုမှာမဟုတ်လို့ပါ။

ယန်ယဲ့ သည် အဘိုးအို နှင့် အဘိုးအိုကူရုံ
ကို စိုက်ကြည့်လိုက်သည်။ ထို့နောက်
နှစ်ယောက်လုံး
အကြည့်ချင်းဖလှယ်လိုက်သည်။
ခဏအကြာတွင် အဘိုးအိုက
"သွားလို့ရပြီ" ဟုပြောပါသည်။

ယန်ယဲ့ က

ခေါင်းညိတ်လိုက်သည်။အချိန်မဖြုန်း

တော့ဘဲ သူ၏ညာခြေကို

မြေပြင်အသာပုတ်ကာ

အထက်ခုန်တက်လျက်ပျောက်ကွယ်သွား

သည်။ စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်

ဟာ ယန်ယဲ့နောက်သို့

လိုက်ပါတော့မည်ဖြစ်သည်။  အဘိုးအိုက

သူ၏လက်သီးကို ရုတ်တရက်

ဆုပ်လိုက်သည်။ ထိုခဏလေးမှာပဲ
စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်၏
ပတ်ပတ်လည်က အေးခဲသွားသည်။

သို့သော်လည်း
စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ဟာ
ရုတ်တရက် ပြင်းထန်စွာ လှုပ်ခါပြီးနောက်
ကြောက်မက်ဖွယ်ကောင်းသော
စိတ်ဝိညာဉ်စွမ်းအင်လှိုင်းလုံးများ
ပေါက်ကွဲထွက်လာသည်။

စိတ်ဝိညာဉ်စွမ်းအင်လှိုင်းကြီးတစ်ခုက ငှင်းပတ်ဝန်းကျင်ရှိ အာကာသပြင်ကို အစိတ်စိတ်အမြွှာမြွှာ ကွဲအက်သွားစေသည်။ ထို့နောက်တွင် သစ်ပင်က ကောင်းကင်အထက်သို့ ပျံတက်ပြီးပျောက်ကွယ်သွားလေတော့သည်။

ထိုမြင်ကွင်းအား မြင်ရသောအခါ တတိယဦးလေး နှင့် အဘိုးအိုကူရုံ

တို့၏မျက်နှာများက ချက်ချင်းပင် မမြင်နိုင်လောက်အောင်ကို ဖြစ်သွားကြတော့သည်။

May Be:

၁၉၉၄

[အဆုံးမဲ့ဓားကမ္ဘာ (ယန်ကလန် သို့အပြန်)]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၉၄ -

မူလနတ်ဘုရားတစ်ပိုင်းအဆင့် ကို

တိုက်ခိုက်ခြင်း

ယန်ယဲ့ သည် ရှေ့ဆက်သွားနေရင်း

ရုတ်တရက် ရပ်သွား၏။ အကြောင်းမှာ

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ဟာ

သူ့ရှေ့တွင် ပေါ်လာလို့ပါ။

၎င်းက သူ၏မူလခရမ်းရောင်စွမ်းအင်ကို
နှစ်သက်နေသည်မှာ သိသာလှသည်။

ယန်ယဲ့ သည် သူ့ရှေ့မှ
စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကို
စိုက်ကြည့်ရင်း အတော်လေး ခက်ခဲသော
အနေအထားတွင် ရှိနေသည်။ အမှန်တော့
သူလည်း
စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ကို
ယူဆောင်သွားလိုခဲ့သည်။ နောက်ဆုံးတွင်

၎င်းဟာ သူ၏စိတ်ဝိညာဉ်အတွက်

အလွန်အကျိုးရှိပါသည်။ သို့သော်

ကူကလန် က လုံး၀ ခွင့်မပြုကြောင်း

ကောင်းကောင်းသိထားပါသည်။

ထိုအချိန်တွင် နှင်းပွင့်လေးက

ရုတ်တရက်

ခေါင်းလေးပြူထွက်လာသည်။

သူမလေးက

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်အား

မျက်တောင်ခတ်ပြီးနောက်

ခြေသည်းများကို ငှေ့ယမ်းကာ

ထိုနေရာဆီသို့ ပျံသန်းသွားခဲ့သည်။

ထို့နောက် သူမက ယန်ယွဲ့၏ပခုံးထက်ကို

ပြန်ရောက်လာသည်။

ထိုအချိန်တွင် ကူကလန်၏

တတိယဦးလေး၊ အဘိုးအိုကူရုံ နှင့်

ကူကျူးယီ တို့သုံးယောက်ဟာ ယန်ယွဲ့နှင့်

သိပ်မဝေးသောနေရာမှ ပေါ်လာခဲ့သည်။

ယန်ယဲ့ သည် သူတို့သုံးယောက်ကို ကြည့်ပြီး ပခုံးတွန့်ကာ "အကြီးအကဲတို့ ဘာပြောဖို့ ကြိုးစားနေတာလဲ"

အဘိုးအိုက ခဏလောက် လေးလေးနက်နက် စဉ်းစားပြီး "မင်းရဲ့ ထူးခြားတဲ့ ဆန်းကြယ်ချီစွမ်းအင်ကို နှစ်သက်လာခဲ့တာ ဖြစ်နိုင်တယ်" ဟု ပြောပါသည်။

ယန်ယဲ့က "ငါတို့ဘာလုပ်ရမှာလဲ"

ဟုပြောကာ

လုံးဝအပြစ်ကင်းစင်သောအမူအရာကို

ထုတ်ပြလိုက်သည်။

တတိယဦးလေး နှင့် အဘိုးအိုကူရုံ

တို့နှစ်ယောက်လည်း

အကြပ်ရိုက်သွားသည်။

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ဟာ

ကိုယ်ပိုင်အသိစိတ် ပိုင်ဆိုင်ထားသဖြင့်

အလွန်ထူးခြားပါသည်။ ထို့ကြောင့်

ကူကာလန် က

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်အား

အင်အားသုံးပြီး

ချုပ်နှောင်မထားမလိုပေ။ သို့သော်လည်း

ကူကာလန် အနေဖြင့် ယန်ယဲ့နောက်ကို

လိုက်ပါခွင့်ပြုဖို့က လုံးဝမဖြစ်နိုင်ပါ။

ထိုအချိန်တွင်

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ဟာ

နေရာတွင် ရုတ်တရက်ပျောက်ကွယ်

သွားသည်။ တတိယဦးလေး၏

အမူအရာက

အနည်းငယ်ပြောင်းလဲသွားသည်။

ထို့နောက် သူက တားဆီးဖို့ပြင်လိုက်ပြီးမှ

ချက်ချင်း အံ့အားသင့်သွားလေသည်။

အကြောင်းကတော့

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ဟာ
ကူကလန်၏တောအုပ်ထဲမှ
ကျောက်သားစင်မြင့်ထက်
ပြန်ရောက်သွားလို့ပါ။

တတိယဦးလေး နှင့် အဘိုးအိုကူရုံ က
အကြည့်ချင်းဖလှယ်ကာ
သူတို့၏မျက်လုံးထဲ၌ အံ့သြမှုတစ်ခု
ထွက်ပေါ်လာသည်။ ရှင်းရှင်းပြောရလျှင်
စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ဟာ

ရုတ်တရက် စိတ်ပြောင်းသွားလို့ပါ။
သို့သော် ကူကလန် အတွက်တော့
ကောင်းသောအရာဖြစ်ခဲ့သည်။

အဘိုးအို က ယန်ယွဲ့ ကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
ကူကျူးယီ အား စိုက်ကြည့်ကာ
“အစ်ကိုယန် ကို
မြန်မြန်လေးလိုက်ပို့လိုက်”ဟုပြောခဲ့သည်
။

ဤအခိုက်အတန့်တွင် ယန်ယဲ့ အား

တတ်နိုင်သမျှ

အမြန်ဆုံးထွက်သွားစေလိုခဲ့သည်။

ထိုမှသာ

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်၏

စိတ်အခြေအနေကို

တားဆီးနိုင်ပါလိမ့်မည်။

ကူကျူးယီ က ယန်ယဲ့ ကို စိုက်ကြည့်ရင်း

"သွားကြရအောင်"ဟုပြောလိုက်၏။

ယန်ယဲ့ က တုံ့ဆိုင်းမနေပါ။

ခေါင်းညိတ်လိုက်ပြီး ကူကျူးယီ နောက်မှ

အနီးကပ် လိုက်လာရင်း

ကောင်းကင်အထက်မှာသာ

ပျောက်ကွယ်သွားပါတော့သည်။

"ဒီကလေးရဲ့ ဆန်းကြယ်ချီစွမ်းအင်က
အရမ်းထူးခြားတယ်" အဘိုးအိုကူရုံ က
ရုတ်တရက် ပြောလိုက်၏ "ဒီလို
ဆန်းကြယ် စွမ်းအင်ကို ငါ တစ်ခါမှ
မမြင်ဖူးဘူး"

တတိယဦးလေး က ခေါင်းကို
အနည်းငယ်ခါယမ်းကာ “ငါလည်း
တစ်ခါမှ မမြင်ဖူးဘူး”ဟုပြောပါသည်။

အဘိုးအိုကူရုံ က ခဏကြာ

နှုတ်ဆိတ်နေခဲ့ပြီး "ကံမကောင်းစွာပဲ၊

သူက ယန်ကလန်ရဲ့

သခင်ငယ်တစ်ယောက် ဖြစ်နေတယ်။

မဟုတ်ရင် ငါတို့က သူ့ကို ငါတို့

မျိုးနွယ်ထဲမှာ

ဆွဲထားနိုင်မယ်"ဟုပြောလိုက်၏။

အဘိုးအိုက ခေါင်းခါပြီး “ဒီကလေးက

ဆက်ဆံရလွယ်တဲ့လူတော့ မဟုတ်ဘူး။

သူရောက်လာတာက ငါတို့ ကူကလန် ကို ပရမ်းပတာဖြစ်စေနိုင်တယ်"

အဘိုးအိုကူရုံ က ယန်ယွဲ့၏ဒေါသကို ပြန်တွေးမိသောအခါ ခေါင်းယမ်းကာ ရယ်မောလိုက်သည်။

သိပ်မကြာလိုက်ဘဲ နှစ်ယောက်စလုံး နေရာမှာပင် ပျောက်သွားကြသည်။

ကူကာလန်၏ ပင်မနယ်မြေထဲရှိ

တောအုပ်ထဲ၌ ။

ဤအခိုက်အတန့်တွင်

စိတ်ဝိညာဉ်သန့်စင်ခြင်းသစ်ပင်ဟာ

ရုတ်တရက် အနည်းငယ် တုန်ခါသွား၏။

သို့သော်လည်း ပုံမှန်ပြန်ဖြစ်ရန်

အချိန်အကြာကြီး မကြာလိုက်ပေ။

...

ကူယန်ဂြိုဟ် ပြင်ပ ။

ကူကျူးယီက ယန်ယဲ့ ကို လိုက်ပို့ပေးရင်း ရပ်လိုက်ပြီး စိုက်ကြည့်ကာ "ဒီမှာ လမ်းခွဲကြရအောင်"ဟုပြောလိုက်သည်။

ယန်ယဲ့ က နောက်လှည့်ကာ သူမကိုစိုက်ကြည့်ရင်း အနည်းငယ် ပြုံးပြီး "ညီမကျူးယီ၊ ငါ မင်းနဲ့ ထပ်တွေ့မယ်"

သူမက "နင်မလာရင် အကောင်းဆုံးပါပဲ"

ယန်ယဲ့ က တဟားဟားရယ်ကာ

ထွက်သွားဖို့ပြင်လိုက်လေသည်။

သို့သော် သူ့စိတ်ထဲ တစ်ခုခုကို

တွေးနေပုံရပြီး “ဒါနဲ့

မသွားခင်မေးစရာလေးတစ်ခုရှိတယ်။

နဂါးငွေ့တန်းအဆင့်သတ်မှတ်ချက်ကို

ဘယ်လိုရနိုင်မလဲ”ဟု မေးလိုက်ပါသည်။

ကူကျူးယီ က “နင် ဝင်ရောက်ဖို့ စဉ်းစားထားသလား”ဟု ပြန်မေးလိုက်သည်။

ယန်ယဲ့ က ပြုံးပြီး “တကယ်တော့ မဟုတ်ဘူး။ ငါမေးကြည့်တာပါ။ ဟုတ်ပါတယ် ဖြစ်နိုင်ရင် စမ်းကြည့်ချင်ပါတယ်”

ကူကျူးယီ က ခဏတာ

တိတ်ဆိတ်သွားပြီး မှ ပြောလိုက်သည်

“နဂါးငွေ့တန်းအဆင့်သတ်မှတ်ချက်ကို

ချင်ကလန် က သတ်မှတ်ပေးတာပါ။

သူတို့က နင့်ကို

အဆင့်သတ်မှတ်နိုင်တယ်လို့ထင်ရင်

နင်ဟာ အဆင်ပြေပါတယ်။ မှန်တယ်၊

နင်က ချင်ကလန်ရဲ့

အာကာသကွင်းပြင်ကို သွားပြီးတော့

နဂါးငွေ့တန်းအဆင့်သတ်မှတ်ချက်ရဲ့
ကျင့်ကြံသူတွေကို စိန်ခေါ်နိုင်တယ်။
နင်အနိုင်ရရင် နင့်ပြိုင်ဖက်ရဲ့အဆင့်ကို
အစားထိုးလိမ့်မယ်။ တစ်ခုတော့ရှိတယ်၊
အဆင့်မြင့်လွန်းတဲ့ တခြားသူတွေကို
ချက်ချင်းစိန်ခေါ်လို့မရပါဘူး။ နင့်ထက်
အဆင့်နှစ်ဆင့်မြင့်သူတွေကိုပဲ
စိန်ခေါ်နိုင်မှာပါ"

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး "မင်းပြောခဲ့တဲ့ အာကာသကွင်းပြင်ဆိုတာ ဘာလဲ"ဟုမေးလိုက်သည်။

ကူကျူးယီ က "ဒါဟာ အထူးတိုက်ပွဲကွင်းတစ်ခုပါ။ နင်က ချင်ကလန်ကို အရင်သွားပြီး အာကာသအဆောင်တစ်ခု ယူရမယ်။

ဒီလိုနည်းနဲ့ နင်က

အာကာသကွင်းပြင်ထဲကို

ခဏခဏဝင်နိုင်တယ်" သူမက

စကားခဏရပ်ပြီး "ငါတို့

အလယ်စကြာဝဠာရဲ့

ပါရမီရှင်တွေအားလုံးနီးပါးက

အဲဒီအာကာသအဆောင်တွေ

အပိုင်ဝယ်ယူထားကြတယ်။ ဘာလို့လဲဆို

တော့ နင်က အဲဒီမှာ ကြောက်

စရာကောင်းတဲ့
ပြိုင်ဖက်တွေကိုတွေ့နိုင်တယ်။ ဒါဟာ
နင့်ကိုယ်နင် သန်မာလာအောင်လုပ်ဖို့
အရမ်းကောင်းတဲ့နည်းလမ်းလေ"

"ဟုတ်လား" ယန်ယဲ့ က
ခေါင်းညိတ်လိုက်သည်။
ပါရမီရှင်အများစုဟာ ဖန်လုံအိမ်ထဲမှ
ပန်းများကဲ့သို့
သက်ဆိုင်ရာမျိုးနွယ်စု၌သာ တစ်ချိန်လုံး

ကျင့်ကြံလိုမည်မဟုတ်ပေ။ ထိုကဲ့သို့ ပါရမီရှင်များဟာ မည်မျှပင် သန်မာနေသည့်တိုင် တိုက်ခိုက်ရေးအတွေ့အကြုံမရှိသဖြင့် အသတ်ခံရဖို့အလွယ်ကူဆုံးပါ။

တစ်နည်းအားဖြင့် တိုက်ပွဲသည် လူတစ်ဦး၏ ခွန်အားကို မြှင့်တင်ရန် အကောင်းဆုံးနည်းလမ်းပင်။

ထိုအချိန်တွင် ကူကျူးယီ က
ဆက်ပြောလိုက်သည် "နင်တို့
ယန်ကလန်ရဲ့ ဆက်ခံသူတိုက်ပွဲက
စတော့မယ်။ နင်လည်း ဝင်ပြိုင်မှာလား"

ယန်ယဲ့ က ပခုံးတွန့်လိုက်ပြီး
"ဘာရှိသေးလဲ" ဒီအချိန်မှာ သူက
ကူကျူးယီ ကို စိုက်ကြည့်ရင်း "ဘာလို့
လာမကူညီတာလဲ။
ငါအကူအညီလိုတယ်"ဟုပြောပါသည်။

ကူကျူးယီ က ဂရုမစိုက်ဘဲ

စိုက်ကြည့်ရင်း “နင်

အိပ်မက်မက်နေတာလား။

နင်တို့ယန်ကလန်ရဲ့ သခင်ငယ်တွေအပြင်

သူတို့အနားက အကူအညီကို

ပိုသတိထားဖို့ သတိပေးချင်တယ်။

ဘာလို့လဲဆိုတော့ ယင်ကလန်

ရဲ့အဖွဲ့ဝင်တွေပါ ပါနေတယ်လို့

သတင်းကြားမိတယ်"

"ယင်မျိုးနွယ်လား" ယန်ယဲ့၏

မျက်လုံးများ အနည်းငယ်မှိတ်သွားသည်

"ယန်ကလန် က ဒါကို ခွင့်ပြုမှာလား"

ကူကျူးယီ က "နင်တို့ မျိုးနွယ်စုရဲ့

အာဏာပိုင်တွေ အမြင်က နင့်မှာ

အရည်အချင်းရှိသရွေ့

တခြားမျိုးနွယ်စုတွေရဲ့

တပည့်တွေကိုတောင်

ဆွဲခေါ်သွားနိုင်တယ်။

ဘာကြောင့်လဲဆိုတော့ သူတို့က

ယန်ကလန်ကို ခြိမ်းခြောက်ဖို့

မဖြစ်နိုင်လို့ပဲ။ ဒါ့အပြင် လူတစ်ယောက်ပဲ

ဆက်ခံသူတိုက်ပွဲရဲ့ အဆုံးသတ်မှာ

အသက်ရှင်နိုင်မှာလေ။ တကယ်တော့

အဲဒီလူက စမ်းသပ်မှုတွေ အများကြီးကို

ထပ်ပြီးကျော်ဖြတ်ရဦးမယ်။ ဒါကြောင့်

ယန်ကလန်ရဲ့ အနာဂတ်ဆက်ခံသူနဲ့

ဘိုးဘေးကို တခြားအာဏာရှင်တွေက

ချုပ်ကိုင်သွားမှာကို သူတို့ မစိုးရိမ်ပါဘူး”

ယန်ယဲ့က ခေါင်းညိတ်ပြီး "ယင်ကလန်

က

အရမ်းသန်မာသလား"ဟုမေးလိုက်သည်

။

ကူကျူးယီ က ခေါင်းညိတ်ပြီး “အရမ်းပဲ။

နဂါးငွေတန်းအဆင့်သတ်မှတ်ချက်ရဲ့

ဒုတိယအဆင့် ကျင့်ကြံသူဟာ

ယင်ကလန်ရဲ့အဖွဲ့ဝင်တစ်ယောက်လေ။

ဒါ့အပြင်

ထိပ်ဆုံးဆယ်ယောက်ထဲမှာလည်း

သူတို့အဖွဲ့ဝင်တစ်ယောက်ရှိနေသေးတယ်

”

ယန်ယဲ့က သိချင်စိတ်ပြင်းပြစွာ

ထပ်မေးလိုက်၏ "ဘယ်သူက

နံပါတ်တစ်လဲ။ အဲဒီလူက

ဘယ်မျိုးနွယ်လဲ"

ကူကျူးယီ က ခေါင်းခါလိုက်သည်

“မသိဘူး။ ပထမအဆင့် နဲ့ ဒုတိယအဆင့်

ပဲ အချင်းချင်းသိနိုင်တယ်။

ဘာလို့လဲဆိုတော့ သူတို့က ပထမအဆင့်

ကျင့်ကြံသူနဲ့ တွေ့ဆုံခွင့်ရှိတယ် ” သူမက

ခဏရပ်ပြီး “ပထမအဆင့်ရဲ့

ကျင့်ကြံသူက မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူလို့ ငါကြားတယ်”

ယန်ယဲ့ သည် မျက်ခွံများ

လှုပ်ယမ်းသွားသည်။

မူလနတ်ဘုရားအဆင့် လား။ အသက် ၄၀

အောက်က မူလနတ်ဘုရားအဆင့်

ကျင့်ကြံသူ ။

အကယ်၍

နဂါးငွေ့တန်းအဆင့်သတ်မှတ်ချက်၏

ပထမအဆင့် ကျင့်ကြံသူသာ

မူလနတ်ဘုရားအဆင့် ဖြစ်နေလျှင်

ထိုလူဟာ လုံးဝကို

ကြောက်စရာကောင်းပေလိမ့်မည်။

ထို့အပြင် ၎င်းက

ရိုးရိုးလူသားပင်မဟုတ်နိုင်ပေ။

“ကောင်းပြီ” ထိုအချိန်တွင် ကူကျူးယီ က

"ငါပြန်တော့မယ်" ဟုပြောပြီးသည်နှင့် နောက်လှည့်သွားကာ အဝေးသို့ ပျောက်ကွယ်သွားသည်။

ယန်ယဲ့ သည် ကူကျူးယီ ပျောက်ကွယ်သွားသော လမ်းကြောင်းကို စူးစိုက်ကြည့်နေခဲ့သည်။ ခဏအကြာမှ အလင်းတန်းတစ်ခုအဖြစ်ပြောင်းကာ အဝေးဆီသို့ ပျောက်ကွယ်သွားသည်။ သို့သော်လည်း ခပ်ဝေးဝေးသို့ပင်

မရောက်သေး၊ သူ့ရှေ့မှ
အာကာသပြင်ထဲကနေ
ရောမလက်ဝါးကြီးတစ်ဖက် ရုတ်တရက်
ထွက်ပေါ်လာပြီးနောက်
ယန်ယဲ့အပေါ်တည့်တည့်ရိုက်ချလာသည်
။

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားသည်။ သူက

တုံ့ဆိုင်းမနေဘဲ ဓားကို

ဆွဲထုတ်လိုက်သည်။

ဖောင်း...

စွမ်းအင်လက်ဝါးကြီးက ချက်ချင်းပင်

အပိုင်းပိုင်းကွဲထွက်သွားသည်။

ထိုအချိန်တွင် သူ့ရှေ့မလှမ်းမကမ်း၌

အနက်ရောင်ဝတ်ရုံ အဘိုးအိုတစ်ယောက်

ပေါ်လာသည်။

အဘိုးကြီးမိုလင်း လား။

သို့သော်လည်း ယန်ယဲ့၏မျက်နှာကတော့ ကြိုသိနေသည့်အတိုင်း တည်ငြိမ်သောအမူအရာသာ ရှိနေသည်။ အံ့သြသွားပုံမပေါ်ပေ။

ထိုအချိန်တွင် အဘိုးအိုမိုလင်းက အေးစက်စွာ ရယ်မောလိုက်ပြီး

"ခွေးကောင်လေး၊ မင်းက ကူကလန်

မှာရှိတုန်းက တကယ်မောက်မာနေတာ

မဟုတ်ဘူးလား။ မဟုတ်ဘူးလား၊

လာပါ။ အခုမှဘာလို့ထပ်မလုပ်တာလဲ"

ယန်ယဲ့ က ခေါင်းသာခါယမ်းလိုက်သည်။

သူက စကားများမနေတော့ဘဲ

ညာခြေကိုတစ်ချက်ဆောင့်၍

ရှေ့ခုန်ထွက်လိုက်သည်။

"ပုရွက်ဆိတ်..." အဘိုးအိုမိုလင်း၏

လေသံက လျှောင်ပြောင်မှုအပြည့်ပါ။

တစ်ဆက်တည်း

အနက်ရောင်အလင်းတန်းအဖြစ်

ပြောင်းလဲကာ ချက်ချင်းဆိုသလိုပင်

ပျောက်ကွယ်သွားသည်။

ဘုန်း...

ကျယ်လောင်သော ပေါက်ကွဲသံ

ထွက်ပေါ်လာပြီးနောက်တွင်

နှစ်ယောက်စလုံး

နောက်ပြန်လွင့်လာကြသည်။

သို့သော်လည်း အဘိုးအိုမိုလင်းက မီတာ

၃၀၀ အကွာထိ

တွန်းထုတ်ခံလိုက်ရသည်။ တစ်ဖက်တွင်

ယန်ယဲ့ ကတော့ နောက်သို့ ၁

ကီလိုမီတာနီးပါး ပြန်ဆုတ်သွားရသည်။

"ခွေးကောင်လေး၊ မင်းမှာ
အရည်အချင်းရှိသားပဲ"
အဘိုးအိုမိုလင်းက ယန်ယဲ့
ရပ်နေသောနေရာဆီသို့ ဖြည်းညှင်းစွာ
လျှောက်လာကာ "ဒါပေမဲ့
ငါ့အမြင်ကတော့ မင်းဟာ
ပုရွက်ဆိတ်ပဲရှိသေးတာ" ဟု
ပြောပြီးသည်နှင့်

အနက်ရောင်အလင်းတန်းသဖွယ်ပြောင်း

ကာ ယန်ယွဲ့ဆီသို့ပြေးဝင်လာတော့သည်။

ယန်ယွဲ့ထံမှ ပြန်လာအဆင့် ဓားစိတ်ဆန္ဒ

တဟုန်ထိုးထွက်ပေါ်လာပြီးနောက်

သူ၏ညာခြေကို တစ်ချက်ဆောင့်၍

နေရာမှာပင်ပျောက်သွားတော့သည်။

အုန်း...

နှစ်ယောက်သားက လေထဲမှာပင်

တိုက်ခိုက်လိုက်ကြသည်။ ပတ်ဝန်းကျင်

အာကာသပြင်က ပြင်းထန်စွာ

တုန်လှုပ်သွားခဲ့သည်။ ထို့နောက်

နှစ်ယောက်စလုံး

နောက်ပြန်ဆုတ်လာရသည်။ ယန်ယဲ့

သည် မီတာ ၃၀၀ ကျော်အကွာကို

ဆုတ်လာပြီးနောက်

သူ့ကိုယ်သူရပ်တန့်လိုက်သည်။ထို့နောက်

တွင် သူ၏ခန္ဓာကိုယ်ထဲမှ

ဝိညာဉ်ကိုယ်ပွား ထွက်လာခဲ့သည်။

တစ်ချိန်တည်းမှာပင် သူ့ထံမှ

ကြောက်မက်ဖွယ်ရာ

စွမ်းအင်လှိုင်းကြီးတစ်ခု ရုတ်တရက်

ထွက်ပေါ်လာသည်။ ထိုခဏလေးမှာပဲ

ကြယ်တာရာကောင်းကင်ပြင်ဟာ

သွေးနီရောင်ပြောင်းသွားခဲ့သည် ။

ထာဝရအဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ။

"ခွေးအိုကြီး၊ ငါ မင်းကို

ဓားတစ်ချက်တည်းနဲ့

အသေသတ်ပေးမယ်"

ထိုစကားပြောပြီးသည်နှင့်

ယန်ယဲ့၏ဝိညာဉ်ကိုယ်ပွားက

သွေးနီရောင်အလင်းတန်းသဖွယ်ပြောင်း

ကာ နေရာတွင်ပျောက်သွားခဲ့သည်။

စိတ်ဝိညာဉ်ပြန်လည်မွေးဖွားခြင်း၏ဓား

။

လက်ရှိလှုပ်ရှားမှုဟာ

ယန်ယဲ့အသုံးပြုခဲ့သော

ယခင်အကြိမ်များထက်

အလျင်မြန်ဆုံးတိုက်ခိုက်မှုဖြစ်သည်။

ထို့အပြင် သူက

အလင်းဘွတ်ဖိနပ်များကိုပါ

အသက်သွင်းထားလေရာ အမြန်နှုန်းက

လုံးဝကိုကြောက်စရာပင်။ သူ၏

လက်ရှိအရှိန်က အကန့်အသတ်ထိတိုင်

ရောက်လာခဲ့သည်။

ယန်ယဲ့၏ပုံရိပ်

ပျောက်ကွယ်သွားသည့်အခိုက်

အဘိုးအိုမိုလင်း၏ အမူအရာသည်

သိသိသာသာပြောင်းလဲသွားသည်။

ခဏအကြာတွင် သူ့ထံမှ

မူလနတ်ဘုရားတစ်ပိုင်းအဆင့်၏

အော်ရာ ရှုံးသွပ်စွာ ထွက်ပေါ်လာသည်။

သို့သော် သူ၏အော်ရာ

လွင့်ပျံသွားသည့်တစ်ချိန်တည်းတွင်

သွေးနီရောင်အလင်းတန်းတစ်ခုဟာ

ရောက်ရှိလာခဲ့သည်။

မူလနတ်ဘုရားတစ်ပိုင်းအဆင့်

အော်ရာက

မီးလောင်နေသောတဲအိမ်တစ်လုံးကဲ့သို့ပ

င် ချက်ချင်းဆိုသလို ကွဲထွက်သွားသည်။

ထို့နောက်တွင် နောက်ထပ်

ကြောက်စရာကောင်းသော

ဖိအားလှိုင်းတစ်ခုက

အဘိုးအိုမိုလင်းအပေါ်သို့

ကျရောက်လာသည်။

ပြန်လာအဆင့် ဓားစိတ်ဆန္ဒ ။

ထာဝရအဆင့် သတ်ဖြတ်ခြင်းစိတ်ဆန္ဒ ။

ဆူး....

အဘိုးအိုမိုလင်း၏ ခေါင်းနောက်ဖက်မှ
သွေးနီရောင်အလင်းတန်းများ
ထွက်ပေါ်လာပြီးနောက်
သူ၏ခန္ဓာကိုယ်သည်
တောင့်တင်းလာသည်။

ယန်ယဲ့က ဓားကို
ပြန်ဆွဲထုတ်လိုက်သည်။

ယန်ယဲ့ က အဘိုးအိုမိုလင်းကို

လှည့်ကြည့်လိုက်ရာ သူ့နောက်မှ

“ဘယ်လိုလဲ... မြန်မြန်...”

ယန်ယဲ့ က "မင်းရဲ့ သောက်အဓိပ္ပါယ်မဲ့တဲ့

စကားတွေကို နားထောင်ဖို့ စိတ်မဝင်

စားဘူး"

စကားပြောပြီး သူ့လက်ကို

ဝှေ့ယမ်းလိုက်၏။ ထို့နောက်

သွေးနီရောင်အလင်းတန်းတစ်ခုဟာ

အဘိုးအိုမိုလင်း၏

နဖူးအလယ်ကိုထိုးဖောက်သွားတော့သ

ည်။

ဘုန်း....

အဘိုးအိုမိုလင်း၏

အသက်မဲ့ခန္ဓာကိုယ်ကြီးဟာ

ပြိုလဲကျလာသည်။

ယန်ယဲ့ သည်

အဘိုးအိုမိုလင်း၏အလောင်းကို

ခဏမျှစိုက်ကြည့်လိုက်ပြီး

ခေါင်းယမ်းကာ

“သနားစရာကောင်းလိုက်တာ”ဟုပြောလို

က်ပါသည်။

ပြန်လည်မွေးဖွားခြင်း၏ဓား သို့မဟုတ်

ဓားပြန်လည်မွေးဖွားခြင်း ကြောင့်

အသတ်ခံရသူတိုင်းအား

ဓားအစေခံအဖြစ် သန့်စင်လို့မရပါ။

မဟုတ်လျှင် သူသည်

မူလနတ်ဘုရားတစ်ပိုင်းအဆင့်

ရုပ်သေးတစ်ရုပ်ပိုင်ဆိုင်ပေမည်။

ယန်ယဲ့ သည် ခဏမျှ တိတ်ဆိတ်သွားပြီး ထွက်သွားရန် ပြင်လိုက်တော့သည်။ သို့သော် သူ့ရှေ့မှ အာကာသပြင်က ရုတ်တရက် တုန်ခါသွားသောကြောင့် မျက်လုံးများကျဉ်းမြောင်းလာကာ ဓားကို တင်းတင်းဆုပ်ထားလိုက်သည်။

ထိုအချိန်တွင် ထိုနေရာသည် အက်ကွဲသွားပြီး အက်ကြောင်းထဲမှ

အနက်ရောင် အရိပ်တစ်ခု

ထွက်ပေါ်လာသည်။

အနက်ရောင်အရိပ်ကို မြင်သောအခါ

ယန်ယဲ့၏ မျက်လုံးများသည်

ချက်ချင်းပင် ပြူးကျယ်သွားကာ

"ဘာကြီး..."

###Book.122